# မိတ်ဆက်

DRAFT
August 2012

ဘာသာစကားကို သင်ယူကြပုံ အမျိုးမျိုး ရှိတတ်သည်။ အချို့က စာကိုဖတ်ရှုရမှသာ သင်ယူတတ်မြောက်ကြသည်။ အချို့က နားထောင်ကာ သင်ယူ မှတ်မိကြသည်။ အချို့က သင်ယူရာတွင်မှားမှားမှန်မှန် စမ်းသပ်ပြောဆိုလေ့ကျင့်လိုပြီး အချို့က အထားအသို အသံထွက် စသဖြင့် မှန်ကန်ကြောင်း သေချာမှသာ ဘာသာစကားကို အသုံးပြုလိုသည်။ ထိုသို့ ကွဲပြားမှုများကြောင့် ဆရာ/မ များမှာ နည်းလမ်း အမျိုးမျိုးအဖုံဖုံကို အသုံးပြုလျက်သင်ကြားကြရန်လိုလာပါသ ည်။ ၎င်းမှာ ဤစာအုပ်ကို ရေးသားရခြင်း၏ အဓိက အကြောင်းလည်းဖြစ်ပါသည်။

ဤစာအုပ်တွင် မိမိသင်တန်းသားများ အင်္ဂလိပ်ဘာသာစကားကို ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်စေရေး လေ့ကျင့်ပေးရန် လုပ်ငန်းစဉ်များ၊ ကစားနည်းများ လေ့ကျင့်ခန်းများ ၁၀၀ ကျော်ပါဝင်ပါသည်။

၎င်းတို့ကို အဓိကအားဖြင့် အပိုင်း ၂ ပိုင်း အောက်ပါအတိုင်း ခွဲထားပါသည်။

## ကျွမ်းကျင်မှု လေ့ကျင့်ခန်းများ

သင်တန်းသားများ၏ စာဖတ်ကျွမ်းကျင်မှု၊ နားထောင်စွမ်းရည်၊ စာရေးခြင်းနှင့် စကားပြောကျွမ်းကျင်မှုတို့ကို အထူးသဖြင့် မြှင့်တင်ပေးရန် လေ့ကျင့်ခန်းများဖြစ်သည်။ ကျွမ်းကျင်မှုလေ့ကျင့်ခန်းများ ခေါင်းစဉ်အောက်ရှိ ခေါင်းစဉ်ခွဲများတွင် ၎င်းသင်ခန်းစာများအတွက်  သင်ခန်းစာအကြိုလေ့ကျင့်ခန်းများ (ရေးဖတ်ပြောနားထောင် သင်ခန်းစာများ မတိုင်မီလုပ်ရသော လုပ်ငန်းစဉ်များ) နှင့် သင်ခန်းစာနောက်ပိုင်း လေ့ကျင့်ခန်းများ ပါဝင်ပါသည်။

## ဘာသာစကားလေ့ကျင့်ခန်းများ

ဤလေ့ကျင့်ခန်းများမှာ ဝေါဟာရအချို့ကို သင်ယူရန်လည်းကောင်း၊ သဒ္ဒါပိုင်းတည်ဆောက်ပုံအတွက်သော်လည်းကောင်း၊ အသံထွက်ပုံနည်းစနစ်များကို သင်ကြားရာတွင်လည်းကောင်း အသုံးပြုနိုင်သော နည်းလမ်းများ ဖြစ်သည်။ ဤလေ့ကျင့်ခန်းများကို အကြောင်းအရာမျိုးစုံ၊ တည်ဆောက်ပုံ structure အဖုံဖုံတို့အတွက် ပြောင်းလဲအသုံးချနိုင်ပါသည်။

ဤစာအုပ်တွင်ပါဝင်သော နည်းလမ်းများ၊ လေ့ကျင့်ခန်းများကို ရွေးချယ်တင်ပြရခြင်း အကြောင်းများမှာ–

- လေ့ကျင့်ခန်းများအားလုံးတွင် ရှင်းလင်းတိကျသော ရလဒ်များ ရှိခြင်း
- မြန်မာ ကျောင်းသားများကို သင်ကြားနေသော ဆရာများစွာက အောင်မြင်စွာ အသုံးပြုဖူးခြင်း
- ရှုပ်ထွေးခက်ခဲသော အသုံးပြုပုံ ညွှန်ကြားချက်များ မပါဝင်ခြင်း
- ရှာရခက်သော ပစ္စည်း ပစ္စယ များ အသုံးမပြုခြင်း (ဤလေ့ကျင့်ခန်းများကို လျှပ်စစ်မီး၊ ကွန်ပျူတာ၊ မိတ္တူကူးစက် များမလိုဘဲ သင်ပုန်း၊ ဘောပင်၊ စာရွက်များဖြင့် ကောင်းစွာပြုလုပ်နိုင်သည်။ အချို့သော နားထောင်ခြင်းလေ့ကျင့်ခန်းများတွင် ကက်ဆက် သို့မဟုတ် စီဒီစက်လိုကောင်းလိုနိုင်သော်လည်း အတော်များများကို ဆရာကိုယ်တိုင် နှုတ်နှင့်ဖတ်ပြနိုင်ပါသည်။)

စာအုပ်၏နောက်ဆုံးတွင်လည်း နောက်ဆက်တွဲ တစ်ခုပါပါသည်။ ၎င်းနောက်ဆက်တွဲတွင် ပါဝင်သော အပိုင်းများမှာ

- စာအုပ်မှ လေ့ကျင့်ခန်းများကို မည်သို့ပြုပြင်ပြောင်းလဲ အသုံးပြုနိုင်ပုံ နည်းလမ်းများ
- စာသင်ခန်းသုံး သင်ကြားရေး နည်းလမ်းငယ်များ၊ (ဥပမာ ကျောင်းသားများကို ညွှန်ကြားချက်ပေးခြင်း၊ ရှိပြီး ဗဟုသုတကို တီးခေါက် ထုတ်ဖော်ကြည့်ခြင်း၊ အမှားပြင်ဆင်ပေးပုံများ စသဖြင့်) တို့ ဖြစ်ကြပါသည်။

ဤစာအုပ်မှ အချို့လေ့ကျင့်ခန်း လုပ်ငန်းစဉ်များအတွက် ဆော့ဖ်ဝဲ များ ဖန်တီးထားပါသည်။ ဆော့ဖ်ဝဲ အသုံးပြုနိုင်သော လေ့ကျင့်ခန်းတွင် ဆော့ဖ်ဝဲ သင်္ကေတ  ပါပါသည်။

၎င်း ဆော့ဖ်ဝဲအားလုံးကို စာရေးသူတို့၏ ဝက်ဘ်ဆိုက် တွင်အခမဲ့ ဆွဲယူရရှိနိုင်ပါသည်။

Website - http//educasia.org

# မာတိကာ

## ကျွမ်းကျင်မှု လေ့ကျင့်ခန်းများ

### သင်ခန်းစာအကြိုလေ့ကျင့်ခန်းများ

၁. ခေါင်းစဉ်မိတ်ဆက်ခြင်း

၂. ဝေါဟာရ မိတ်ဆက်သင်ကြားခြင်း

၃. ကြိုတင်မှန်းဆခြင်းများ

### စာဖတ်ကျွမ်းကျင်မှု လေ့ကျင့်ခန်းများ

၄. ဖတ်စာတစ်ခုခင်းကျင်းပေးခြင်း

၅. စာဖတ်သင်ခန်းစာများအတွက် လေ့ကျင့်ခန်းများ

### နားထောင်စွမ်းရည်အတွက် လေ့ကျင့်ခန်းများ

၆. Listening text တစ်ခု ခင်းကျင်းပေးခြင်း

၇. နားထောင်ခြင်း လေ့ကျင့်ခန်း လုပ်ငန်းစဉ်များ

### အရေးကျွမ်းကျင်မှု လေ့ကျင့်ခန်းများ

၈. အရေးလေ့ကျင့်ခန်းများ (ထိန်းကျောင်းကန့်သတ်ပေးထားမှုအဆင့်လိုက် စီစဉ်ထားခြင်း)

### စကားပြောကျွမ်းကျင်မှုလေ့ကျင့်ခန်းများ

၉. စကားပြောလေ့ကျင့်ခန်းများ (ထိန်းကျောင်းကန့်သတ်ပေးထားမှုအဆင့်လိုက် စီစဉ်ထားခြင်း)

### သင်ခန်းစာနောက်ပိုင်းလေ့ကျင့်ခန်းများ

၁၀. သင်ခန်းစာနောက်ပိုင်း လေ့ကျင့်ခန်းများ

## ဘာသာစကားလေ့ကျင့်ခန်းများ

### ဝေါဟာရ သင်ခန်းစာများ

၁၁. ဝေါဟာရ လေ့ကျင့်ခန်းများ

### သဒ္ဒါ (grammar) သင်ခန်းစာများ

၁၂. သဒ္ဒါ (grammar) လေ့ကျင့်ခန်းများ

### အသံထွက် သင်ခန်းစာများ

၁၃. အသံထွက် လေ့ကျင့်ခန်းများ

**နောက်ဆက်တွဲ ၁။ ။ လေ့ကျင့်ခန်းလုပ်ငန်းစဉ်များကို ပြုပြင်ပြောင်းလဲအသုံးချခြင်း**

**နောက်ဆက်တွဲ ၂။ ။ စာသင်ခန်းသုံး သင်ကြားရေး နည်းလမ်းငယ်များ**

# ကျွမ်းကျင်မှု လေ့ကျင့်ခန်းများ

ဤအပိုင်းတွင် ခေါင်းစဉ်ခွဲ ၆ ခု ပါပါသည်။

၁။ သင်ခန်းစာအကြို လေ့ကျင့်ခန်းများ

၂။ စာဖတ်ကျွမ်းကျင်မှု လေ့ကျင့်ခန်းများ

၃။ နားထောင်စွမ်းရည်အတွက် လေ့ကျင့်ခန်းများ

၄။ အရေးကျွမ်းကျင်မှု လေ့ကျင့်ခန်းများ

၅။ စကားပြောကျွမ်းကျင်မှုလေ့ကျင့်ခန်းများ

၆။ သင်ခန်းစာနောက်ပိုင်းလေ့ကျင့်ခန်းများ ဟူ၍ ဖြစ်ပါသည်။

ကျွမ်းကျင်မှု ဦးစားပေးသင်ခန်းစာတစ်ခု၏ ယေဘုယျ ပုံစံတစ်ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ သင်ခန်းစာအကြို လေ့ကျင့်ခန်းအချို့နှင့်အစပြုသည်

၂။ ထို့နောက်သင်ခန်းစာစတင်၍ ကျွမ်းကျင်မှု လေ့ကျင့်ခန်းအချို့ ပြုလုပ်သည်

၃။ သင်ခန်းစာနောက်ပိုင်းလေ့ကျင့်ခန်းများပြုလုပ်သည်။

သင်ခန်းစာပုံစံ ဥပမာနှစ်ခုကို ဤသို့တွေ့နိုင်သည်။

| **သင်ခန်းစာ ၁** | **သင်ခန်းစာ ၂** |
|---|---|
| ရည်ရွယ်ချက်။ ။ငယ်စဉ် ကလေးဘဝ အတွေ့အကြုံများအကြောင်းစာတစ်ပုဒ်ကို ဖတ်ရှုနိုင်ရန်၊ အနှစ်ချုပ်နိုင်ရန် နှင့် ၎င်းအကြောင်းကို ဖတ်ရှုဆွေးနွေးနိုင်ရန်ဖြစ်သည်။<br><br>၁.၁။ စာတွင်ပါဝင်သော ဝေါဟာရများကို မိတ်ဆက်သင်ကြားရန်။<br><br>၁.၂။ ကျောင်းသားများက စာပါ အကြောင်းရာများကို ခန့်မှန်းကြရန်။<br><br>၁.၃။ ကျောင်းသားများက ၎င်းစာကို ဖတ်ကြည့်ရန်။<br><br>၁.၄။ နားလည်သဘောပေါက်မှုစစ်မေးသော မေးခွန်းများ ဖြေဆိုရန်။(comprehension questions)<br><br>၁.၅။ စာပါ အဓိက အချက်များကို အနှစ်ချုပ်၍ ချရေးရန်။<br><br>၁.၆။ ကျောင်းသားများက မိမိတို့တွင်လည်း အလားတူအတွေ့အကြုံရှိမရှိ ဆွေးနွေးကြရန်။ | ရည်ရွယ်ချက်။ ။ စည်းရုံးရေး ဟောပြောချက်ငယ်တစ်ခု ပြောဆိုရန်။<br><br>၂.၁။ ရုပ်မြင်သံကြားတွင် UK မှရွေးကောက်ပွဲဟောပြောချက် တစ်ခုကို ကြည့်ရန်။<br><br>၂.၂။ ကျောင်းသားများကို အဖွဲ့ခွဲ၍ မူဝါဒများ ချမှတ်ခိုင်းရန်။<br><br>၂.၃။ ထို့နောက် ကျောင်းသားတစ်ဦးချင်းက ဟောပြောချက် တစ်ခုစီ ရေးသားပြင်ဆင်ရန်။<br><br>၂.၄။ ရေးပြီးဟောပြောချက်ကို အပြောလေ့ကျင့်ရန်။<br><br>၂.၅။ တစ်လှည့်စီစည်းရုံးပြောဆိုကြရန်။ နားထောင်နေသူများက ပြောဟောသူတစ်ဦးချင်းကိုဘာသာစကားအရလည်းကောင်း၊ အကြောင်းအရာအရလည်းကောင်း၊ ဟန်အရလည်းကောင်း အမှတ်ပေးကြရန်။<br><br>၂.၆။ ကျောင်းသားများကပင် မည်သူ့ကို ရွေးကောက်ကြောင်း ဆုံးဖြတ်၍ အဘယ့်ကြောင့် ၎င်းကို ရွေးချယ်ကြောင်း ဆွေးနွေးပြောဆိုကြရန်။ |

၁.၁၊ ၁.၂၊ ၂.၂၊ ၂.၂၊ တို့သည် သင်ခန်းစာအကြိုလေ့ကျင့်ခန်းများဖြစ်ကြသည်။ ၎င်းလေ့ကျင့်ခန်းများသည် ပင်မသင်ခန်းစာတွင်ပါဝင်သော အကြောင်းအရာ သို့မဟုတ် အဓိက လေ့ကျင့်လိုသော ကျွမ်းကျင်မှုများကို သင်ယူလေ့ကျင့်ရာတွင် လွယ်ကူ၊ အဆင်သင့်ဖြစ်စေရန် ကျောင်းသားကို ကြိုတင်မိတ်ဆက်ပေးသော လေ့ကျင့်ခန်းများဖြစ်ကြသည်။

၁.၃ နှင့် ၁.၄ တို့သည် စာဖတ်ကျွမ်းကျင်မှု လေ့ကျင့်ခန်းများဖြစ်ကြသည်။ ၁.၃ တွင် ကျောင်းသားများအတွက် ဖတ်စရာ စာတစ်ပုဒ်ကို ခင်းကျင်းပြသလိုက်သည်။ ၁.၄ ကမူ ကျောင်းသားများ ၎င်းစာကို နားလည်အောင်ဖတ်ရှုနိုင်ရန် လေ့ကျင့်ပေးသည်။

၂.၃ သည် အရေးကျွမ်းကျင်မှု လေ့ကျင့်ခန်းဖြစ်သည်။

၂.၄ နှင့် ၂.၅ တို့သည် စကားပြောကျွမ်းကျင်မှု လေ့ကျင့်ခန်းများဖြစ်ကြသည်။

၁.၅၊ ၁.၆ နှင့် ၂.၆ တို့သည် သင်ခန်းစာနောက်ပိုင်းလေ့ကျင့်ခန်းများဖြစ်ကြသည်။ အဓိကအကြောင်းအရာ၊ အဓိကလေ့ကျင့်လိုသော ကျွမ်းကျင်မှုသင်ခန်းစာများ အပြီးတွင် ပြုလုပ်သော လေ့ကျင့်ခန်းများဖြစ်ကြသည်။ ၎င်းလေ့ကျင့်ခန်းများသည် သင်ယူပြီးသောသင်ခန်းစာတို့ကို လက်တွေ့နှင့်ချိတ်ဆက်အသုံးချစေရန် အားပေးသည်။

## လုပ်ငန်းစဉ် အညွှန်း

ဤလေ့ကျင့်ခန်းများအားလုံးတွင် လုပ်ငန်းစဉ် အညွှန်းများပါသည်။ ၎င်းတို့ကို လေ့ကျင့်ခန်းတစ်ခုစီဘေးတွင် အကွက် တစ်ကွက်တွင်း တွင်ထည့်သွင်းထားသည်။ ထိုအကွက်တွင်းတွင် လေ့ကျင့်ခန်း၏ အဓိက ရည်ရွယ်ချက်၊ မိမိ သင်တန်းတွင် အသုံးပြု၍ရမရ၊ ထိုလေ့ကျင့်ခန်းပြုလုပ်ရန် လိုအပ်မည့် ပြင်ဆင်မှုများကို ထည့်သွင်းရေးသားထားသည်။

**လေ့ကျင့်ခန်းရည်ရွယ်ချက်။** ။ ဝေါဟာရအသစ် အချို့ကို ကျောင်းသားများ အဓိပ္ပါယ်မှန်ကန်စွာလက်တွေ့သုံးရန်

**သတိပြုရန်။** ။ ကျောင်းသားနှစ်ယောက်တွဲစီဆောင်ရွက်ရန်၊ တစ်တွဲကို ရုပ်ပုံ တစ်ပုံစီလိုအပ်သည်။

**ကြိုတင်ပြင်ဆင်မှု။** ။ သင်ကြားမည့်အကြောင်းအရာနှင့် ပတ်သက်သော ရုပ်ပုံများ ပြင်ဆင်ထားရန် သို့မဟုတ် သင်ပုန်းပေါ်တွင် ရေးဆွဲထားရန်။

လေ့ကျင့်ခန်း၏ အဓိက ရည်ရွယ်ချက်/ အသုံးဝင်ပုံကို ဖော်ပြထားသည်။

လေ့ကျင့်ခန်းပြုလုပ်ရန် လိုအပ်သော အထားအသို အနေအထား ပုံစံ ပြုလုပ်ရမည့် ပုံစံများ။ ဥပမာ – ကျောင်းသားများ ပြေးလွှားလှုပ်ရှားရန် လိုအပ်ခြင်း၊ ပုံများစာများကို မိတ္တူကူးထားရန် လိုအပ်ခြင်း၊ လေ့ကျင့်ခန်းအတွက် လိုအပ်သော ပစ္စည်းပစ္စယများအကြောင်း စသည် တို့ကို ပြောပြထားသည်။

လေ့ကျင့်ခန်းမတိုင်မီတွင် ဆရာ/မ များ ပြုလုပ်ပြင်ဆင်ရန် လိုအပ်သော အရာများကို ပြသည်။

# သင်ခန်းစာအကြို လေ့ကျင့်ခန်းများ

**မရေးမီ မဖတ်မီ နားမထောင်မီ မပြောမ**

## ၁။ ခေါင်းစဉ်မိတ်ဆက် လေ့ကျင့်ခန်းများ

ဤလေ့ကျင့်ခန်းများက ကျောင်းသားများ၏ အတွေးအမြင်များကို တီးခေါက်ကြည့်ခြင်း၊ ကျောင်းသားများတွင် နဂိုရှိနိုင်သည့် ဗဟုသုတများကို ဖော်ထုတ်ခြင်း စသည်တို့ကို ပြုလုပ်ခြင်းဖြင့် သင်ခန်းစာ၏ အဓိက အကြောင်းအရာ (Topic) ကို ကျောင်းသားများ အာရုံစူးစိုက်မိစေသည်။

ဆရာတစ်ဦးအနေနှင့် ကျောင်းသားများတွင် ရှိပြီးသော အခံကို သိရှိရခြင်းသည် အလွန်အသုံးဝင် အကျိုးရှိသည်။ ကျောင်းသားများ၏ အတွေးအမြင်၊ ယူဆထားမှုများနှင့် ၎င်းတို့သိရှိထားသော ဗဟုသုတများကို သိရသောကြောင့် လက်ရှိသင်ခန်းစာကို မည်မျှကြာကြာသင် သင့်သည်၊ မည်သည့်စကား များသုံး၍ ပြောဆိုလေ့ကျင့်သင့်သည်၊ ကျောင်းသားများ သင်ခန်းစာကို မည်မျှစိတ်ဝင်စားသည် စသည်တို့ကို ခန့်မှန်းသိရှိနိုင်သည်။

> ၁.၁
> ***ရည်ရွယ်ချက်။ ။*** *သင်ခန်းစာအကြောင်းအရာနှင့် ပတ်သက်ပြီး ကျောင်းသားများ နဂိုသိရှိထားသော ဗဟုသုတ အမြင်တို့ကို ဖော်ထုတ်ရန်။*
> ***သတိပြုရန်။ ။*** *သင်ပုန်းကိုသုံး၍ တစ်တန်းလုံး ဆွေးနွေးခြင်းပြုလုပ်ရ မည်ဖြစ်သည်။*

### ၁ (၁) အားလုံးဝိုင်းဝန်းစဉ်းစားခြင်း

၁။ ကျောင်းသားများကို ဆွေးနွေးမည့်အဓိကအကြောင်းအရာ (သို့) သင်ခန်းစာခေါင်းစဉ်ကို ပြောပြပါ။

၂။ ၎င်းအကြောင်းအရာ/ ခေါင်းစဉ်နှင့်ပတ်သက်၍ ကျောင်းသားများ နဂိုသိထားသည်များကို မေးပါ။ ကျောင်းသားများပြောသမျှ အမြင်အားလုံး အကြံဉာဏ်အားလုံးကို (မှားနေလျှင်ပင်) သင်ပုန်းပေါ်တွင် ချရေးပါ။

*ဥပမာ –*

- သိသမျှတိရစ္ဆာန်အမည်များ စာရင်းချရေးပါ။
- စိတ်ခံစားမှုပြသော စကားလုံးများ ရေးပါ။
- အာဆီယံအကြောင်း သိသမျှအချက်များချရေး/ ပြောပါ။
- ကမ္ဘာကြီးပူနွေးလာမှုအကြောင်း သိသမျှအချက်များချရေး/ ပြောပါ။
- အခမဲ့ တက္ကသိုလ် ပညာရေး၏ ကောင်းကျိုး ဆိုးပြစ်များ စာရင်းချရေးပါ။

> ၁.၂
> ***ရည်ရွယ်ချက်။ ။*** *သင်ခန်းစာ အကြောင်းအရာနှင့် ပတ်သက်ပြီး ကျောင်းသားများ နဂိုသိရှိထားသော ဗဟုသုတ အမြင်တို့ကို ဖော်ထုတ်ရန်။*
> ***သတိပြုရန်။ ။*** *ကျောင်းသား ၃ ဦးမှ ၈ ဦးအထိ အဖွဲ့များဖွဲ့လျက် လုပ်ဆောင်ရမည်ဖြစ်သည်။*

### ၁ (၂) အဖွဲ့လိုက် အကြံဉာဏ်ထုတ်ပြိုင်ပွဲ


၁။ ကျောင်းသားများကို အဖွဲ့ခွဲပါ။ (၃ယောက်တစ်ဖွဲ့မှ ၈ယောက်တစ်ဖွဲ့အထိခွဲနိုင်သည်။) ထို့နောက် တစ်ဖွဲ့စီတွင်စာရေးသူတစ်ဦးစီထားပါ။ ၎င်းစာရေးသူထံတွင် ဘောပင်နှင့်စာရွက်ပေးထားပါ/ ထို့နောက်အလုပ်လုပ်ချိန် သတ်မှတ်ပေးပါ။ (၂မိနစ်မှ ၅ မိနစ်အထိ သတ်မှတ်ပေးနိုင်သည်။)

၂။ အချိန်စလျှင် အဖွဲ့များက သတ်မှတ်ပေးထားသည့် ခေါင်းစဉ် အတွက် (သို့မဟုတ် သင်ခန်းစာအကြောင်းအရာအတွက်) ရနိုင်သမျှ အချက်အလက်များ/အမည်များ ချရေးရမည်/ သတ်မှတ်ချိန်အတွင်း အများဆုံး ရေးနိုင်သောအဖွဲ့က နိုင်မည်ဟု ပြောပြထားရမည်။ အချိန်ပြည့်လျှင် ရပ်ရမည်။

၃။ အဖွဲ့လိုက်မိမိတို့အဖွဲ့၏စာရင်းကို ရွတ်ပြရမည်။ အများဆုံးရေးထားနိုင်သောအဖွဲ့က နိုင်ကြောင်းပြောမည်။

၄။ ထို့နောက် အဖွဲ့အားလုံး၏ စာရင်းများကို သင်ပုန်းပေါ်တွင် တစ်ပေါင်းတည်း ချရေးနိုင်သည်။ (ဤနည်းဖြင့် တစ်တန်းလုံး၏ အကြံဉာဏ်များစုစည်းပြီးသားဖြစ်မည်။) ၎င်းတို့တွင် အကြောင်းအရာမှားများရှိနေပါကလည်း ထိုအချိန်တွင် ဝိုင်းဝန်း ဖြေရှင်းပေးနိုင်သည်။

Rubbish::
The things we throw away



## ၁ (၃) ခေါင်းစဉ်အကြောင်းဆွေးနွေးခန်း

> ၁.၃
>
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများ၏ နဂိုရှိပြီးသော ဗဟုသုတများ အတွေးအမြင်များကို တီးခေါက်ဖော်ထုတ်ရန်*
>
> ***သတိပြုရန်။*** ။ *အတန်းလိုက်ဆွေးနွေးခြင်း ပြုလုပ်ရန်လိုအပ်သည်။*

ခေါင်းစဉ်တစ်ခုအကြောင်းဆွေးနွေးခြင်းပြုလုပ်ရန် နည်းလမ်းအမျိုးမျိုးရှိနိုင်သည်။


- ကျောင်းသားများ၏ ကိုယ်ပိုင်အတွေ့အကြုံကို မေးရန်။

  *ဥပမာ –*

  Are you afraid of ghosts?
  Have you ever seen a ghost?

- ခေါင်းစဉ်/အဓိကအကြောင်းအရာနှင့်ပတ်သက်သော မိမိ ကိုယ်တွေ့ဖြစ်စေ ဖြစ်ရပ်လေးတစ်ခုကို ပြောပြရန်။
- ခေါင်းစဉ်နှင့်ပတ်သက်သော ထင်မြင်ချက်ဖြစ်စေ ပြောဆိုချက်တစ်ခုဖြစ်စေ စာကြောင်းတစ်ကြောင်းကို ချရေး၍ ၎င်းပြောဆိုချက်အပေါ်မြင်သည့် ကျောင်းသားများ၏အမြင်များကို မေးမြန်းဆွေးနွေးရန်။

အတန်းလူများပါက အဖွဲ့များခွဲပြီး လုပ်ဆောင်ရပါမည်။





## ၁ (၄) ဆက်စပ်မှုပြ စက်ဝိုင်း

> ၁.၄
>
> ***ရည်ရွယ်ချက်။*** ။ *သင်ခန်းစာခေါင်းစဉ်နှင့် ပတ်သက်၍ ကျောင်းသားများ နဂိုသိထားသည့် ဗဟုသုတ ဝေါဟာရ အမြင်များစသည်တို့ကို ဖော်ထုတ်ရန်။*
>
> ***သတိပြုရန်။*** ။*အတန်းလိုက်ဆွေးနွေးခြင်း ပြုလုပ်ရန်လိုအပ်သည်။ သင်ပုန်း အသုံးလိုသည်။*

၁။ ခေါင်းစဉ်နှင့်ပတ်သက်သော အဓိကသော့ချက်စကားလုံးတစ်ခုကို သင်ပုန်းတွင်ရေးပါ။

၂။ ၎င်းစကားလုံးနှင့် ဆက်စပ်သော အခြားစကားလုံးများကို ကျောင်းသားများ ပြောထွက်လာအောင်မေးမြန်းဖော်ထုတ်ပါ။ ထွက်လာသော စကားလုံးများ အတွေးများကို သော့ချက်စကားလုံးဆီသို့ ဆက်သွယ်ရေးသားပါ။



## ၁ (၅) ပုံကိုကြည့်၍မေးခွန်းထုတ်ခြင်း

၁။ တစ်တန်းလုံးကို ခေါင်းစဉ်နှင့် ဆက်စပ်သော ပုံတစ်ပုံပြပါ။


၂။ ၎င်းပုံအကြောင်းကို မေးခွန်းများမေးပါ။ ထို့နောက် သင်တော့မည့် သင်ခန်းစာခေါင်းစဉ်အကြောင်း သို့မဟုတ် ဆွေးနွေးမည့် အဓိကအကြောင်း မေးခွန်းများမေး၍ ကျောင်းသားများကိုခန့်မှန်းဖြေဆိုခိုင်းပါ။

၁.၅

***ရည်ရွယ်ချက်။ ။*** *သင်ခန်းစာခေါင်းစဉ်နှင့် ပတ်သက်၍ ကျောင်းသားများ နဂိုသိထားသည့် ဗဟုသုတ ဝေါဟာရ အမြင်များစသည်တို့ကို ဖော်ထုတ်ရန်။*

***သတိပြုရန်။ ။*** *ကျောင်းသားများအားလုံး မြင်နိုင်သော ပုံတစ်ပုံလိုအပ်သည်။*

***ကြိုတင်ပြင်ဆင်မှု။ ။*** *ခေါင်းစဉ်နှင့် ဆက်စပ်ပတ်သက်သော ပုံတစ်ပုံရှာထားရမည် သို့မဟုတ် သင်ပုန်းပေါ်တွင် ရေးဆွဲထားရမည်။ (ပုံဆွဲရာတွင် လှပသပ်ရပ် အနုပညာမြောက်စရာမလိုပါ)*



## ၁ (၆) မေးခွန်းလဲခြင်း

၁။ စာရွက်အပိုင်းလေးများပေါ်တွင် သင်ခန်းစာနှင့် သို့မဟုတ် ခေါင်းစဉ်နှင့် ပတ်သက်သော မေးခွန်းများရေးထားပါ။ မေးခွန်းတစ်ခုကို ကျောင်းသားတစ်ဦးစီကိုပေးထားပါ။

*ဥပမာ –*

**မိတ်ဆက်ပြောဆိုခြင်း သင်ခန်းစာ**

What’s your name?

Where do you work?

**အတွေ့အကြုံများပြောဆိုခြင်း**

What is the best way to cure malaria?

How can we prevent the spread of malaria?

**ငှက်ဖျားရောဂါအကြောင်းသင်ခန်းစာ**

What is the best way to cure malaria?

How can we prevent the spread of malaria?

၂။ ထို့နောက် ကျောင်းသားများကို အတန်းတွင်း လျှောက်သွားစေ၍ အခြား ကျောင်းသားတစ်ဦးနှင့် မိမိတို့လက်တွင်ရရှိထားကြသော မေးခွန်းများ တစ်လှည့်စီမေးပါစေ။

၃။ မေးပြီး ဖြေပြီးက မိမိတွင်ရှိသော စာရွက်အပိုင်းအချင်းချင်းလဲလှယ်ပါ။

၄။ ထို့နောက်ရရှိလာသော မေးခွန်းအသစ်ကို မေးရန် အခြားကျောင်းသားတစ်ဦးဆီ သွားပြီး မေးခွန်းမေးခြင်း လဲလှယ်ခြင်း ပြုလုပ်ရမည်။

၅။ ၎င်းကို ၅ မိနစ်ခန့် ဆက်လက်ပြုလုပ်နိုင်သည်။


ကျောင်းသားများအတွက်ဖြစ်နိုင်မည်ဆိုက သင်ခန်းစာခေါင်းစဉ်ကို ပြောပြ၍ မိမိတို့ကိုယ်တိုင်မေးခွန်းများရေးစေနိုင်သည်။

၁.၆

***ရည်ရွယ်ချက်။*** ။ *သင်ခန်းစာခေါင်းစဉ်နှင့် ပတ်သက်၍ ကျောင်းသားများ နဂိုသိထားသည့် ဗဟုသုတ ဝေါဟာရ အမြင်များစသည်တို့ကို ဖော်ထုတ်ရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများ အတန်းထဲတွင် ဟိုဟိုဒီဒီလမ်းလျှောက်နိုင်ရန်လိုမည်ဖြစ်သည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *သင်ခန်းစာနှင့်ပတ်သက်သော မေးခွန်းများကို စာရွက်အပိုင်းလေးများပေါ်တွင် ရေးထားရမည်။*



# ၂။ ဝေါဟာရ ကြိုတင်သင်ကြားခြင်း

ဤသင်ခန်းစာများက စာပိုဒ်တစ်ခု ဖတ်ရှုရာတွင်လည်းကောင်း နားထောင်ရာတွင်လည်းကောင်း သဘောပေါက်နားလည်စေရန် စာရေးသားခြင်း စကားပြောဆိုခြင်းလုပ်ငန်းစဉ်တစ်ခု ဆောင်ရွက်ရန်

သင်တန်းသားများ သိထားရန်လိုအပ်သော အဓိက ဝေါဟာရများသင်ကြားရန် ရေးဆွဲထားခြင်းဖြစ်သည်။

အဓိကဝေါဟာရများကို ကြိုတင်သင်ကြားထားသောအားဖြင့် သင်တန်းသားများမှာ မရင်းနှီးသော စကားလုံးများအဓိပ္ပါယ်များကို ရှာဖွေရခြင်းမရှိတော့ဘဲ သင်ခန်းစာ၏ အဓိက လေ့ကျင့်စေလိုသော စကားပြောကျွမ်းကျင်မှု၊ နားထောင်ခြင်း၊ အရေးအဖတ်စသည့် ကျွမ်းကျင်မှုများကို ပိုမိုအာရုံစူးစိုက်နိုင်မည်ဖြစ်သည်။

## ၂ (၁) ဝေါဟာရများ တွဲစပ်ခြင်းလုပ်ငန်းစဉ်

သင်ခန်းစာမှ အဓိကလိုအပ်မည့်စကားလုံးများ နှင့်

၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့်တွဲစပ်ပေးခြင်း

၂။ ကြောင်းတူသံကွဲအဓိပ္ပါယ်တူစကားလုံးများနှင့် တွဲစပ်ပေးခြင်း

၃။ သရုပ်ဖော်ပုံများနှင့်တွဲစပ်ခြင်း

၄။ စာပိုဒ်တခုအတွင်းမှကွက်လပ်များတွင် ဖြည့်စွက်ပေးခြင်းတို့ ပြုလုပ်ပေးရခြင်းဖြစ်သည်။

```
ambitious bossy sociable
1. Someone who enjoys the
   company of other
   people.
2. Someone who often tells
   people what to do.
3. Someone who aims to be
   rich, famous or
   sucessful.
```

၂.၁

***ရည်ရွယ်ချက်။*** ။ *အဓိကဝေါဟာရများကို ထိတွေ့သိရှိသွားစေရန်။*

***သတိပြုရန်။*** ။ *သင်ပုန်းမှ ကူးရေးခြင်းဖြစ်စေ၊ လေ့ကျင့်ခန်းစာရွက်များတွင် ရေးသား၍ဖြစ်စေ ဆောင်ရွက်ရမည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *တွဲစပ်ခြင်းလေ့ကျင့်ခန်းလုပ်ရန် စကားလုံးများ ပြင်ဆင်ထားပေးရန်လိုအပ်သည်။*

## ၂ (၂) Elicit သိပြီးဝေါဟာရကို ဖော်ထုတ်ပေးခြင်း

ဤလုပ်ငန်းစဉ်ကို ပြုလုပ်ရန် နည်းလမ်းအတန်ငယ် ရှိနိုင်သည်။

နည်းလမ်း ၁။ သင်ကြားလိုသော ဝေါဟာရများကို အမူအရာများဖြင့် သရုပ်ဖော်ပြီး သင်တန်းသားများကို ဝေါဟာရများကို ပြောပြစေခြင်း

(Swimming) လက်ဖြင့် ရေကူးဟန်လုပ်ပြပြီး ဒါဘာလုပ်တဲ့ပုံလဲ ဟု မေးခြင်း

(A key) တံခါးဖွင့်သည့်ဟန်လုပ်ပြပြီး သော့နေရာသို့ လက်ဖြင့် ညွှန်ပြကာ ဒါဘာလဲဟု မေးခြင်း

(Disgusting) အနံ့ဆိုးရသည့်ဟန် မျက်နှာအမူအရာ လုပ်ပြကာ စကားလုံးကို မေးခြင်း

နည်းလမ်း ၂။ ရုပ်ပုံပြသခြင်း သို့မဟုတ် ဆွဲသားပြခြင်း

(Global warming) မီးလျှံများပုံဆွဲပြီး ကမ္ဘာပုံကို မီးလျှံများအလယ်တွင် ဆွဲသားပြခြင်း

(Love) အသည်းနှလုံးပုံ ဆွဲသားပြခြင်း

(often) မျဉ်းတစ်ကြောင်းဆွဲသားပါ။ မျဉ်းအဆုံးတဖက်တွင် never ဟု ရေးသားပြီး အခြားတဖက်တွင် always ဟု ရေးသားပါ။ မျဉ်းတလျှောက်တွင် usually, hardly ever စသဖြင့် အမှတ်အသားများပြုလုပ်ပါ။

နည်းလမ်း ၃။ဇင်းစ ကားလုံးကို သရုပ်ဖော် ပြောပြပါ။

နည်းလမ်း ၄။ အဓိပ္ပါယ်ကို မြန်မာဘာသာနှင့် ပြောပြပြီး စကားလုံးကို မှန်းခိုင်းပါ။


အထက်ပါနည်းလမ်းများကို ဆောင်ရွက်ရာတွင် သင်တန်းသားများကို အဖြေစဉ်းစားရန် အချိန်ပေးပါ။ နောက်ဆုံးမသိမှသာ ပြောပြပြီး သင်ပုန်းပေါ်တွင်ပါ ရေးပြပါ။

၂.၂

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများ ပြန်လည်သတိရခြင်း နှင့် အဓိကဝေါဟာရများ ရဲ့ အဓိပ္ပာယ်ကို ဖလှယ်ရန်*

***သတိပြုရန်။*** ။ *တစ်ခန်းလုံး ဆွေးနွေးရန်*

***ကြိုတင်ပြင်ဆင်မှု။*** ။ *လိုအပ်လျှင် ရုပ်ပုံများ ရှာဖွေခြင်း (သို) ရေးဆွဲရန်*



၂.၃

**ရည်ရွယ်ချက်။ ။** *အဓိကဝေါဟာရများကိုကျောင်းသားများ နားလည်မလည် သေချာသိနိုင်ရန်*

**သတိပြုရန်။ ။** *သင်ပုန်းကိုသုံးပြီး ဆရာနှင့် ကျောင်းသား အားလုံး ဆွေးနွေးခြင်းပြုလုပ်ရမည်။*

## ၃။ ခန့်မှန်း မှန်းဆခြင်း

ဤလုပ်ငန်းစဉ်များကြောင့် သင်ယူနေသောသင်ခန်းစာအပေါ် လုပ်ဆောင်နေရသော လေကျင့်ခန်းအပေါ် ပိုမို စိတ်ဝင်တစားရှိစေသည်။ သင်ခန်းစာတစ်ခုတွင်ပါဝင်သော အကြောင်းအရာသို့မဟုတ် ဘာသာစကား ဆိုင်ရာ တို့ကို ခန့်မှန်းစေခြင်းဖြစ်သည်။ သို့တည်းမဟုတ် ဘာသာစကား ထုတ်သုံးရာ၌ ပါဝင်သော အကြောင်းအရာ တို့ကို ခန့်မှန်းစေခြင်းဖြစ်သည်။ စာဖတ်သင်ခန်းစာများ နားထောင်သင်ခန်းစာများ မစခင် အသုံးများသော လုပ်ငန်းစဉ်များဖြစ်သည်။

## ၃ (၁) ခေါင်းစဉ်ကို ကြည့်၍မှန်းဆခြင်း

၁။ ဖတ်စာပိုဒ်၏ သို့မဟုတ် နားထောင်ရမည့် စာသား၏ ခေါင်းစဉ်ကို သင်ပုန်းပေါ်တွင်ရေးသားပါ။

၂။ ခေါင်းစဉ်ကိုကြည့်၍ ၎င်းစာပိုဒ်ထဲတွင် ဘာပါမည် ကို ကျောင်းသားများကို ခန့်မှန်းခိုင်းပါ။ အားလုံး၏ ခန့်မှန်းချက်များကို သင်ပုန်းပေါ်တွင်ချရေးပါ။

စာပိုဒ်ကို ဖတ်အပြီး သို့မဟုတ် နားထောင်အပြီးတွင် မည်သည့် ခန့်မှန်းချက်များက မှန်ကန်သည်ကို တိုက်ဆိုင်စစ်ဆေးခြင်း ပြုလုပ်နိုင်သည်။

၃.၂

**ရည်ရွယ်ချက်။ ။** *စာပိုဒ်တစ်ပိုဒ်၏ အဓိကဝေါဟာရများကိုကြည့်ပြီး ၎င်း စာပိုဒ်အတွင်းမှ ပါဝင်သည့်စာများကို ကျောင်းသားများက ခန့်မှန်းစေရန်။*

**သတိပြုရန်။ ။** *သင်ပုန်းကိုသုံးပြီး တတန်းလုံးဆွေးနွေးခြင်းပြုရမည်။*

## ၂. (၃) မေးခွန်းများနှင့် နားလည်မှုကို စစ်ဆေးခြင်း

၁။ အဓိက စကားလုံးကို သင်ပုန်းပေါ်တွင် ရေးပါ။

၂။ အခြေခံ မေးခွန်းလေးများ မေးမြန်းနိုင်သည်။

***ဥပမာ –***

Gigantic ဟာ B ငါထက်ကြီးတာလား ငယ်လားပြောပါဦး (ကျောင်းသားများနားလည်ပါက ပိုကြီးကြောင်းဖြေလိမ့်မည်။ )

Key ဒါက သစ်သားနဲ့လုပ်ထားလား (ကျောင်းသားများက မဟုတ်ပါဟု ဖြေမည်) ဘယ်မှာသုံးတာလဲ (တံခါးသော့မှာပါဟု ကျောင်းသားများက ဖြေလိမ့်မည်)

Cassette ခွေမှာ speaker ပါလား (မပါဟုဖြေမည်) အထဲမှာ အသံသွင်းထားလို့ရလား (ရတယ်ဟုဖြေမည်)

၃.၁

**ရည်ရွယ်ချက်။ ။** *စာပိုဒ်တစ်ပိုဒ်၏ခေါင်းစဉ်ကိုကြည့်ပြီး ၎င်း စာပိုဒ်အတွင်းမှ ပါဝင်သည့်စာများကို ကျောင်းသားများက ခန့်မှန်းစေရန်။*


**သတိပြုရန်။ ။** *သင်ပုန်းအသုံးပြုပြီး တစ်တန်းလုံးဆွေးနွေးခြင်းပြုရမည်။*

## ၃ (၂) အဓိက ဝေါဟာရများကို ကြည့်၍ မှန်းဆခြင်း

၁။ ဖတ်စာပိုဒ် သို့မဟုတ် နားထောင်ရန် စာပိုဒ်တွင် ပါသော အဓိက စကားလုံးများကို သင်ပုန်းပေါ်တွင်ချရေးပါ။

၂။ ကျောင်းသားများက စကားလုံးများကိုကြည့်၍ ၎င်းစာပိုဒ်ထဲတွင် ဘာပါမည် ကို ခန့်မှန်းကြပါစေ။ အားလုံး၏ ခန့်မှန်းချက်များကို သင်ပုန်းပေါ်တွင်ချရေးပါ။

စာပိုဒ်ကို ဖတ်အပြီး သို့မဟုတ် နားထောင်အပြီးတွင် မည်သည့် ခန့်မှန်းချက်များက မှန်ကန်သည်ကို တိုက်ဆိုင်စစ်ဆေးခြင်း ပြုလုပ်နိုင်သည်။




rural drought debt difficulties

- farmers are having problems
- harvest fails and crops are bad
- many farmers have to borrow money because they can't grow enough

## ၃. (၃) ရုပ်ပုံများကို ကြည့်၍ ခန့်မှန်းခြင်း

၁။ သင်ခန်းစာတွင် ပါဝင်သော သို့မဟုတ် သင်ခန်းစာထဲမှ အကြောင်းအရာနှင့် ပတ်သက်သော ရုပ်ပုံများကို ပြသပါ။ (အချို့သော စာပိုဒ်များတွင် မိတ္တူကူး၍ ဝေပေးနိုင်သော ပုံများပါတတ်သည်။)

၂။ ၎င်းပုံများကို ကြည့်၍သင်ခန်းစာသည် မည်သည့် အကြောင်းအရာဖြစ်မည်ကို ခန့်မှန်းခိုင်းပါ။ ခန့်မှန်းချက်များကို သင်ပုန်းပေါ်တွင်ရေးသားထားပါ။

စာပိုဒ်ကို ဖတ်အပြီး သို့မဟုတ် နားထောင်အပြီးတွင် မည်သည့် ခန့်မှန်းချက်များက မှန်ကန်သည်ကို တိုက်ဆိုင်စစ်ဆေးခြင်း ပြုလုပ်နိုင်သည်။

၃.၃

***ရည်ရွယ်ချက်။*** ။ *စာပိုဒ်အတွင်းတွင်မည်သည့်အကြောင်းအရာ ပါမည်ကို ရုပ်ပုံများကြည့်ပြီး ကျောင်းသားများက ခန့်မှန်းရန်ဖြစ်သည်။*

***သတိပြုရန်။*** ။ *သင်ပုန်းကို အသုံးပြုပြီး တစ်တန်းလုံးဆွေးနွေး ခြင်းပြုရမည်။*

**ကြိုတင်ပြင်ဆင်မှု။** ။ စာပိုဒ်နှင့် သက်ဆိုင်မှု ရှိသော ရုပ်ပုံများကို စုဆောင်းထားရမည်။

## ၃ (၄) သင်ဘာသိထားပါသလဲ

၁။ သင်ပုန်းပေါ်တွင် ဇယားတစ်ခုဆွဲပါ သို့မဟုတ် ကျောင်းသားများ၏ စာအုပ်တွင် ဆွဲပါစေ။ ဇယားတွင် ခေါင်းလိုက်ကွက် သုံးကွက်ပါသည်။

၂။ ကျောင်းသားများက ထိုဇယားကို ဖြည့်ရေးကြရမည်။

၃.၄

***ရည်ရွယ်ချက်။*** ။ *သင်ခန်းစာအကြောင်းကို ကျောင်းသားများ မည်မျှသိရှိပြီးသည်နှင့် မည်သည့်ကို ထပ်မံစိတ်ဝင်စားကြကြောင်း ဖော်ထုတ်ရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများကို တစ်ဦးချင်း၊ သို့မဟုတ် နှစ်ဦးတွဲစီ သို့မဟုတ် အဖွဲ့လိုက်သို့မဟုတ် တတန်းလုံးအနေနှင့် လုပ်ဆောင်ခိုင်းနိုင်သည်။*


| Nelson Mandela | | |
|---|---|---|
| **Things I know** | **Things I think I know** | **Things I want to know** |
| first black president of South Africa was in prison a long time | married twice?<br>about 90 years old? | Did he support the war in Iraq?<br>How long was he in prison? |

ဖတ်စာကို ဖတ်အပြီး သို့မဟုတ် နားထောင်အပြီးတွင် ၎င်းတို့သိထားသည်များမှန်မှန် နှင့် သိလိုသည်များ သိလိုက်ရခြင်းရှိမရှိကို စစ်ဆေးခြင်းပြုလုပ်ပါ။

# စာဖတ်ခြင်းလုပ်ငန်းစဉ်များ

## ဖတ်စာတစ်ခု ခင်းကျင်းတင်ပြခြင်းများ     စာဖတ်ကျွမ်းကျင်မှု အတွက် လေ့ကျင့်ခန်းများ

ရှေ့ဆက်မည့်အပိုင်းများတွင် ဘာသာစကားတစ်ခုကို နာယူသိရှိနိုင်ခြင်း ကျွမ်းကျင်မှုများနှင့် ကိုယ်တိုင်အသုံးပြု ထုတ်သုံးနိုင်ခြင်းကျွမ်းကျင်မှုများကို (Receptive and Productive Skills) လေ့ကျင့်တည်ဆောက်မည့် လုပ်ငန်းစဉ်များပါဝင်မည်။ ပထမဆုံး အပိုင်းအနေနှင့် စာဖတ်ခြင်း လုပ်ငန်းစဉ်များကို စတင် တင်ပြထားပါသည်။




ဘာသာစကားသင်တန်းတစ်တန်းတွင် စာဖတ်ခြင်းလုပ်ငန်းစဉ် နှစ်မျိုး ရှိနိုင်ပါသည်။ ပထမ တစ်မျိုးမှာ ဘာသာစကားသင်ယူလေ့လာမှုအတွက် ဖြစ်ပါသည်။ ဤအမျိုးအစားအတွက်သင့်လျော်သော စာပိုဒ်များမှာ သင်ကြားရန် ရည်ရွယ်သည့် တည်ဆောက်ပုံ သို့မဟုတ် ဝေါဟာရများကိုသာ အသုံးပြုပြထားသော စာပိုဒ်များဖြစ်ကြသည်။ ဤသင်ခန်းစာများကို ဘာသာစကားလေ့ကျင့်ခန်းများ ခေါင်းစဉ်အောက်တွင်တွေ့နိုင်ပါသည်။

ဤအပိုင်းတွင်မူ ကျန်တစ်မျိုးကို တင်ပြထားပါသည်။ ၎င်းမှာ ကျွမ်းကျင်မှု တည်ဆောက်ခြင်းအတွက် စာဖတ်လေ့ကျင့်ခန်းများဖြစ်ကြသည်။ အဓိကရည်ရွယ်ချက်များမှာ အောက်ပါတို့အတိုင်းဖြစ်နိုင်သည်။

- စာဖတ်နည်းနိဿယတစ်ခုကို လေ့ကျင့်ကောင်းမွန်စေရန် (ဥပမာ မှတ်စုထုတ်ရန်မည်သို့စာဖတ်ရမည်၊ မိမိလိုအပ်သော အရာကို သိရရန် မည်သို့ရှာဖွေဖတ်ရမည်စသည့်…)
- ပါဝင်သည့် ဗဟုသုတ အကြောင်းအရာကို သဘောပေါက်မှတ်မိနားလည်စေရန် ဖတ်ရှုခြင်း (ဆေးပညာအင်္ဂလိပ်စာ၊ ဧည့်လမ်းညွှန်များအတွက် အင်္ဂလိပ်စာ၊ ပညာရပ်ဆိုင်ရာ အင်္ဂလိပ်စာ စသည့် သင်တန်းများမှ ဖတ်စာများကို သင်ရာတွင် အသုံးများသည့် လေ့ကျင့်ခန်းများဖြစ်သည်။ သို့မဟုတ် လူမှုသိပ္ပံဘာသာရပ်များ ကျန်းမာရေး စသည့် ဘာသာရပ်များကို အင်္ဂလိပ်လို သင်ကြားရာမျိုးတွင်လည်း ဤလုပ်ငန်းစဉ် လေ့ကျင့်ခန်းမျိုးလိုအပ်မည်ဖြစ်သည်။)

ဤအပိုင်းကို အပိုင်းငယ် နှစ်ပိုင်းပြန်ခွဲထားသည်။

၁။ ဖတ်စာတစ်ခုကို စတင်ခင်းကျင်းတင်ပြခြင်း (Presenting a Reading Text )။ ဤအပိုင်းက ဖတ်စာတစ်ခုကို ကျောင်းသားများ ပထမဆုံးဖတ်ရှုခြင်းကို မည်သို့ချဉ်းကပ်ကိုင်တွယ်ရမည်ကို လေ့ကျင့်ခြင်းဖြစ်ပြီး

၂။ စာဖတ်လေ့ကျင့်ခြင်းလေ့ကျင့်ခန်းများ (Reading Practice Activities)။ ဤအပိုင်းတွင်မူ ဖတ်စာတစ်ခုတွင်ပါဝင်သော အကြောင်းအရာများ၊ ဘာသာစကားဆိုင်ရာများကို နားလည်စေရန် လုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများ အစဉ်လိုက် ပါဝင်ပါသည်။

မည်သည့်စာမျိုးကို စာဖတ်လေ့ကျင့်ရန်ရွေးချယ်ခြင်းမှာလည်း အရေးကြီးသည်။ စာပိုဒ်တစ်ခုလုံး ကျောင်းသားမသိလောက်သော ဝေါဟာရ ၁၀ % ထက်ပို၍ ပါရှိနေလျှင် ကျောင်းသားအဖို့ အကြောင်းအရာကိုလည်း အာရုံမရောက်နိုင်၊ စာဖတ်ကျွမ်းကျင်မှုကို လေ့ကျင့်ရန်လည်းခက်ခဲ ဖြစ်နိုင်သည်။ အင်္ဂလိပ်စကားပြောနိုင်ငံများ၌ ပုံမှန်သုံးသော စာများ၊စကားများ မှာ များသောအားဖြင့် ဥာဏ်အနမာနိုင်အေန အဆင့် အောက်ကျောင်းသားများအဖို့ ခက်ခဲလွန်းမည်ဖြစ်သည် (ဥပမာ၊ မဂ္ဂဇင်း ဆောင်းပါးများ၊ ရုပ်ရှင်များ စသည်)။

# ၄။ ဖတ်စာတစ်ခုကို စတင်ခင်းကျင်းတင်ပြခြင်း

အရိုးရှင်းအလွယ်ကူဆုံး အသုံးအများဆုံး နည်းလမ်းမှာ သင်တန်းသားများကို ၎င်းစာပိုဒ်ကို ပြ၍ဖတ်စေခြင်းဖြစ်သည်။ ဥပမာ – မိတ္တူကူး၍ ကျောင်းသားများအားပေးခြင်း၊ ဖတ်စာအုပ်ကို ဖွင့်ဖတ်ခိုင်းခြင်း၊ သို့မဟုတ် သင်ပုန်းပေါ်တွင် ရေးပြပြီးဖတ်စေခြင်းတို့ဖြစ်သည်။ ထိုသို့လုပ်၍တော့ရပါသည်။ သို့သော် စာကိုသည်အတိုင်း ဖတ်သည်ထက်စာလျှင် ဆောင်ရွက်ဖွယ်တစ်ခုခု ပေးထားလျှင်ပိုကောင်းမည်ဖြစ်သည်။

## ၄ (၁) လိုရင်းရှာသော မေးခွန်းများ

၁။ ဖတ်စာပိုဒ်ကို ဖတ်၍ ဖြေနိုင်သောမေးခွန်း ၁ခု ၂ခု သို့မဟုတ် ၃ ခုကို ရေးသားပြင်ဆင်ပါ။ မေးခွန်းများမှာ ယေဘုယျကျသော မေးခွန်းများဖြစ်သင့်သည်။ စာပိုဒ်၏ အဓိက ဆိုလိုရင်းကို ခြုံငုံ၍ ဖြေနိုင်သော မေးခွန်းများဖြစ်သင့်သည်။

၂။ ကျောင်းသားများကို ၎င်းမေးခွန်းများဖြေခိုင်းပါ။

> ၄.၁
>
> ***ရည်ရွယ်ချက်။*** *။ စာပိုဒ်၏ အဓိက ဆိုလိုရင်းကို ကျောင်းသားများက ဖတ်ရှုရှာဖွေစေရန်။*
>
> ***သတိပြုရန်။*** *။ သင်ပုန်းပေါ်မှ မေးခွန်းများကို ဖြေဆိုရမည်ဖြစ်သည်။ တစ်ဦးစီ၊ နှစ်ဦးတွဲလိုက်၊ အဖွဲ့လိုက် စသည်ဖြင့် လုပ်ဆောင်ခိုင်းနိုင်သည်။*
>
> **ကြိုတင်ပြင်ဆင်မှု။** ။ မေးခွန်းများရေးသားပြင်ဆင်ထားရမည်။

> ၄.၂
>
> ***ရည်ရွယ်ချက်။*** *။ လိုရင်းအချက်များကို ဖတ်ရှုရှာဖွေပြီး ၎င်းတို့ကို ကြောင်းကျိုးဆက် အလိုက် စီစဉ်စေရန်။*
>
> ***သတိပြုရန်။*** *။ ကျောင်းသား တစ်ဦးစီ၊ နှစ်ဦးတွဲလိုက်၊ အဖွဲ့လိုက် စသည်ဖြင့် လုပ်ဆောင်ခိုင်းရမည်ဖြစ်သည်။*
>
> ***ကြိုတင်ပြင်ဆင်မှု။*** *။ စီစဉ်ခိုင်းရမည့်စာသားကို တစ်ဦးချင်း သို့မဟုတ်၊ တစ်တွဲချင်း သို့မဟုတ် တစ်ဖွဲ့ချင်းကိုအတွက် လုံလောက်စွာ မိတ္တူကူးပြီး ဖြတ်ညှပ် ပြင်ဆင်ထားရမည်။*

## ၄ (၂) စာပိုဒ်ကို အစီအစဉ်လိုက်စီပါ

၁။ သင်ကြားရန် စာပိုဒ်တစ်ခုကို ကျောင်းသားအရေအတွက်အလိုက်မိတ္တူဆွဲပါ။ ထိုစာကို စာစုများအလိုက်၊ ဝါကျ အလိုက်၊ အပိုင်းလိုက်ဖြတ်ပြီး မွှေပါ။

၂။ ကျောင်းသားများက ထိုစာအပိုင်းများကို စာပိုဒ် အတိုင်းပြန်ဖြစ်ရန် စီပါ။

| |
|---|
| 'Yes please.' Carl took the newspaper and looked at his tickect. 'I'm in seat 5F. Where's that?' |

| |
|---|
| The flight attendant smiled. 'Welcome aboard, sir. Would you like s newspaper?' |

| |
|---|
| 'It's at the front of the plane, sir. On the left there, by the window.' |

| |
|---|
| 'I see. Thank you very much.' Carl smiled back at flight attendant. |

## ၄ (၃) ဆိုလိုရင်းကို ရှာခြင်း

၁။ စာပိုဒ်၏ ဆိုလိုရင်းဖော်ပြချက် သို့ ခေါင်းစဉ်အမှန်ကို အခြား ဆိုလိုရင်းအမှား ၂ခု သို့မဟုတ် ၃ ခု ခန့်ကို တွဲပြထားပါ။ (multiple choice၊ အဖြေမှန်ရွေးပါ ပုံစံဖြင့်)

၂။ သင်တန်းသားများက စာကို ဖတ်ပြီး အဖြေမှန်ကိုရွေးချယ်ရန်ဖြစ်သည်။

> ၄.၃
>
> ***ရည်ရွယ်ချက်။*** *။ လိုရင်းအချက်များကို ဖတ်ရှုရှာဖွေပြီး ၎င်းတို့ကို ကြောင်းကျိုးဆက် အလိုက် စီစဉ်စေရန်။*
>
> ***သတိပြုရန်။*** *။ ကျောင်းသား တစ်ဦးစီ၊ နှစ်ဦးတွဲလိုက်၊ အဖွဲ့လိုက် စသည်ဖြင့် လုပ်ဆောင်ခိုင်းရမည်ဖြစ်သည်။*
>
> ***ကြိုတင်ပြင်ဆင်မှု။*** *။ စီစဉ်ခိုင်းရမည့်စာသားကို တစ်ဦးချင်း သို့မဟုတ်၊ တစ်တွဲချင်း သို့မဟုတ် တစ်ဖွဲ့ချင်းကိုအတွက် လုံလောက်စွာ မိတ္တူကူးပြီး ဖြတ်ညှပ် ပြင်ဆင်ထားရမည်။*

## ၄ (၄) အကျဉ်းချုပ်များ တွဲစပ်ခြင်း

၁။ စာပိုဒ် တစ်ပိုဒ်ချင်းစီ၏ အနှစ်ချုပ်ကို တိုတိုရေး၍ သင်ပုန်းပေါ်တွင် ကျပန်းစဉ်ထားပါ။

၂။ သင်တန်းသားများကို အချိန်သတ်မှတ်ချက်တစ်ခုပေးပြီး စာတစ်ပုဒ်လုံးကို ဖတ်ခိုင်းပါ။ ထို့နောက်သင်တန်းသားများက စာတစ်ပိုဒ်စီ၏ သင့်တော်သော အနှစ်ချုပ်များကို ရှာပေးရမည်။

၄.၄

***ရည်ရွယ်ချက်။*** *။ လိုရင်းအချက်များကို ဖတ်ရှုရှာဖွေပြီး စာပိုဒ်၏ အဓိက ဆိုလိုရင်းအချက်အလက်ကို ဖော်ထုတ်ရန်။*

***သတိပြုရန်။*** *။ သင်ပုန်းပေါ်တွင် ပေးထားသည်များကို ကျောင်းသား တစ်ဦးစီ၊ နှစ်ဦးတွဲလိုက်၊ အဖွဲ့လိုက် စသည်ဖြင့် ဖတ်ရှုလုပ်ဆောင်ခိုင်းရမည်ဖြစ်သည်။*

***ကြိုတင်ပြင်ဆင်မှု။*** *။ စာပိုဒ် အကျဉ်းချုပ်များ ကြိုရေးထားရန် လိုအပ်ပါသည်။*

## ၄ (၅) ပုံနှင့်စာပိုဒ်များတွဲစပ်ခြင်း

၁။ စာပိုဒ်နှင့်သက်ဆိုင်သော ရုပ်ပုံများ ရေးဆွဲပါ။ သို့မဟုတ် အခြားနေရာမှ စုဆောင်းယူပါ။ ၎င်းပုံများကို ကျောင်းသားများအားပေးပါ သို့မဟုတ် အုပ်စုခွဲပြီး တစ်စုစီကို တစ်စုံ ဝေပေးပါ။

*ဥပမာ –*

- ဇာတ်လမ်းတစ်ခုလုံးမှ ကောက်နုတ်ထားသော ကာတွန်းအပိုင်းငယ်
- စာပိုဒ် တစ်ပိုဒ်စီနှင့်သက်ဆိုင်သော ရုပ်ပုံများ
- ဇာတ်လမ်း အစပိုင်းပုံ၊ ဇာတ်လမ်းအလယ်ပုံ နှင့် အဆုံးသတ်ပုံများ စသည်တို့ဖြစ်နိုင်သည်။

၂။ အချိန်သတ်မှတ်ပေးပြီး သင်တန်းသားများက ပုံများကို စာပါ အစီအစဉ်အတိုင်း ရှေ့နောက်စီစဉ်စေရမည်။

ထို့နောက်ကျောင်းသားများက ပုံများကိုသာ သုံးပြီး ဇာတ်လမ်းကို ပြန်ပြောခြင်းလည်းပြုလုပ်နိုင်သည်။

၄.၅

***ရည်ရွယ်ချက်။*** *။ လိုရင်းအချက်များကို ဖတ်ရှုရှာဖွေပြီး စာပိုဒ်၏ အဓိက အကြောင်းအရာများကို ဖော်ထုတ်ရန်။*

***သတိပြုရန်။*** *။ ကျောင်းသားများအားလုံးက ပုံအားလုံးကို ညီတူမျှတူ မြင်နိုင်ရန်လိုသည်။*

***ကြိုတင်ပြင်ဆင်မှု။*** *။ စာပိုဒ်နှင့် ပတ်သက်သော ရုပ်ပုံများကို ကြိုတင်စုဆောင်းထားရန် သို့မဟုတ် ဆွဲသားထားရမည်။*

Last night I was walking past the shop when I saw a large dog. The dog barked loudly at me, so I started walking quickly. It started running after me so I started to run. Luckily, it was chasing a cat in front of me.



# ၄ (၆) ခေါင်းစဉ်ရွေးပါ

၁။ သင်တန်းသားများက ဖတ်စာတစ်ခုကို ဆိုလိုရင်းကို အကြမ်းဖျင်းသိရုံ (skim read) ခြုံဖတ်ပါ။ ထို့နောက် သင့်တော်မည့် ခေါင်းစဉ်များပေးခိုင်းပါ။ ဖြေဆို အကြံပေး လာသမျှခေါင်းစဉ်များကို သင်ပုန်းပေါ်တွင်ရေးပါ။

၂။ စာပိုဒ်၏ နဂိုခေါင်းစဉ်ကို ပြောပြပါ။ မည့်သည့် အကြံပေးချက်က အနီးစပ်ဆုံးဖြစ်ပါသလဲ။

ဤလုပ်ငန်းစဉ်ကို ကျောင်းသားများကို နှစ်ယောက်တွဲဖြစ်စေ အုပ်စုလိုက်ဖြစ်စေ တွဲခိုင်းပြီးလုပ်နိုင်သည်။ ပိရမစ် လုပ်ငန်းစဉ်ဟု ခေါ်သောပုံစံနှင့်လုပ်နိုင်သည်။

**ပိရမစ်လုပ်ငန်းစဉ် (**Pyramid Activity)

၁။ ကျောင်းသားတစ်ဦးစီက စာပိုဒ်ကို မိမိဘာသာ skim read ဖတ်ပြီးခေါင်းစဉ်ကို စဉ်းစားထားပါ။

၂။ ထို့နောက် အခြားတစ်ဦးနှင့်တွဲ၍ နှစ်ဦးသဘောတူသည့် ခေါင်းစဉ်ရွေးပါ။

၃။ ထို့နောက် အခြားအတွဲနှင့် ထပ်ပေါင်းပါ။ လေးယောက်တစ်ဖွဲ့ဖြစ်သွားသည့်အခါ ထပ်မံဆွေးနွေးပြီး အားလုံးသဘောတူ ခေါင်းစဉ်တစ်ခုရွေးပါ။

၄။ ထိုလေးယောက်အဖွဲ့နှစ်ဖွဲ့ထပ်ပေါင်းပြီး ရှစ်ယောက်အဖွဲ့တွင်း ခေါင်းစဉ် ရွေးလိုက်ပါ။

၅။ ထို့နောက် အတန်း တစ်တန်းလုံးအနေနှင့် ခေါင်းစဉ်တစ်ခု ရွေးချယ်ပါ။

၄.၆

***ရည်ရွယ်ချက်။ ။*** *လိုရင်းအချက်များကို ဖတ်ရှုရှာဖွေပြီး စာပိုဒ်၏ အဓိက ဆိုလိုချက်ကို မိမိကိုယ်ပိုင်စကားလုံးဖြင့် ပြောစေရန်။*

***သတိပြုရန်။ ။*** *ကျောင်းသားများက လေ့ကျင့်ခန်းစာရွက်များ သို့မဟုတ် သင်ပုန်းပေါ်မှ ဖတ်ရှုဆောင်ရွက်ရမည်ဖြစ်သည်။*

**ကြိုတင်ပြင်ဆင်မှု။ ။** စာပိုဒ်၏ခေါင်းစဉ်ကို ဖျောက်ပြီး မိတ္တူကူး သို့မဟုတ် သင်ပုန်းပေါ်တွင်ကြိုရေးထားရမည်။

***သတိပြုရန်။ ။*** *ကျောင်းသားများက အတန်းတွင်း လျှောက်သွားပြီး နှစ်ဦးတွဲရန် အဖွဲ့ဖွဲ့ ပြောဆိုဆွေးနွေးနိုင်ရန်လိုအပ်သည်။*



# ၄ (၇) ကွက်လပ်ဖြည့်ရင်း စာဖတ်ခြင်း

စာပိုဒ်တွင်းမှ အဓိကဝေါဟာရများကို ကွက်လပ်ထား ဖျောက်ထားပြီး ကျောင်းသားများက ဖတ်ရမည်။ ထို့နောက် ကွက်လပ်များအတွင်း မည်သည့်စကားလုံးများက သင့်တော်မည်ကို စဉ်းစားရှာဖွေရမည်။

- ပိုမိုလွယ်ကူစေရန် အဖြေစကားလုံးများကို အစီအစဉ်အတိုင်းမဟုတ်ဘဲ ရောမွှေပြီး ပေးထားနိုင်သည်။
- သို့မဟုတ် ကွက်လပ်တွင် အစအက္ခရာကို ဖော်ပြထားနိုင်သည်။

ဤလုပ်ငန်းစဉ်ကို အပိုင်း ၂ မှ ဝေါဟာရများကြိုတင်သင်ကြားရန် လုပ်ငန်းစဉ်များအနက် တစ်ခုတွင် တွဲအသုံးပြုနိုင်သည်။

၄.၇

***ရည်ရွယ်ချက်။ ။*** *ကျောင်းသားများက စာပိုဒ်ကို အသေးစိတ်ဖတ်ပြီး အဓိက ဝေါဟာရများကို ရှာဖွေရန်။*

***သတိပြုရန်။ ။*** *ကျောင်းသားများက လေ့ကျင့်ခန်းစာရွက်များ မှ ဖတ်ရှုဆောင်ရွက်ရမည်ဖြစ်သည်။*

***ကြိုတင်ပြင်ဆင်မှု။ ။*** *အဓိကဝေါဟာရများဖျောက်ထားသော စာပိုဒ်တစ်ပိုဒ် ပြင်ထားရမည်။*

## ၄ (ရ) ပျောက်ကွယ်သွားသော စာလုံးများ

၁။ သင်ပုန်းပေါ်တွင် စာတစ်ပိုဒ်ရေးပါ။ ကျောင်းသားများကို ဆိုပါစေ။

၂။ စာပိုဒ်မှ စာလုံးအချို့ (၁၀ ပုံ ၁ပုံခန့်) ကိုဖျက်လိုက်ပြီးထပ် ဆိုခိုင်းပါ။

၃။ စာလုံးအချို့ကို အထက်ပါအတိုင်း ထပ်ဖျက်ပြီး ထပ်ဆိုခိုင်းပါ။

၄။ ၎င်းအတိုင်း စာပိုဒ်တစ်ခုလုံးပျောက်သွားသည်အထိ ဖျက်ပြီး ဆိုခိုင်းနေပါ။

၅။ ယခုမှ ကျောင်းသားများ စာပိုဒ်တစ်ခုလုံးကို အလွတ်ဆိုပြစေရမည်

၄.ရ

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက စာပိုဒ်ကို အလွတ်မှတ်ပြီး ပြန်ဖတ်ပြရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများက လေ့ကျင့်ခန်းစာရွက်များ မှ ဖတ်ရှုဆောင်ရွက်ရမည်ဖြစ်သည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *အဓိကဝေါဟာရများဖျောက်ပြီး ကွက်လပ်ထားထားသော စာပိုဒ်တစ်ပိုဒ် ပြင်ထားရမည်။*




Ko Ko   to get   school by
8:30 and   8:00. He's
brushed   teeth but
he   got   yet. He   his
homework - he did   last  ,
but he hasn't   his bag. His
little   is still asleep.
hasn't   him up yet.

## ၄ (ဍ) အတွဲအစပ်ကွက်လပ်ဖြည့်

၁။ စာပိုဒ်တစ်ခုတည်းကို နှစ်ရွက် ပြင်ဆင်ရမည်ဖြစ်သည်။ စာရွက် အေနှင့်ဘီ ဟုဖြစ်ပြီး အရေးကြီး အချက်များဖြည့်ရန် ကွက်လပ်များပါရှိရမည်။ သို့သော် စာရွက် အေ မှ ကွက်လပ်ဖြစ်နေသည့် အချက်နှင့် ဘီမှ ကွက်လပ်တို့မတူရပါ။ ထိုနည်းဖြင့် အေတွင် မပါသော အဖြေက ဘီတွင်ရှိပြီး ဘီတွင် မရှိသော အဖြေမှာ အေတွင် ပါမည်ဖြစ်သည်။

၂။ သင်တန်းသားများနှစ်ဦးစီတွဲပေးပြီး တစ်ဦးကို စာရွက်အေပေးပါ။ ကျန်တစ်ဦးကို စာရွက်ဘီ ပေးပါ။

၃။ သင်တန်းသား အေနှင့်ဘီတို့မှာ အချင်းချင်း အလှည့်ကျ အမေးအဖြေ ပြုလုပ်လျက် မိမိတို့၏ စာပိုဒ်များမှ ကွက်လပ်များကို ဖြည့်ရမည်ဖြစ်သည်။

၄.ဍ

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက စာပိုဒ်ကို အသေးစိတ်ဖတ်ပြီး လိုအပ်သော အချက်အလက်များကို မေးမြန်းရန် မေးခွန်းများရေးသားရန်။*

***သတိပြုရန်။*** ။ *နှစ်ဦးတွဲစီဆောင်ရွက်ရမည်ဖြစ်သည်။*

**ကြိုတင်ပြင်ဆင်မှု။** ။ စာပိုဒ်တစ်ပိုဒ်ကို ပုံစံနှစ်မျိုးနှင့် ရေးသားပြင်ဆင် မိတ္တူဆွဲထားရန် လိုအပ်ပါသည်။

```
Text A:
Kofi Annan was Secretary-General of the
United Nations. He comes from Ghana,
Africa. His name, Kofi, means
__________________________.
```

```
Text B:
Kofi Annan was Secretary-General of
the United Nations. He comes from
_______, Africa. His name, Kofi,
means 'born on a Friday'.
```

What does Kofi mean?

Where is Kofi Annan from?

## ၄ (၁၀) အချင်းချင်း သင်ကြားခြင်း

၁။ သင်တန်းသားများကို ၃ ယောက်မှ ၆ယောက် အဖွဲ့များဖွဲ့ပေးပါ။ တစ်ဖွဲ့စီကို စာပိုဒ်တစ်ခုလုံး၏ ကောက်နုတ်ချက် တစ်ပိုင်းစီဖြတ်၍ပေးပါ။

၂။ တစ်ဖွဲ့စီက မိမိတို့ရသော အပိုင်းမှ အကြောင်းအရာကို အတန်းသားများကို ပြန်လည်ရှင်းပြရန် ပြင်ဆင်ရမည်။ စာပါစကားလုံးများအတိုင်း ဖတ်ပြ၍မရပါ။ မိမိတို့ကိုယ်ပိုင် စကားလုံးများနှင့် ရှင်းပြရမည်ဖြစ်သည်။

၃။ ထို့နောက်စာပိုဒ်အစဉ်အတိုင်း အပိုင်းလိုက်များကို တစ်ဖွဲ့ချင်းက တစ်တန်းလုံးကို ပြန်ရှင်းပြရမည်။

ခက်ခဲသည့် စာပိုဒ်များအတွက်မူ မိခင်ဘာသာစကားနှင့် ရှင်းပြစေသင့်ပါသည်။

၄.၁၀

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက စာပိုဒ်မှ လိုရင်း အချက်များကို ဖတ်ပြီး ၎င်းတို့ကို မိမိတို့ ကိုယ်ပိုင်စကားလုံးများသုံးပြီး ပြန်ပြောရန်ဖြစ်သည်။*

***သတိပြုရန်။*** ။ *ကျောင်းသားများက အဖွဲ့လိုက် ပြင်ဆင်ကြပြီး တစ်တန်းလုံးကို ပြန်လည်တင်ပြရမည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *စာရှည်တစ်ပုဒ်ကို အဖွဲ့အရေအတွက်အလိုက် အပိုင်းပိုင်းဖြတ်ထားရန် လိုပါသည်။*

## ၄ (၁၁) အခန်းပတ်လည်မှ စာများ

၁။ ဖတ်စာပိုဒ် ၃ ခုမှ ၆ ခု အထိရွေးချယ်ပြီး နံပါတ်တပ်ထားပါ။ ၎င်းစာများမှာ ခေါင်းစဉ်တစ်ခုတည်းအောက်မှလည်းဖြစ်နိုင်သလို အကြောင်းအရာစုံစာပိုဒ်အမျိုးမျိုး ကိုလည်းရွေးနိုင်သည်။ ၎င်းစာပိုဒ်များကို အခန်းတွင်း နံရံများပေါ်တွင် ကပ်ထားပါ။

၂။ စာပိုဒ်တစ်ခုစီအတွက် မေးခွန်းနှစ်ခုမှ လေးခုအထိ ရေးသားပြင်ဆင်ပါ။ စာပိုဒ် အားလုံး၏ မေးခွန်းများကို ရောမွှေလိုက်ပြီး သင်ပုန်းပေါ်တွင်ရေးခြင်းသို့မဟုတ် လေ့ကျင့်ခန်းစာရွက်များတွင် ရေးပြီး ကျောင်းသားများကို ပေးခြင်းပြုပါ။

၃။ ထို့နောက်ကျောင်းသားများက အခန်းပတ်လည်ကို လျှောက်သွားရပြီး မေးခွန်းများကို ဖြေဆိုရမည်။ မည်သည့်စာပိုဒ်က အဖြေရခဲ့သည်ကိုလည်း နံပါတ် မှတ်သားရမည် ဖြစ်သည်။


ဤသင်ခန်းစာကို အုပ်စုလိုက်လုပ်ငန်းစဉ်အနေနှင့် သုံးနိုင်သည်။ အဖြေမှန်အများဆုံးအမှန်ဆုံးရရှိသော အဖွဲ့ကို ဆုချခြင်းလုပ်နိုင်သည်။

၄.၁၁

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက စာပိုဒ် အမျိုးမျိုးကို အသေးစိတ်ဖတ်ရန်။*

***သတိပြုရန်။*** ။ *နံရံများတွင်ပတ်ပတ်လည် ကပ်ထားသော စာပိုဒ်များကို ကျောင်းသားများက အခန်းပတ်လည် သွားလာရင်း လိုက်ဖတ်နိုင်ရန် လိုအပ်သည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *နံရံများပေါ်တွင် စာပိုဒ် ၃ ခုမှ ၆ခု အထိ ကပ်ထားပြီး တစ်ပိုဒ်စီအတွက် မေးခွန်းများပြင်ဆင်ထားရန် လိုအပ်သည်။*




| Question | Text |
|---|---|
| Where did the cow live? | |
| How many eggs do emus lay? | |
| What is the capital of Fiji? | |
| Why was the calf angry? | |

## ၄ (၁၂) စာတစ်ပုဒ်စီ ခွဲထုတ်ခြင်း

၁။ သင်တန်းသား တစ်ဦးစီကို (နှစ်ဦးတွဲကို သို့မဟုတ် အဖွဲ့တစ်ဖွဲ့ကို) စာနှစ်ပုဒ်ကို ယှက်၍ရေးထားသော စာရွက်တစ်ရွက်စီပေးပါ။ (စာပိုဒ် ၁ မှ စာအနည်းငယ်၊ ထို့နောက် စာပိုဒ် ၂ မှ စာအနည်းငယ်၊ ထို့နောက် စာပိုဒ် ၁ မှ စာအနည်းငယ်၊ ပြီးနောက်စာပိုဒ် ၂ မှ စာပြန်ရေး စသည်ဖြင့် ယက္ကန်းယက်သကဲ့သို့ရောရေးခြင်းဖြစ်သည်။) ထိုသို့ ရောမွှေရာတွင် သင်တန်းသားများ ကျွမ်းကျင်မှုပေါ်မူတည်ပြီး စာပိုဒ် တစ်ပိုဒ်ချင်း ရောရေးထားခြင်းလုပ်နိုင်သလို ဝါကျတကြောင်းစီ ယှက်ပြီး ရေးသားထားခြင်းအထိပါပြုလုပ်နိုင်သည်။

၂။ ရောထားသည့်စာများကို မည်သည့်စာကြောင်းစာပိုဒ်က ဘယ်တစ်ပုဒ်မှ လာသည်ဖြစ်ကြောင်း သင်တန်းသားများက ဖတ်ရှုရှာဖွေရန်ဖြစ်သည်။

၃။ ရောထားသည့် စာကြောင်းများ စာပိုဒ်များကို မူလအတိုင်း စာနှစ်ပုဒ်ပြန်ဖြစ်သွားအောင်ခွဲခြားရေးသားခိုင်းခြင်းလည်းပြုလုပ်နိုင်သည်။

၄.၁၂

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက ဆိုလိုရင်း အချက်များကို ဖတ်ပြီး စာပိုဒ်၏ အစိတ်အပိုင်းများကို နေရာချပေးရန်*

***သတိပြုရန်။*** ။ *ကျောင်းသားများက လေ့ကျင့်ခန်းစာရွက်များသုံး၍ ဆောင်ရွက်ရမည်ဖြစ်သည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *စာနှစ်ပုဒ်ကို အစီအစဉ်လိုက် ယှက်ရေးထားသော လေ့ကျင့်ခန်းစာရွက်များပြင်ထားရန်လိုသည်။*

# ၅။ စာဖတ်ကျွမ်းကျင်မှု အတွက် လေ့ကျင့်ခန်းများ

စာတစ်ပုဒ်တွင်းမှ အကြောင်းအရာများကို ကျောင်းသားများ နားလည်အောင် ဖတ်ရှုရာတွင် အထောက်အကူ ပြုနိုင်သည့် အဓိပ္ပါယ်နားလည်ရေးဦးစားပေး လေ့ကျင့်ခန်းများကို ဤအပိုင်းတွင် ဖော်ပြထားပါသည်။

ဤလေ့ကျင့်ခန်းများမှာ ကျောင်းသားများကို ထိန်းကျောင်းကန့်သတ်မှုများစွာပေး၍ လေ့ကျင့်စေသော လုပ်ငန်းစဉ်များဖြစ်ကြသည်။ နားထောင်ပြီး အဓိပ္ပါယ်နားလည်ရေးကိုသာ ဦးစားပေးလေ့ကျင့်သော လေ့ကျင့်ခန်းများလည်းဖြစ်သည်။ ဖတ်ရမည့်စာတွင်ဘာပါသည်ကိုသာ အာရုံစိုက်ပြီး ကျောင်းသားများထံမှ ကိုယ်ပိုင်အမြင်များဖြင့် ပြောဆိုတုံ့ပြန်ခြင်းကို ဆွဲထုတ်ခြင်းမရှိ။ စာကိုဖတ်ရှု နားလည်သည်၏ အခြားဖက်ကို သွားရန်မကြိုးစားထားပါ။ ထိုသို့ ကြိုးစားထားသော /ထိန်းကျောင်းကန့်သတ်မှုအလွန် လျှော့ထားသော လေ့ကျင့်ခန်းများကိုမှာ သင်ခန်းစာနောက်ပိုင်းလေ့ကျင့်ခန်းများသာဖြစ်သင့်ပါသည်။ အချို့ဥပမာများကို အပိုင်း (၁၀) ၌ တွေ့ရှိနိုင်ပါသည်။ ဖတ်ရမည့်စာတွင်ပါသော ဘာသာစကားအတွက် လေ့ကျင့်ခန်းများကိုမူ ဝေါဟာရဦးစားပေးအပိုင်း၊ သဒ္ဒါဦးစားပေးအပိုင်း၊ အသံထွက်ဦးစားပေးအပိုင်း စသည်ဖြင့် အပိုင်း ၁၁ မှ ၁၃ တွင် ဖော်ပြထားပါသည်။

> ၅.၁
> ***ရည်ရွယ်ချက်။ ။*** *ကျောင်းသားများ စာပိုဒ်ကို အသေးစိတ်နားလည်မလည် စစ်ဆေးနိုင်ရန်။*
> ***သတိပြုရန်။ ။*** *ကျောင်းသားများက လေ့ကျင့်ခန်းစာရွက်များသုံး၍ ဆောင်ရွက်ရမည်၊ သို့မဟုတ် သင်ပုန်းပေါ်မှ မေးခွန်းများသုံး၍ ဆောင်ရွက်ရမည်ဖြစ်သည်။*

## ၅ (၁) နားလည်ခြင်းစစ်ဆေးသော အမေးအဖြေများ

ဖတ်စာပိုဒ်တစ်ခုမှ အချက်အလက်များကို မေးမြန်းထားသော မေးခွန်းများပြင်ဆင်ပါ။ ထို့နောက် ကျောင်းသားများကို ၎င်းမေးခွန်းများဖြေခိုင်းပါ။ နားလည်ခြင်းစစ်မေးသော အမေးအဖြေများဖြစ်သောကြောင့် မေးခွန်းများအတွက် အဖြေအားလုံးသည်စာပိုဒ်တွင်း တွင်ရှိရမည်ဖြစ်သည်။ ကျောင်းသား၏ အတွေးအမြင်ကို ဖော်ထုတ်သော မေးခွန်းများ ကိုမူ သင်ခန်းစာ၏နောက်ပိုင်း နောက်ဆက်တွဲလုပ်ငန်းစဉ်များတွင်သာ မေးသင့်သည်

***ဥပမာမေးခွန်းများမှာ –***

*Wh – questions –*

| | |
|---|---|
| *What do sharks eat? Mostly smaller fish* | (ဤ အဖြေကို စာပိုဒ်ထဲတွင်တွေ့နိုင်မှသာ မေးခွန်းကို မေးသင့်ပါသည်) |
| *Are you afraid of sharks?* | (ဤမေးခွန်းမှာ နားလည်ခြင်းစစ်ဆေးခြင်းမဟုတ်သောကြောင့် ယခု မမေးသင့်သေးပါ။ ယခုကဲ့သို့ ကျောင်းသားကို ပေးထားသည့်စာထက် ပိုပြောခိုင်းသော တနည်းအားဖြင့်ဆိုသော် (open) ဖြစ်သော မေးခွန်းများကို သင်ခန်းစာနောက်ပိုင်းတွင်သာ မေးသင့်ပါသည်။) |
| *Yes/no questions –* | (ဤမေးခွန်းများအတွက်မူ အချက်အလက်များပိုဖြေရအောင်မေးသင့်သည်။ ဥပမာ – |
| *Was Thida afraid of the shark?* | (ဤမေးခွန်းမှာလွယ်လွန်းသည်။) |
| *Was Thida afraid of the shark? Why or Why not?* | (ဤမေးခွန်းအတွက်မူ ကျောင်းသားကို ပိုစဉ်းစားစေပြီး စာကိုအနည်းငယ်ပိုဖတ်စေသည်။) |

> ၅.၂
> ***ရည်ရွယ်ချက်။ ။*** *ကျောင်းသားများ စာပိုဒ်ကို အသေးစိတ်နားလည်မလည် စစ်ဆေးနိုင်ရန်။*
> ***သတိပြုရန်။ ။*** *ကျောင်းသားများက လေ့ကျင့်ခန်းစာရွက်များသုံး၍ သို့မဟုတ် သင်ပုန်းကိုမှ ဖတ်၍ဆောင်ရွက်ရမည်ဖြစ်သည်။*
> ***ကြိုတင်ပြင်ဆင်မှု။ ။*** *မှန်မှားရွေးရန် စာကြောင်းများ ကြိုတင်ရေးသားထားရမည်ဖြစ်သည်။*

## ၅ (၂) မှား/မှန်ရွေးပါ

၁။ ဖတ်စာပိုဒ်တွင်းမှ အကြောင်းအရာများအတွက် ပြောဆိုချက်အမှန်အချို့နှင့် မှားယွင်းသော ဖော်ပြချက်အချို့ကို ရေးသားပါ။

၂။ ကျောင်းသားများက အထက်ပါ စာကြောင်းမှား မှန်သည် မှားသည်ကို ခွဲခြားပြောဆိုပါ။

၃။ ဖော်ပြချက်မှားယွင်းက အမှန်ပြန်ပြင်ရေးရမည်ဖြစ်သည်။

ဥပမာ – Mao Tse-Tung was the leader of the USSR. False. He was the leader of China.

## ၅ (၃) ဖတ်စာ ဉာဏ်စမ်း

၁။ သင်တန်းသားများက ပေးထားသည့် စာပိုဒ်အတွက် အပိတ် မေးခွန်းများစဉ်းစားရမည်။ (ဆိုလိုသည်မှာ မေးခွန်းအတွက် အဖြေသည် တစ်မျိုးတည်းရှိရမည်ဖြစ်သည်။ မိမိမေးခွန်းအတွက် အဖြေကို မိမိဘာသာ သိရမည်ဖြစ်သည်။ )

၂။ ထို့နောက် သင်တန်းသားအချင်းချင်း အမေးအဖြေပြုလုပ်ပြီး အဖြေမှန်မမှန် တိုက်စစ်ကြမည်ဖြစ်သည်။

၅.၃
***ရည်ရွယ်ချက်။*** ။ *ဖတ်ရသည့် စာပေါ်တွင်မှီး၍ အမေးအဖြေများ စဉ်းစားရေးသား ကြရန်။*
***သတိပြုရန်။*** ။ *ကျောင်းသားများက တစ်ဦးစီ၊ နှစ်ဦးတွဲစီ၊ အဖွဲ့လိုက်စသည်ဖြင့် လုပ်ဆောင်ရမည်။*

ဤလုပ်ငန်းစဉ်ကို တစ်ဦးချင်းလုပ်နိုင်သည်။ သို့သော် နှစ်ဦးတွဲ/အဖွဲ့လိုက် လုပ်ဆောင်ခြင်းက ပိုကောင်းသည်။ အဖွဲ့လိုက် ပြိုင်ပွဲ အသွင်နှင့်လည်း လုပ်ဆောင်နိုင်သည်။ ဥပမာ တစ်ဖွဲ့ကို မေးခွန်းသုံးခုစီမေးကြပြီး အမှန်ဆုံးဖြေနိုင်သော အဖွဲ့ နိုင်သည်စသဖြင့်။

၅.၄
***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက အသေးစိတ်ဖတ်ပြီး အရေးပါသော အချက်အလက်များကို ပြန်လည် ရေးသားဖော်ပြရန်။*
***သတိပြုရန်။*** ။ *ကျောင်းသား တစ်ဦးစီ၊ နှစ်ဦးတွဲလိုက်၊ အဖွဲ့လိုက် စသည်ဖြင့် ဖတ်ရှုလုပ်ဆောင်ခိုင်းရမည်ဖြစ်သည်။*

## ၅ (၄) အကျဉ်းချုပ်

၁။ ကျောင်းသားများက မိမိတို့ကိုယ်ပိုင်စကားလုံးများနှင့် ဖတ်စာ၏ အတိုချုပ်ကို အကျဉ်း ရေးသားရမည်။

၂။ ရေးသားပြီးနောက် မူလ ဖတ်စာမှ အရေးကြီးသည့် အဓိကအချက်များကို ထည့်သွင်းရေးသားထားခြင်းရှိမရှိ စစ် ဆေးကြည့်ရှုပါ။

## ၅ (၅) အကြောင်းအရာတို့ကို ပုံစံပြောင်းတင်ပြခြင်း


ကျောင်းသားများကို စာဖတ်စေပြီး ၎င်းစာထဲမှ အကြောင်းအရာ အချက်အလက်တို့ကို နောက်ပုံစံတစ်မျိုးဖြင့်တင်ပြခိုင်းရမည်ဖြစ် သည်။ပုံစံတစ်မျိုးပြန်တင်ပြရာတွင် အောက်ပါတို့အတိုင်းဖြစ်နိုင်သည်။

၅.၅
***ရည်ရွယ်ချက်။*** ။ *ဖတ်စာမှ အချက်အလက်များကို ပုံစံကွဲအမျိုးမျိုးနှင့် ပြန်လည် တင်ပြရန်။*
***သတိပြုရန်။*** ။ *ကျောင်းသား တစ်ဦးစီ၊ နှစ်ဦးတွဲလိုက်၊ အဖွဲ့လိုက် စသည်ဖြင့် ဖတ်ရှုလုပ်ဆောင်ခိုင်းရမည်ဖြစ်သည်။*

- ဖတ်စာထဲမှ အကြောင်းအရာကို သရုပ်ဖော်ပုံဆွဲ၍တင်ပြခြင်း



- မြေပုံပြန်ဆွဲပြခြင်း




**A high school for Smallsway**

March 2010

Smallaway is a pretty little town 10 km from Bigville. Smallaway is small- it has one main street with a shop, a clinic and a primary school.


Unfortunately, there is no high school there,so the students have to catch a bus to Bigville High School. The parents want a high school, as there are more and more school-age children. Last year 25 students graduated from the primary school. In 2005 there were 14 graduates, and in 2000 there were just 6. The first year the school opened, in 1995, only one student graduated.

Last October, a group of parents held a meeting to discuss how they can get a high school. They have arranged to meet the District Education Committee next month.

- အချက်အလက်တို့ကို ဇယားကွက်တွင်းထည့်ခြင်း

| Year | Number of Graduates |
|---|---|
| 1995 | 1 |
| 2000 | 6 |
| 2005 | 14 |
| 2009 | 25 |

- ဂရပ် မျဉ်းများဆွဲသားခြင်း
- ကဗျာဖွဲ့ခြင်း အချက်အလက် အကြောင်းအရာတို့ကို သီချင်းစပ်ဆိုခြင်း
- အချိန်မျဉ်းဆွဲသားခြင်း




## ၅ (၆) အချက်အလက်များကို အမျိုးအစားခွဲခြင်း

ကျောင်းသားများက စာကို ဖတ်အပြီးတွင် စာတွင်ပါသော ဆိုလိုချက်များ အချက်အလက်များကို အမျိုးအစားခွဲခြားပြီးတူရာစုပေးရန် ဖြစ်သည်။

*ဥပမာ –*

- စာတွင်ဖော်ပြထားသော အရာအမျိုးမျိုး ကို အမျိုးအစားခွဲပြခြင်း

၅.၆

***ရည်ရွယ်ချက်။ ။*** *ဖတ်စာမှ အချက်အလက်များကို မျိုးတူရာ တူရာ စုစည်းရန်။*

***သတိပြုရန်။ ။*** *ကျောင်းသား တစ်ဦးစီ၊ နှစ်ဦးတွဲလိုက်၊ အဖွဲ့လိုက် စသည်ဖြင့် ဖတ်ရှုလုပ်ဆောင်ခိုင်းရမည်ဖြစ်သည်။*

| Mammals | Birds | Reptiles | Insects | Other |
|---|---|---|---|---|
| human<br>bear | eagle | crocodile<br>snake | mosquito | shark |

- စာတွင်ဖော်ပြထားသော အချက်အလက်အမျိုးမျိုး

| How to get to Sagaing | | | | |
|---|---|---|---|---|
| | How often | How much? | where from? | How long? |
| bus | every 20 minutes | 1200 kyat | bus station | 11/2 hours |
| car | when you want | 5-10,000 kyat | where you want | 40 minutes |
| train | 3 times a day | 2000 kyat | train station | 2 hours |
| boat | occasionally | 800 kyat | river | 2-3 hours |

- စာတွင်ဖော်ပြထားသော ထင်မြင်ချက်/ပြောဆိုချက် အမျိုးမျိုး

| statements for the war in Iraq | statements against the war in Iraq |
|---|---|
| - We need to help Iraqis free their country<br>- We had to remove Saddam Hussein' | - The war has killed too many civilians"<br>- The US has no right to invade another country |

## ၅ (၇) အချက်အလက်များကိုအစီအစဉ်လိုက်စီခြင်း

> ၅.၇
> ***ရည်ရွယ်ချက်။*** ။ *ဖတ်စာမှ အချက်အလက်များကို အစီအစဉ်လိုက် စီရန်။*
>
> ***သတိပြုရန်။*** ။ *ကျောင်းသား တစ်ဦးစီ၊ နှစ်ဦးတွဲလိုက်၊ အဖွဲ့လိုက် စသည်ဖြင့် ဖတ်ရှုလုပ်ဆောင်ခိုင်းရမည်ဖြစ်သည်။*

သင်တန်းသားများက စာဖတ်ပြီးနောက် စာတွင်ပါသော အချက်အလက်များကို အစီအစဉ်အလိုက်စီပေးရန်ဖြစ်သည်။

- အချိန်/နေ့စွဲအလိုက်စီစဉ်ခြင်း
- အကြိမ်အရေအတွက်အလိုက်စီခြင်း
- အနည်းဆုံးမှ အများဆုံး သို့မဟုတ် အစဉ်လိုက်စီခြင်း (ဥပမာ – အနေးဆုံးမှ အမြန်ဆုံးသို့၊ လူကြိုက်အနည်းဆုံးမှ လူကြိုက်အများဆုံး၊ အမှတ်အနည်းဆုံးမှ အမှတ်အများဆုံး)

## ၅ (၈) မေးခွန်းရှာပါ

၁။ စာကိုဖတ်ပြီးနောက် စာပါအကြောင်းအရာများအတွက် အဖြေများနှင့် မေးခွန်းများစီစဉ်ပါ။

***အဖြေများမှာ –***

မေးခွန်းတစ်ခွန်းနှစ်ခွန်းမျှခန့်သာ အဆင်ပြေမည့်ပုံစံ

ပြင်ဆင်နိုင်သည်။ (closed)

*ဥပမာ -*

***Answer:*** ***his name was Lucky.***

***Questions:*** ***What was the cowboy's name?***

မေးခွန်းအတော်များများနှင့် အဆင်ပြေမည့် ပုံစံလည်းပြင်ဆင်နိုင်သည်။ (Open)

*ဥပမာ -*

***Answer:*** *A cowboy.*

***Questions:*** ***who was lucky?***

***What was lucky" job?***

***What is the story about?***

၂။ ထို့နောက်ကျောင်းသားများက ပေးထားသောအဖြေများရရန် မေးရမည့် မေးခွန်းအမှန်များကို ရှာဖွေရန်ဖြစ်သည်။


> ၅.၈
> ***ရည်ရွယ်ချက်။*** ။ *စာကို အသေးစိတ်ဖတ်ရှုပြီး အချက်အလက်များကို မည်သို့ မေးမြန်းရန်ကို ပြင်ဆင်စေရန်။*
>
> ***သတိပြုရန်။*** ။ *ကျောင်းသား တစ်ဦးစီ၊ နှစ်ဦးတွဲလိုက်၊ အဖွဲ့လိုက် စသည်ဖြင့် ဖတ်ရှုလုပ်ဆောင်ခိုင်းရမည်ဖြစ်သည်။*
>
> ***ကြိုတင်ပြင်ဆင်မှု။*** ။ *ဖတ်စာအတွက် အမေးအဖြေများ ရေးသားပြင်ဆင်ရန် လိုပါသည်။*

| A cowboy called Lucky |
|---|
| A long time ago a baby boy was born in the Wild West. His parents were poor, but they worked hard on their small farm. |

# နားထောင်ခြင်းစွမ်းရည်အတွက် လေ့ကျင့်ခန်းများ

listening text **တစ်ခု ခင်းကျင်းပေးခြင်း** **နားထောင်ခြင်း လေ့ကျင့်ခန်း လုပ်ငန်းစဉ်များ**

ဤအပိုင်းတွင် listening text တစ်ခု ခင်းကျင်းပေးခြင်း အတွက်လုပ်ငန်းစဉ်များ နှင့် နားထောင်ခြင်း စွမ်းရည်အတွက် လေ့ကျင့်ခန်းလုပ်ငန်းစဉ်များ ပါဝင်ပါသည်။




နားထောင်ခြင်းသည် စာဖတ်ခြင်းကဲ့သို့ပင် နားယူသိရှိနိုင်ခြင်း ကျွမ်းကျင်မှုတစ်ခုဖြစ်သည်။ ဖတ်စာတစ်ခုကို ခင်းကျင်းတင်ပြခြင်း လေ့ကျင့်ခန်းများနှင့် စာဖတ်ကျွမ်းကျင်မှုအတွက်လေ့ကျင့်ခန်းများကိုလည်း နားထောင်ခြင်း လုပ်ငန်းစဉ်များအဖြစ် ကောင်းစွာပြောင်းလဲ အသုံးပြုနိုင်သည်။ ထိုသို့ပြောင်းလဲအသုံးပြုနိုင်သော လေ့ကျင့်ခန်းများကို အပိုင်းတစ်ပိုင်းစီ၏အစပိုင်းများတွင် စာရင်းဖော်ပြထားပါမည်။

**၄ (၃) ဆိုလိုရင်းကို ရှာခြင်း။ ။** ၎င်းကို နားထောင်ခြင်းအဖြစ်ပြောင်းလဲအသုံးပြုပါက "အဓိက ဆိုလိုရင်းဖော်ပြချက် နှစ်ခုသုံးခုကို သင်ပုန်းပေါ်တွင် သင်တန်းသားများရွေးချယ်နိုင်ရန်ရေးထားပါ။ ထို့နောက် စာတစ်ပိုဒ်ကို နားထောင်စေပြီး ၎င်းစာပိုဒ်၏ဆိုလိုရင်းကို သင်ပုန်းမှ ရွေးချယ်ခိုင်းပါ။"

**၅ (၅) အကြောင်းအရာတို့ကို ပုံစံပြောင်းတင်ပြခြင်း။ ။** ၎င်းကို နားထောင်ခြင်းလေ့ကျင့်ခန်းအဖြစ် အသုံးပြုပါက

"ကျောင်းသားများကို စာတစ်ပိုဒ်ကို ဖတ်ရှုသို့မဟုတ် နားထောင်ပြီး ပါသော အကြောင်းအရာများကို အခြားပုံစံတစ်မျိုးဖြင့် ပြန်လည်တင်ပြရန်ဖြစ်သည်။"

စာဖတ်ခြင်းလုပ်ငန်းစဉ်များဟူသော အပိုင်းကဲ့သို့ပင်၊ ဤအပိုင်းကို အပိုင်းငယ်နှစ်ပိုင်းပြန်ခွဲထားပါသည်။ နားထောင်ရန် စာသားတစ်ခု (Listening Text တစ်ခု) ကို စတင်ခင်းကျင်းတင်ပြခြင်း (ကျောင်းသားများကို စတင်နားထောင်ခိုင်းရာ၌သုံးသော လုပ်ငန်းစဉ်များ၊ နည်းလမ်းများ) နှင့် နားထောင်ခြင်းလေ့ကျင့်ခန်းလုပ်ငန်းစဉ်များ (နားထောင်ရန် စာပိုဒ်၌ပါသော အဓိကအကြောင်းအရာများ၊ ဘာသာစကားများကို နားလည်အောင် စီစဉ်ထားသော လေ့ကျင့်ခန်းများ) ဟူ၍ နှစ်ပိုင်းခွဲထားခြင်းဖြစ်သည်။

## ဘာကို နားထောင်ရမလဲ (နားထောင်ခြင်းလေ့ကျင့်ရန် စာရွေးချယ်ခြင်း)

ထောက်ကူပစ္စည်း/ ရင်းမြစ် နည်းပါးသော နေရာများအတွက်ဆိုလျှင် နားထောင်ခြင်းမှာ သင်ကြားရန်ရောသင်ယူရန်ပါ ခက်ခဲနိုင်သည်။ ကျောင်းသားများအနေနှင့် အင်္ဂလိပ်စကားပြောသံ စစ်စစ်ကို ၎င်းနိုင်ငံသားလေသံအတိုင်း နားထောင်ရရန်ဖြစ်စေ၊ အသုံးပြုရန်ဖြစ်စေ အခွင့်အရေးသိပ်မရှိခြင်းကို ဆိုလိုသည်။

မိမိ၏သင်တန်းသားများအင်္ဂလိပ်စာ အဆင့် နှင့် ကိုက်ညီ အဆင်ပြေသော အရာကို ရွေးချယ်နားထောင်ခိုင်းရန် မှာ အလွန်အရေးကြီးသည်။ စာဖတ်လေ့ကျင့်ရန် ဖတ်စာရွေးချယ်သည်ထက်ပို အရေးကြီးသည်။ အကယ်၍ ကျောင်းသားများအဖို့ခက်ခဲသော Listening Text များသာ ရနိုင်ပါက လုပ်ငန်းဆောင်တာများ လေ့ကျင့်ခန်းများကို လွယ်ကူရိုးရှင်းသည်များသာ ထားသင့်ပါသည်။

အကယ်၍ မိမိတွင် ကက်ဆက်၊စီဒီ စသည့်စက်များမရှိပါကလည်း မိမိကိုယ်တိုင်ဖတ်ပြပြီးနားထောင်ခိုင်းနိုင်သလို ကျောင်းသားတစ်ဦးဦးကို ဖတ်ပြခိုင်းခြင်းမျိုးလည်းလုပ်နိုင်သည်။ မိမိ၏ အသံထွက်စသည့် ဘာသာစကားကျွမ်းကျင်မှုမှာ သိပ်ကောင်းလှသည် မဟုတ်ဟု ထင်လျှင်လည်းပြဿနာမဟုတ်ပါ။ မိမိကျောင်းသားများနှင့် ထိတွေ့ပြောဆိုဆက်ဆံသူများမှာလည်း အဆင့်မြင့်ကျွမ်းကျင်သူများမဟုတ်ပေ။

# ၆။ နားထောင်ခြင်းလေ့ကျင့်ခန်းတစ်ခုကို စတင်ခင်းကျင်းခြင်း

များသောအားဖြင့် ဆရာများသည် စာတစ်ခုခုကို စတင်နားထောင်စေရာ၌ ကက်ဆက်၊ စီဒီစသည်တို့ဖွင့်ပြခြင်း၊ သို့မဟုတ် နားထောင်ရန်စာကို မိမိကိုယ်တိုင်ဖတ်ပြခြင်းတို့ပြုလုပ်တတ်ကြသည်။

အောက်ပါအပိုင်းတွင် ကျောင်းသားများစတင်နားထောင်ချိန်တွင် မည်သို့လုပ်ငန်းစဉ်များပြုလုပ်နိုင်သည်ကို ဖော်ပြထားပါသည်။

အပိုင်း၄ (ဖတ်စာတစ်ခု ခင်းကျင်းတင်ပြခြင်းများ) တွင် ပါသော လုပ်ငန်းစဉ်လေ့ကျင့်ခန်းတော်တော်များများမှာ နားထောင်ခြင်းအတွက်လည်း ကောင်းစွာ အသုံးပြုနိုင်သည်ဖြစ်သည်။

**၄.၁ မေးခွန်းများကို အာရုံစိုက်ခြင်း**

**၄.၃ အဓိက အကြောင်းအရာများကို သတ်မှတ်ဖော်ပြခြင်း**

**၄.၄ အကျဉ်းချုပ်များကို နှိုင်းယှဉ်ခြင်း**

**၄.၅ ရုပ်ပုံများကို စာပိုဒ်များနှင့် ယှဉ်တွဲခြင်း**

**၄.၆ ခေါင်းစဉ်ရွေးချယ်ခြင်း**

## ၆ (၁) အခြေအနေ အခင်းအကျင်းကို နားထောင် ဖော်ထုတ်ခြင်း

စကားပြောဆိုခြင်းတစ်ခုကို စက်ဖြင့် ဖွင့်ပေးပါ။ ကျောင်းသားများက အောက်ပါတို့ကို နားထောင်ပြီး ပြန်ပြောပြရန်ဖြစ်သည်။

- ထိုစကားပြောနေကြသည့် နေရာ
- စကားဝိုင်းတွင် လူမည်မျှပါကြောင်း
- ပါဝင်ပြောဆိုနေကြသည့် လူများ၏အကြောင်းများ၊ ကျားဖြစ်သည်၊ မ ဖြစ်သည်၊ အသက်မည်မျှရှိပြီ၊ ၎င်းတို့၏အလုပ်အကိုင်များ၊ ပုံပန်းသဏ္ဌာန်များ၊ စသဖြင့် နားထောင်ပြောဆိုပြရန်ဖြစ်သည်။

၆.၁

***ရည်ရွယ်ချက်။*** ။ *စကားပြောဆိုနေကြသည့် အခြေအနေအခင်းအကျင်းကိုနားထောင်ဖော်ထုတ်ရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများက အဆိုပါ စကားများကို သေချာရှင်းလင်းပီပြင်စွာ ကြားနိုင်ရန်လိုသည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *နားထောင်ရမည့် စကားပြောစာသားများကို ကျောင်းသားတစ်ဦးစီ၊ သို့မဟုတ် နှစ်ဦးတွဲ တစ်တွဲစီ၊ သို့မဟုတ် တစ်ဖွဲ့စီ အတွက် လုံလောက်စွာမိတ္တူကူးထားပြီး အပိုင်းလိုက် ဖြတ်ညှပ်ပေးထားရန်လိုပါသည် ။*

## ၆ (၂) စာတစ်ပိုဒ်ကို နားထောင်ပြီး အစဉ်လိုက်ပြန်စီခြင်း

၁။ နားထောင်ရမည့် စာပိုဒ်ကို သင်တန်းသား အရေအတွက်အလိုက် (နှစ်ဦးတွဲ အုပ်စုလိုက်စသဖြင့် လုပ်ဆောင်စေလိုပါကလည်း အတွဲအရေအတွက် အုပ်စုအရေအတွက်အလိုက်)မိတ္တူကူးပါ။ ထို့နောက် ၎င်းစာပိုဒ်ကို စကားစုအပိုင်းပိုင်းများအဖြစ် ဖြတ်ညှပ်ရမည်။ သို့မဟုတ် ဝါကျများတစ်ကြောင်းခြင်း သို့မဟုတ် စာပိုဒ်တစ်ခုခြင်း ဖြတ်ညှပ်ထုတ်ပြီးရောမွှေရမည်။

၂။ ထို့နောက် နားထောင်ရမည့်စာကို ကက်ဆက်မှဖွင့်ပြခြင်း သို့မဟုတ် မိမိကိုယ်တိုင်ဖတ်ပြခြင်းပြုပါ။ ကျောင်းသားများက နားထောင်၍ ပေးထားသော အပိုင်းအစများကို အစီအစဉ်လိုက်ပြန်စီရမည်ဖြစ်သည်။

ဤလေ့ကျင့်ခန်းမှာ စကားစမြည်ပြောဆိုခြင်းများ (Conversation ) နှင့် ပိုမိုကောင်းစွာသင့်တော်သည်။ စကားပြောသူ တစ်ဦးခြင်းစီ၏ စကားကို တစ်ခါ ပြောတိုင်းတစ်ခုညှပ်ထားကာပြန်စီခိုင်းနိုင်သည်။

သီချင်းများနှင့်လည်း ကောင်းစွာသင့်တော်မည့် လေ့ကျင့်ခန်းဖြစ်သည်။

၆.၂

***ရည်ရွယ်ချက်။*** ။ *လိုရင်းအချက်အလက်များကို လိုက်နားထောင်ပြီး စာသားများကို အစီအစဉ်လိုက်စီရန်*

***သတိပြုရန်။*** ။ *ကျောင်းသားများက အဆိုပါစာသားကို သေချာရှင်းလင်းပီပြင်စွာ ကြားနိုင်ရန်လိုသည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *စာသားများကို ကျောင်းသားတစ်ဦးစီ၊ သို့မဟုတ် နှစ်ဦးတွဲ တစ်တွဲစီ၊ သို့မဟုတ် တစ်ဖွဲ့စီ အတွက် လုံလောက်စွာမိတ္တူကူးထားပြီး အပိုင်းလိုက် ဖြတ်ညှပ်ပေးထားရန်လိုပါသည် ။*

## ၆ (၃) စာခေါ်ပေးခြင်း

၁။ စာတစ်ပုဒ်ကို အမြန်နှုန်းပုံမှန်မျှဖြင့် ဖတ်ပြ သို့မဟုတ် ဖွင့်ပြပါ။

၂။ နောက်တစ်ခေါက်ထပ်မံဖွင့်ပြရာတွင် စကားစုတစ်ခုအပြီးတိုင်းသို့မဟုတ် ဝါကျတစ်ကြောင်းပြီးတိုင်း တစ်ခေါက်ရပ်ပါ။ သို့မှသာ ကျောင်းသားများက လိုက်ရေးနိုင်မည်ဖြစ်သည်။

၃။ နံပါတ်နှစ်အတိုင်း နောက်တစ်ခေါက်ဖွင့်ပြ ဖတ်ပြပါ။ လိုအပ်ပါက နောက်ထပ်တစ်ကြိမ်ဖွင့်ပြနိုင်သည်။ ထို့နောက် မိမိတို့ရေးထားသည်ကို ပြန်စစ်ရန် ပြန်ပြင်ရန် မိနစ်အနည်းငယ်ပေးပါ။

၄။ ၎င်းစာပိုဒ်ကို သင်တန်းသားများကြည့်ပါစေ။ ထိုအခါ ၎င်းတို့ရေးထားသည်နှင့် တိုက်စစ်ပြီး မှန်ကန်မှုရှိမရှိ ကိုယ်တိုင်အမှတ်ပေးကြည့်ပါစေ၊ ဥပမာ စာလုံးပေါင်း၊ စကားလုံးများ၏နောက်ဆုံးဗျည်းများ၊ prepositions များစသဖြင့်။

> ၆.၄
>
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက နားထောင်ကာ ကြားရသည်တို့ကို လိုက်ရေးပြီး ရေးထားသည်တို့မှန်မမှန် ပြန်စစ်ရန်။*
>
> ***သတိပြုရန်။*** ။ *ကျောင်းသားများက အဆိုပါစာသားကို သေချာရှင်းလင်းပီပြင်စွာ ကြားနိုင်ရန်လိုသည်။*

## ၆ (၅) အမှား ရှာပါ။

၁။ နားထောင်ရမည့် စာပိုဒ်ကို အချက်အလက်အမှားများ ပြောင်းလဲရေးချပါ။ ၎င်းအချက်မှားများထည့်သွင်းရေးသားထားသည့်စာပိုဒ်ကို ကျောင်းသားအရေအတွက်အလိုက် မိတ္တူကူးပြီးဝေပါ သို့မဟုတ် သင်ပုန်းပေါ်တွင်ရေးပြပေးထားပါ။

၂။ ထို့နောက် စာပိုဒ်အမှန်ကို ဖတ်ပြသို့မဟုတ် ဖွင့်ပြပါ။ ကျောင်းသားများက စာပိုဒ်အမှန်ကို နားထောင်ပြီး အမှားများကို ရှာဖွေထောက်ပြရမည်ဖြစ်သည်။

> ၆.၃
>
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက နားထောင်ကာ ကြားရသည်တို့ကို လိုက်ရေးပြီး ရေးထားသည်တို့မှန်မမှန် ပြန်စစ်ရန်။*
>
> ***သတိပြုရန်။*** ။ *ကျောင်းသားများက အဆိုပါစာသားကို သေချာရှင်းလင်းပီပြင်စွာ ကြားနိုင်ရန်လိုသည်။*

## ၆ (၄) နားထောင် ရေးမှတ်ခြင်း

၁။ စာတစ်ပုဒ်ကို အမြန်နှုန်းပုံမှန်မျှဖြင့် ဖတ်ပြသို့မဟုတ် ဖွင့်ပြပါ။

၂။ နောက်တစ်ခေါက်ထပ်မံဖွင့်ပြပါ။ စာပိုဒ်တစ်ခုပြီးတိုင်း တစ်ခါဆိုင်းပါ။ ကျောင်းသားများကို နားထောင်ခဲ့သော စာတစ်ပိုဒ်တွင်းမှ အရေးပါသော အချက်အလက်များကို မှတ်သားနိုင်အောင် အချိန်ပေးခြင်းဖြစ်သည်။ ကျောင်းသားများက ကြားရသမျှ ၏၊သည် မရွေးတူအောင်မရေးရပါ။ အဓိကကျသော အချက်အလက်များကိုသာ ကိုယ့်စကားနှင့်ကိုယ် နားလည်သလို မှတ်သားရမည်။

၃။ နောက်တစ်ခါ ထပ်တူ ထပ်ဖတ်ပြ/ ဖွင့်ပြပါ။ လိုအပ်ပါက သုံးကြိမ်မြောက် ထပ်ဖတ်ပြ/ ဖွင့်ပြ ပါ။

၄။ စာတစ်ပုဒ်လုံးကို ကျောင်းသားများအား ပြလိုက်ပါ။ ကျောင်းသားများကို မူလ စာနှင့် ၎င်းတို့လက်ဖြစ်စာပုဒ်နှင့် နှိုင်းယှဉ်ပါစေ။ ထို့နောက် အဓိပ္ပါယ်တစ်မျိုးတည်းကို မည်သို့နည်းလမ်းအမျိုးမျိုးဖြင့် ရေးသားခဲ့ကြကြောင်း တစ်တန်းလုံးဝိုင်းဆွေးနွေးပါ။

> ၆.၅
>
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက စာသားကို အသေးစိတ်နားထောင်ပြီး အချက်မှားများကို ဖော်ထုတ်ရန်။*
>
> ***သတိပြုရန်။*** ။ *ကျောင်းသားများက အဆိုပါစာသားကို သေချာရှင်းလင်းပီပြင်စွာ ကြားနိုင်ရန်လိုသည်။*
>
> ***ကြိုတင်ပြင်ဆင်မှု။*** ။ *ဖတ်ပြရန်စာပိုဒ်တစ်ခုကို အချက်မှားအချို့ထည့်ရေးပြီး ပြင်ဆင်ထားရန်လိုသည်။*

ဤလေ့ကျင့်ခန်းကို ပိုမိုလွယ်ကူစေရန်အတွက် အချက်မှားနှင့် အမှန်ကို သင်ပုန်းပေါ်တွင် ထပ်မံရေးပြထားပြီး အမှန်ရွေးစေခြင်းဖြစ်သည်။

ဤလုပ်ငန်းစဉ်ကို အပိုင်း၂ ဝေါဟာရ ကြိုတင်သင်ကြားခြင်းလုပ်ငန်းစဉ်များ တွင် ပါဝင်သော လုပ်ငန်းစဉ် အချို့အနောက်တွင် ကပ်လျက်ဆောင်ရွက်ရန် သင့်တော်သည်။

Wangari Maathai received the Nobel Peace Prize in 2004. She was born in Kenya in 1940. She taught biology at university, and joined the National Council of Women of Kenya. In 1976 she founded the 'Green Belt' movement. This movement encouraged poor women in Africa to plant 30 million trees.

```
Wangari Maathai received the
Nobel Peace Prize in 1904.
Shewas born in the UK in 1940.
Shetaught history at university,
and joined the International
Council of Women of Kenya. In
1976 she founded the 'Green
Tree' movement. This movement
encouraged poor women in America
to plant 30 thousand trees.
```

၆.၆

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက စာသားကို အသေးစိတ်နားထောင်ပြီး အခိကဝေါဟာရများပေါင်းထည့်ရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများက အဆိုပါစာသားကို သေချာရှင်းလင်းပီပြင်စွာ ကြားနိုင်ရန်လိုသည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *စာပိုဒ်မှ အဓိက ဝေါဟာရများကို ကွက်လပ်ချန်ပြီး ရေးသားပြင်ဆင်ထားရန်လိုသည်။*

## ၆ (၆) နားလည်းထောင်ရင်း ကွက်လပ်ဖြည့်ခြင်း

၁။ အဓိက ဝေါဟာရများကိုချန်၍ စာတစ်ပုဒ်ကို ဖတ်ပြပါ။ ၎င်း ဝေါဟာရများအစား "တီ" ဟူ၍ဖြစ်စေ "ping"ဟူ၍ဖြစ်စေ ထည့်ဖတ်ပါ။

၂။ ကျောင်းသားများက နားထောင်ပြီး လိုက်ရေးရန်ဖြစ်သည်။ ထိုသို့ရေးရာတွင် အဓိကဝေါဟာရများကို မိမိတို့ဘာသာ အစားထိုး၍ ရေးသားရန်ဖြစ်သည်။

ပိုမိုလွယ်ကူစေရန်အတွက်မူ ဖြည့်ရေးရမည့် အဓိကဝေါဟာရများကို သင်ပုန်းပေါ်တွင်ရေးပြထားကာ ကျောင်းသားများက ရွေးထည့်ရခြင်းမျိုးဖြစ်သည်။

ဤလုပ်ငန်းစဉ်ကို အပိုင်း၂ ဝေါဟာရ ကြိုတင်သင်ကြားခြင်းလုပ်ငန်းစဉ်များ တွင် ပါဝင်သော လုပ်ငန်းစဉ် အချို့အနောက်တွင် ကပ်လျက်ဆောင်ရွက်ရန် သင့်တော်သည်။

| | | |
|---|---|---|
| flooded | populated | disease |
| drought | disaster | drowned |

Bangladesh, one of the
most ping countries in the world, suffers
from frequent natural ping , such as floods,
cyclones, ping , landslides and earthquakes. In 1998
almost 70% of the country was ping , and 30 million
people had to leave their homes. During this time
more than a thousand people ping
or died from ping .

## ၆ (၇) နှစ်ဦးတွဲအလိုက်စာခေါ်ပေးခြင်း

၁။ ကျောင်းသားနှစ်ဦးတွဲက အပြန်အလှန် စာခေါ်ပေးကြရမည်ဖြစ်သည်။ တစ်ဦးစီကို စာပိုဒ်တစ်ဝက်စီ ပေးထားပါ။ တစ်ဦးစာပိုဒ်ကို တစ်ဦး မမြင်စေရသေးပါ။

၂။ ပထမ ကျောင်းသားက ဖတ်ပြစဉ် ဒုတိယကျောင်းသားက လိုက်ရေးရန် ဖြစ်ပြီး ဒုတိယကျောင်းသားက ဖတ်ပြလှည့်တွင် ပထမကျောင်းသားက လိုက်ရေးရမည်ဖြစ်သည်။

၃။ ထို့နောက် နှစ်ဦးလုံးက မိမိတို့စာပိုဒ်များကို အပြန်အလှန်ပြပြီး လိုက်ရေးထားသည်များ မှန်မမှန်ပြန်စစ်ရမည်ဖြစ်သည်။

စာပိုဒ်ကို တစ်ဝက်စီခွဲရာတွင် ပထမပိုင်းနှင့် ဒုတိယပိုင်းဟု ရှေ့နောက်ခွဲပြီး တစ်ပိုင်းစီ ပေးနိုင်သကဲ့သို့ အပိုင်းငယ်လေးများစွာခွဲပြီး အညီအမျှခွဲပေးခြင်းမျိုးလည်းပြုလုပ်နိုင်သည်။

၆.၇

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက နှစ်ဦးတွဲအလိုက် တစ်ဦးနှင့် တစ်ဦး အပြန်အလှန်စာခေါ်ပေးပြီး ရေးကြရန်*

***သတိပြုရန်။*** ။ *တစ်တန်းလုံးက နှစ်ဦးတွဲစီစာခေါ်နေကြမည်ဖြစ်သော ကြောင့် ဆူဆူညံညံတော့ဖြစ်နေမည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *စာတစ်ပုဒ်ကို တစ်ဝက်စီ ခွဲထုတ်ပြီး တစ်ဦးကို တစ်ဝက်စီပေးနိုင်အောင် ပြင်ထားရန်လိုသည်။*

```
A___________________________________
____________________________________
 so she didn't have enough time to
plan it properly.___________________
There wasn't enough room, so many of
them had to stand outside in the
corridor,___________________________
but nobody brought any extra plates
so people had to wait a long time to
eat.
```

```
B. My sister's wedding was a disaster.
She decided to get married suddenly, __
_______________________________________
.Nevertheless, about 50 of her friends
and relatives came to her
apartment.____________________________
and the neighbours were very annoyed.
My parents had organised the food.______
_______________________________________
_______________________________________
____________
```

# ၆ (၈) ပြေးလွှားခေါ်ပေး စာကိုရေးခြင်း

၁။ ကျောင်းသားများကို တစ်ဖွဲ့လျှင် ၁၀ဦး အများဆုံးထား၍အုပ်စုခွဲပေးပါ။ တစ်ဖွဲ့လျှင် စာရေးမည့်သူတစ်ဦးသတ်မှတ်ပါ။

၂။ ဖတ်ရမည့်စာများကို အလွယ်တကူလှမ်းမဖတ်နိုင်သည့် ခပ်လှမ်းလှမ်းတွင်ကပ်ထားပါ။

၃။ ပထမဆုံးအဖွဲ့ဝင်တစ်ဦးက စာကပ်ထားရာသို့ပြေးသွားပါ။ စာကိုဖတ်၍ အလွတ်မှတ်လာပြီး အဖွဲ့ရှိရာသို့ပြန်လာကာ စာရေးသူကို မှတ်လာသည့်စာများခေါ်ပေးရမည်။ စာရေးသူက ပထမ အပြေးသမားခေါ်ပေးသည့်စာကို ရေးပါ။

၄။ ရေးပြီးသည့်အခါ ဒုတိယ တစ်ဦးက ရေးပြီးသည့် နေရာမှ ထပ်ဖတ်၍မှတ်သားကာ ပြန်ပြေးလာပြီး အထက်ပါအတိုင်း ပြန်ခေါ်ပေးရမည်။

၅။ အချိန်သတ်မှတ်ချက် တစ်ခု ပြည့်သည်အထိ (ဥပမာ ၁၀မိနစ်) သို့မဟုတ် အဖွဲ့တစ်ဖွဲ့ဖွဲ့က စာတစ်ပုဒ်လုံးရေးပြီးသည့်အထိ ဆက်သွားနေရမည်။

၆။ ထို့နောက် မိမိတို့ ရေးသားပြီးသွားသည့် စာရွက်များကို အဖွဲ့ အချင်းချင်း လဲလှယ်ပြီး အမှတ်ခြစ်ကြရန်ဖြစ်သည်။ ထိုသို့အမှတ်ပေးရန် အရိုးရှင်းအလွယ်ကူဆုံးနည်းလမ်းမှာ နေရာမှန် စာလုံးပေါင်းမှန် ရေးထားသော စာတစ်လုံးကို တစ်မှတ်ပေးခြင်းမျိုးဖြစ်သည်။ Punctuation အမှားတစ်ခုအတွက် တစ်မှတ်လျှော့ခြင်းမျိုးလည်းလုပ်လိုက လုပ်နိုင်သည်။

၆.၈

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများကို စာတစ်ပုဒ်မှ အကြောင်းအရာများကို ၏/သည် မရွေးပြန်ပြောစေရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများပြေးလွှားပြောဆိုကြမည် ဖြစ်၍ ဆူညံနေမည်ဖြစ်ပြီး အခန်းနေရာလည်း ကျယ်ကျယ်ဝန်းဝန်း လိုမည်ဖြစ်သည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *အဖွဲ့ ၂ ဖွဲ့မှ ၄ ဖွဲ့အထိအတွက် စာတစ်ပုဒ် အနည်းဆုံးပြင်ဆင်ထားရန်လိုသည်။*

```
In 1940, during World War
Two, the French gave up
control of  Vietnam to
Japan. Ho Chi Minh, the
Vietnamese Independence
leader, saw a chance to
free his country. He
created the league for the
Independence of Vietnam,
also called the Vietminh.
The Vietminh began fighting
the Japanese and
successfully resisted the
invasion. On September 2
1945, Ho Chi Minh gave a
speech that announced his
nation's freedom..
```






## ၇။ နားထောင်ခြင်းလေ့ကျင့်ခန်း လုပ်ငန်းစဉ်များ (ထိန်းကျောင်းကန့်သတ်ပေးထားမှု အဆင့်လိုက် စီစဉ်ထားခြင်း)

ဤအပိုင်းမှ လေ့ကျင့်ခန်းများမှာ ကျောင်းသားများကို ထိန်းကျောင်းကန့်သတ်မှုများပေး၍ လေ့ကျင့်စေသော လုပ်ငန်းစဉ်များဖြစ်ကြသည်။ နားထောင်ပြီး အဓိပ္ပါယ်နားလည်ရေးကိုသာ ဦးစားပေးလေ့ကျင့်သော လေ့ကျင့်ခန်းများလည်းဖြစ်သည်။ နားထောင်ရမည့်စာတွင်ဘာပါသည်ကိုသာ အာရုံစိုက်ပြီး ကျောင်းသားများထံမှ ကိုယ်ပိုင်အမြင်များဖြင့် ပြောဆိုတုံ့ပြန်ခြင်းကို ဆွဲထုတ်ခြင်းမရှိ။ နားထောင်ရမည့်စာကို နားလည်သည်၏ အခြားဖက်ကို သွားရန်မကြိုးစားထားပါ။ ထိုသို့ ကြိုးစားထားသော / ထိန်းကျောင်းကန့်သတ်မှုအလွန်လျှော့ထားသော လေ့ကျင့်ခန်းများကိုမူ အပိုင်း (၁၀) သင်ခန်းစာနောက်ပိုင်း လေ့ကျင့်ခန်းများ ၌သာ တွေ့ရှိနိုင်ပါသည်။

အပိုင်း ၅ စာဖတ်ကျွမ်းကျင်မှုအတွက်လေ့ကျင့်ခန်းများ မှ လေ့ကျင့်ခန်းအားလုံးကို စာဖတ်ကျွမ်းကျင်မှုအတွက်သာမက နားထောင်ခြင်းကို လေ့ကျင့်ရန်အတွက်ပါ အသုံးပြုနိုင်ပါသည်။

**၅.၁ နားလည်ခြင်းစစ်ဆေးသော အမေးအဖြေများ**

**၅.၂ မှား/မှန်ရွေးပါ**

**၅.၃ ဖတ်စာ ဉာဏ်စမ်း**

**၅.၄ အကျဉ်းချုပ်**

**၅.၅ အကြောင်းအရာတို့ကို ပုံစံပြောင်းတင်ပြခြင်း**

**၅.၆ အချက်အလက်များကို အမျိုးအစားခွဲခြင်း**

**၅.၇ အချက်အလက်များကို အစီအစဉ်လိုက်စီခြင်း**

### ၇ (၁) အသစ်ပြန်ရေးပါ။

၇.၁
***ရည်ရွယ်ချက်။*** *။ စာသားတစ်ခုမှ အဓိက အကြောင်းအရာများကိုသာ အာရုံစိုက်နားထောင်ကြစေရန်။*
***သတိပြုရန်။*** *။ ကျောင်းသား တစ်ဦးချင်း နှစ်ဦးတွဲ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်နိုင်ရန်လိုသည်။*

ကျောင်းသားများက စာတစ်ပုဒ်ကို အကြိမ်ရေအနည်းငယ်ခန့် နားထောင်ပြီးသည့်အခါ နားလည်သည့်အတိုင်းထိုစာပိုဒ်ကို ပြန်ရေးရမည်ဖြစ်သည်။ ကျောင်းသားများအဖို့ပိုမိုလွယ်ကူစေရန်

- အဓိကကျသော စကားလုံး ဝေါဟာရများ စကားစုများစသည်တို့ကို သင်ပုန်းပေါ်တွင်ရေးပြထားခြင်း
- စကားလက်ဆုံပြောဆိုခြင်းဖြစ်ပါက ပြောသူတစ်ဦး၏စကားများကို ရေးပြထားပြီး နောက်တစ်ဦး၏ စကားများကိုသာ ကျောင်းသားများကို လိုက်ရေးစေခြင်း တို့ပြုလုပ်နိုင်ပါသည်။

### ၇ (၂) အရောနှောမှာ အတွဲရှာ

၇.၂
***ရည်ရွယ်ချက်။*** *။ စာသားတစ်ခုမှ အသေးစိတ်အချက်အလက်များကို အာရုံစိုက်နားထောင်ကြစေရန်*
***သတိပြုရန်။*** *။ ကျောင်းသားများ အတန်းတွင်း သွားလာလှုပ်ရှားနိုင်ရန်လိုသည်။*
***ကြိုတင်ပြင်ဆင်မှု။*** *။ နားထောင်ရန်စာသားများထဲမှ ဝါကျများကို တစ်ဝက်စီဖြတ်ပြီး ကျောင်းသားတစ်ဦးစီကို တစ်ပိုင်းစီရနိုင်ရန် စီစဉ်ထားရမည်။*

၁။ နားထောင်ရမည့် စာပုဒ်ထဲမှ ဝါကျများကို နှစ်ခြမ်းခွဲပြီး စာရွက်ပိုင်းလေးများပေါ်တွင်ရေး၍ ကျောင်းသားတစ်ဦးကို တစ်ခြမ်းစီပေးပါ။

၂။ ထို့နောက် စာသားကို တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ဖွင့်ပြ သို့မဟုတ် ဖတ်ပြပါ။ ကျောင်းသားများက မိမိ ဝါကျ၏နောက်တစ်ခြမ်းတွင် ဘာရေးထားမည်ကို နားထောင်မှတ်သားရမည်ဖြစ်သည်။

၃။ ကျောင်းသားများက အတန်းထဲတွင် လျှောက်သွားပြီး မိမိ၏ အခြမ်းမှန်ကို လိုက်လံရှာဖွေရန်ဖြစ်သည်။

နားထောင်ရမည့်စာသားထဲမှ ဝါကျများအားလုံးသုံးလိုက်သည်ဆိုပါက ထပ်မံဆောင်ရွက်နိုင်သည့်လုပ်ငန်းစဉ်တစ်ခုရှိသေးသည်။ ၎င်းမှာ ဆက်စပ်ရရှိထားသော ဝါကျများကို အစီအစဉ်လိုက် ပြန်စီခိုင်းခြင်းဖြစ်သည်။






## ၇ (၃) သရုပ်ဆောင်ရအောင်

၁။ စကားပြောဆိုခြင်းတစ်ခုကို နားထောင်ပြီးသည့်အခါ ကျောင်းသားများကို ၎င်းစကားပြောဇာတ်ညွှန်းကို ပေးဖတ်ပါ။ နားထောင်ခဲ့ရသည့် စကားတွင် ပါဝင်သော လူအရေအတွက်အတိုင်း အဖွဲ့ခွဲလျက် ပြင်ဆင်ပါစေ။

၂။ ထို့နောက် နားထောင်ခဲ့ရသော စကားပြောဆိုခြင်းအတိုင်း အဖွဲ့အတွင်းတွင် သရုပ်ဆောင်ကြစေရန်ဖြစ်သည်။

ပြီးလျှင် အဖွဲ့လိုက်အတန်းရှေ့ထွက်၍ သရုပ်ဆောင်ခိုင်းခြင်းမျိုးလည်းပြု လုပ်နိုင်သည်။

*၇.၃*


***ရည်ရွယ်ချက်*။** *။ စကားပြောစာသားတစ်ခုမှ အသေးစိတ်အချက်အလက်များကို အာရုံစိုက်ကြစေရန်*

***သတိပြုရန်*။** *။ စကားဝိုင်းမှ ပြောဆိုသူ အရေအတွက်အလိုက် ကျောင်းသားများကို နှစ်ဦးတွဲစီ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ခိုင်းရမည်။*

***ကြိုတင်ပြင်ဆင်မှု*။** *။ နားထောင်ရမည့် စကားပြောစာသားများကို မိတ္တူ ကူးထားရန်လိုသည်။*

# စာရေးခြင်း လုပ်ငန်းစဉ်များ

ဤ အပိုင်းတွင်ကျောင်းသားများ၏ စာရေးကျွမ်းကျင်မှုကို မြင့်တင်ပေးရန် လုပ်ငန်းစဉ်များပါဝင်ပါသည်။





စာရေးခြင်းသည်ကိုယ်တိုင်ထုတ်သုံး အသုံးချနိုင်ခြင်းကျွမ်းကျင်မှု (Productive skill) တစ်မျိုးဖြစ်သည်။ ဘာသာစကားသင်တန်းတွင်းမှ စာရေးခြင်းလေ့ကျင့်ခန်းဆိုလျှင် ဗျည်းသရ အက္ခရာလေးများကို မှန်ကန်စွာရေးခိုင်းခြင်းမှသည် အတွေးအမြင်များကို ထိရောက်စွာစုစည်းပြီး စည်းရုံးဆွဲဆောင်နိုင်သော ဆောင်းပါး အက်ဆေးများရေးခိုင်းခြင်းအထိ ကွဲပြားခြားနားမည်ဖြစ်သည်။

စာရေးဟန် ရေးနည်းအမျိုးမျိုးအတွက် ပုံစံထုတ်ထားသော လေ့ကျင့်ခန်းများစွာရှိသော်လည်း ဤအပိုင်းတွင်မူ ရေးနည်းရေးဟန်များစွာနှင့်ဆိုင်ပြီး  ကျွမ်းကျင်မှုအဆင့်အမျိုးမျိုးအတွက် အဆင်ပြေမည့် လေ့ကျင့်ခန်းများကိုသာ ထည့်သွင်းထားပါသည်။

ဤအပိုင်းမှ လေ့ကျင့်ခန်းများကို ကျောင်းသားပေါ်ထားသော ထိန်းကျောင်းကန့်သတ်ပေးထားမှု အဆင့်အလိုက် စဉ်ထားပါသည်။ ထိန်းကျောင်းကန့်သတ်မှု များစွာပေးထားသော လေ့ကျင့်ခန်းက ကျောင်းသားကို လိုအပ်သော စာများကို အဆင်သင့်ပေးထားပြီး ကျောင်းသားများက ၎င်းတို့ကို သုံးကာ အမှားကင်းသော စာတစ်ပိုဒ်ရေးနိုင်ရန်သာ ရည်ရွယ်သည်။ ထိန်းကျောင်းကန့်သတ်မှု ပိုနည်းသွားသော လေ့ကျင့်ခန်းများက လိုအပ်သော စာအနည်းငယ်ကိုတော့ ပေးထားပြီး ကျောင်းသားများက မိမိတို့ ကိုယ်ပိုင်အတွေး စကားလုံး ကိုယ်ပိုင် အင်္ဂလိပ်စာကို ပိုမို အားပြုထုတ်သုံးရန် အားပေးသည်။

ဤအပိုင်းအဆုံးတွင်မူ ထိန်းကျောင်းကန့်သတ်ပေးမှု မရှိတော့သော လေ့ကျင့်ခန်းများပါဝင်ပါသည်။ ထိုလေ့ကျင့်ခန်းများတွင် ကျောင်းသားများက အကြောင်းအရာနှင့် စာရေးသားပုံကို မိမိဘာသာ ရွေးချယ်လေ့ကျင့် ရေးသားခြင်းမျိုးဖြစ်သွားသည်။ ထိန်းကျောင်းကန့်သတ်ပေးမှု အဆင့်အလိုက်ခွဲထားသော လေ့ကျင့်ခန်းလုပ်ငန်းစဉ် ဥပမာ များကို အောက်ပါအတိုင်း အစဉ်လိုက် ပြထားပါသည်။




ကျောင်းသားများမှာ အသုံးပြုမည့် ဘာသာစကားနှင့် အကျွမ်းတဝင်မရှိသေးပါက လေ့ကျင့်ခန်းများတွင် ထိန်းကျောင်းကန့်သတ်ပေးမှုပိုမို လိုအပ်မည်ဖြစ်သည်။ အင်္ဂလိပ်စာနှင့် ပိုမိုရင်းနှီးလာလေ ထိန်းကျောင်းကန့်သတ်မှုကို လျှော့ချပေးနိုင်လေဖြစ်သည်။ ထိန်းကျောင်းကန့်သတ်မှုမရှိသော လေ့ကျင့်ခန်းများမှာ အများအားဖြင့် စာသင်ခန်းပြင်ပ လက်တွေ့ဘဝတွင် ပြောဆိုဆက်သွယ်ရာ၌ လိုအပ်သော (real-life) အင်္ဂလိပ်စာ/စကားမျိုး ဖြစ်တတ်ပါသည်။

# ၈။ စာရေးခြင်းလေ့ကျင့်ခန်းများ – ထိန်းကျောင်းကန့်သတ်ပေးထားမှုအဆင့်လိုက် စီစဉ်ထားခြင်း

အစပိုင်းလေ့ကျင့်ခန်းများမှာ ထိန်းကျောင်းကန့်သတ်ပေးမှုများသော လေ့ကျင့်ခန်းများဖြစ်ကြပြီး ရည်ရွယ်ထားသော စာ/စကားတို့နှင့် အကြောင်းမျိုးကိုသာ လေ့ကျင့်ခြင်းဖြစ်ပြီး ကျောင်းသားများမှာ ရလဒ်မှန် တစ်ခု သို့မဟုတ် အနည်းငယ်ကိုသာ ရရှိစေရန် ဖြစ်သည်။ နောက်ပိုင်းလေ့ကျင့်ခန်းများမှာ ကျောင်းသားကို ပိုမိုလူးလွန့်ခွင့်ပေးထားပြီး အဖြေမှန် များစွာကိုခွင့်ပြုထားသည်။

စာရေးလေ့ကျင့်ခန်းများအတွက် အခြား အပိုင်းများမှ လုပ်ငန်းစဉ်များကိုလည်း အသုံးပြုနိုင်ပါသေးသည်။

**၅.၆ အချက်အလက်များကို အမျိုးအစားခွဲခြင်း**

**၆.၃ စာခေါ်ပေးခြင်း**

**၆.၄ နားထောင်ရေးမှတ်ခြင်း**

**၆.၇ နှစ်ဦးတွဲအလိုက်စာခေါ်ပေးခြင်း**

**၇.၁ အသစ်ပြန်ရေးပါ**

**၁၁.၁၅ ကိုယ့်ကိုယ်ကို ထည့်ရေးပါ**

## ၈ (၁) ရောထွေးရေးထား ဝါကျများ

၁။ သင်ခန်းစာအကြောင်းအရာနှင့် ပတ်သက်သော သို့မဟုတ် သင်ကြားမည့် တည်ဆောက်ပုံနှင့် သက်ဆိုင်သော ဝါကျများစွာရေးသားပြင်ဆင်ပါ။ ထို့နောက် တစ်ကြောင်းစီမှ စကားလုံးများကို ရောထွေးမွှေနှောက်လိုက်ပါ။

၂။ ထိုသို့ စကားလုံးများ ရောထွေးမွှေနှောက်ထားသည့် ဝါကျများကို အဓိပ္ပါယ်ရှိသော ဝါကျများဖြစ်လာစေရန် စကားလုံးများကို ကျောင်းသားများက ပြန်စီစဉ်ရန်ဖြစ်သည်။

ပိုမိုကျွမ်းကျင်သော ကျောင်းသားများအတွက် ထိုဝါကျများကို အဓိပ္ပါယ်ရှိသော စာပိုဒ်တစ်ခုဖြစ်သည်အထိ စီစဉ်ခိုင်းနိုင်သည်။

> ၈.၁
> ***ရည်ရွယ်ချက်။*** *။ ရောထားသော စကားလုံးများကို နဂိုဝါကျအတိုင်းပြန်ဖြစ်အောင် စီစဉ်စေရန်။*
> ***သတိပြုရန်။*** *။ ကျောင်းသားများကို နှစ်ဦးတွဲစီ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ခိုင်းရမည်။*
> ***ကြိုတင်ပြင်ဆင်မှု။*** *။ ဝါကျများရေးသားပြင်ဆင်ပြီး စကားလုံးများကို ရောမွှေပေးထားရမည်။*

> ၈.၂
> ***ရည်ရွယ်ချက်။*** *။ ကျောင်းသားများက အမှားများ ရေးသား/ ရှာဖွေပေးရန်။*
> ***သတိပြုရန်။*** *။ ကျောင်းသားများကို နှစ်ဦးတွဲစီ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ခိုင်းရမည်။*

## ၈ (၂) မှားယွင်းရေးထား ဝါကျများ

၁။ ကျောင်းသားများက ၎င်းတို့လေ့လာခဲ့သော အကြောင်းအရာနှင့် ပတ်သက်၍သို့မဟုတ် ၎င်းတို့လေ့လာနေခဲ့သော တည်ဆောက်ပုံကို သုံး၍ ဝါကျ ၅ ကြောင်းမှ ၁၀ ကြောင်းထိ ရေးသားရန်ဖြစ်သည်။ ထိုဝါကျ တစ်ကြောင်းစီတွင် အမှားတစ်ခုစီထည့်ရေးရမည်ဖြစ်သည်။ ၎င်းအမှားများမှာ အောက်ပါတို့အနက် တစ်ခုဖြစ်နိုင်သည်။

- အချက်အလက်မှားများ (သင်ခန်းစာတွင်းမှ အကြောင်းအရာကို မှားရေးထားခြင်းမျိုး)
- ဘာသာစကားအမှားများ (သဒ္ဒါမှားများ ၊ ဝေါဟာရ မှားများ၊ စာလုံးပေါင်းမှားများ စသဖြင့်)

၂။ ထို့နောက် ကျောင်းသားအချင်းချင်း ရေးထားသော ဝါကျများလဲကြည့်ပြီး အမှားကိုရှာကာ ပြန်ပြင်ရေးရမည်ဖြစ်သည်။

## ၈ (၃) စကားစုများပေါင်းထည့်ပေးပါ

၁။ ကျောင်းသားတစ်ဦးစီ သို့မဟုတ် နှစ်ဦးတွဲစီ သို့မဟုတ် တစ်ဖွဲ့စီကို စာတစ်ပုဒ်ပေးပါ။ ၎င်းစာမှ စကားစုအချို့ သို့မဟုတ် ဝါကျအချို့ကို ဖြတ်ထုတ်ထားပါ။ ထို့သို့ ဖြတ်ထုတ်ထားလိုက်သည့် စကားစုများသို့မဟုတ် ဝါကျများကို သင်ပုန်းပေါ်တွင်ရေးပြထားပါ။

၂။ ကျောင်းသားများက သင်ပုန်းပေါ်မှ စကားစုများ ဝါကျများကို ပေးထားသည့်စာအတွင်း မည်သည့်နေရာတွင် ထည့်ရမည်ဟု စဉ်းစားပါစေ။

၃။ ထို့နောက် ပေးထားသည့် စာကို ဖြတ်ထုတ်ထားသော စကားစုများကို ပြန်ပေါင်းထည့်လျက် ကျောင်းသားများက ပြန်ရေးရမည်ဖြစ်သည်။

> ၈.၃
>
> ***ရည်ရွယ်ချက်။*** ။ *စာတစ်ပုဒ်ကို ဖြည့်စွက်ရေးသားစေရန်။*
>
> ***သတိပြုရန်။*** ။ *ကျောင်းသားများကို တစ်ဦးချင်း သို့မဟုတ် နှစ်ဦးတွဲစီ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ခိုင်းနိုင်သည်*
>
> ***ကြိုတင်ပြင်ဆင်မှု။*** ။ *စာတစ်ပုဒ်ကို စကားစုအချို့ သို့မဟုတ် ဝါကျအချို့ ချန်ပြီး ရေးသားပြင်ဆင်ထားရမည်။*

> *the arrogant, rude boss who had unfairly fired him*
> *who had to quit high school and get a job*
> *where he used to work*
> *who was sick and couldn't afford medical treatment*

```
Myo Min walked past the office. He
looked up at the highest window and
thought about Mr Smythe. accused him
of stealing. He thought of his mother.
He thouhgt of his little brother.
```

> ၈.၄
>
> ***ရည်ရွယ်ချက်။*** ။ *စာတစ်ပုဒ်တွင် ဖာကညခအေကအေသေည များ ပေါင်းထည့်ကြစေရန်။*
>
> ***သတိပြုရန်။*** ။ *ကျောင်းသားများကို တစ်ဦးချင်း သို့မဟုတ် နှစ်ဦးတွဲစီ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ခိုင်းနိုင်သည်*
>
> ***ကြိုတင်ပြင်ဆင်မှု။*** ။ *စာတစ်ပုဒ်ကို punctuation များ ဖယ်ထုတ်ပြီး ရေးသားပြင်ဆင်ထားရန်လိုသည်။*

## ၈ (၄) Punctuation များပေါင်းထည့်ပေးပါ။

၁။ ကျောင်းသားတစ်ဦးစီ သို့မဟုတ် နှစ်ဦးတွဲစီ သို့မဟုတ် တစ်ဖွဲ့စီကို စာတစ်ပုဒ်ပေးပါ။ ၎င်းစာမှ punctuation များကိုဖြတ်ထုတ်ထားပါ။

၂။ ကျောင်းသားများက ၎င်းစာကို စကညခအေကအေသေည များဖြည့်စွက်လျက်ပြန်လည်ရေးသားရမည်ဖြစ်သည်။

ကျွမ်းကျင်မှုနည်းသေးသူကျောင်းသားများအတွက် လွယ်ကူသော Punctuation များကို သာ ဖြတ်ထုတ်ရန် ဥပမာ စာလုံး အကြီးကို အသေးနှင့်ရေးပေးထားခြင်း၊ ကော်မာများ၊ Full Stop များဖြုတ်ထားခြင်းတို့ကိုသာ ပြုလုပ်ပြီး ပိုအဆင့်မြင့်သူကျောင်းသားများအတွက်မှ ပိုခက်သော စကညခအေကအေသေည များကို ထည့်သွင်းအသုံးပြုနိုင်သည်။ ဥပမာ dash -, colon : များနှင့် semi colon ; တို့ဖြစ်ကြသည်။

## ၈ (၅) Adverbs များပေါင်းထည့်ပါ။

၁။ ကျောင်းသားတစ်ဦးစီ သို့မဟုတ် နှစ်ဦးတွဲစီ သို့မဟုတ် တစ်ဖွဲ့စီကို ဝိလေနမဘျ မပါသော စာတစ်ပုဒ်ပေးပါ။

၂။ ထို့နောက် ဝိလေနမဘျ မပါသောကြောင့် စာပိုဒ်မှာ ဖတ်၍မကောင်းကြောင်း အဓိပ္ပါယ်ထင်းကန ပေါ်လွင်ခြင်းမရှိကြောင်း ကျောင်းသားများ သတိမူမိစေရန် ပြုလုပ်ပါ။

၃။ ကျောင်းသားများက ထိုစာကို ပိုမိုစိတ်ဝင်စားဖို့ကောင်းစေရန် ပိုရုပ်လုံးကြွစေရန် ဝိလေနမဘျ များ ပေါင်းထည့်လျက်ပြင်ရေး ရမည်ဖြစ်သည်။

ကျောင်းသားများအကူအညီလိုအပ်မည်ထင်ပါက အသုံးပြု၍ရမည့် adverbs အချို့ကို အကြံပြု ရေးသားပြထားနိုင်သည်။

> ၈.၅
>
> ***ရည်ရွယ်ချက်။*** ။ *စာတစ်ပုဒ်ပိုမိုရုပ်လုံးပေါ်လာအောင် adverb များပေါင်းထည့်ကြစေရန်။*
>
> ***သတိပြုရန်။*** ။ *ကျောင်းသားများကို တစ်ဦးချင်း သို့မဟုတ် နှစ်ဦးတွဲစီ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ခိုင်းနိုင်သည်*
>
> ***ကြိုတင်ပြင်ဆင်မှု။*** ။ *စာတစ်ပုဒ်ကို adverb များဖယ်ထုတ်ပြီး ရေးသားပြင်ဆင်ထားရမည်။*

```
She got tired of waiting.
'Where is he?' she sighed,
and walked over to the
window.
```

> *Eventually, she got tired of waiting. 'Where is he?' she sighed sadly, and walked slowly over to the window.*

## ၈ (၆) အစ နှင့် အဆုံး ရေးသားပေးပါ။

ကျောင်းသားများက စာတစ်ပုဒ်ကို အစပိုင်းနှင့် အဆုံးပိုင်း များ ဖန်တီးရေးသားပေးရမည်ဖြစ်သည်။

- ပေးစာများ၊ အထူးသဖြင့် အလုပ်သဘော သမားရိုးကျ ပေးစာများကို မိတ်ဆက် နိဒါန်းပိုင်းနှင့် အဆုံးသတ်နှုတ်ဆက် စကားများထည့်သွင်းရေးသားပေးခြင်း
- စာစီစာကုံး အက်ဆေးများအတွက် သင့်တော်မည့် နိဒါန်းပိုင်းနှင့် နိဂုံးပိုင်းရေးသားပေးခြင်း
- စကားစမြည်ပြောဆိုခြင်းများအတွက် အစစကားနှင့် အဆုံးသတ် စကားများရေးပေးခြင်း

၈.၆

***ရည်ရွယ်ချက်။*** ။ *ပေးထားသည့် စာတစ်ပိုဒ်အတွက် သင့်တော်သော အစစာသားနှင့် အဆုံးသတ်စာသားများရေးပေးကြစေရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများကို တစ်ဦးချင်း သို့မဟုတ် နှစ်ဦးတွဲစီ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ခိုင်းနိုင်သည်*

***ကြိုတင်ပြင်ဆင်မှု။*** ။ *စာတစ်ပုဒ်ကို အစစာသားနှင့် အဆုံးသတ်စာသားများ ဖြတ်ထုတ်ပြီး ပြင်ဆင်ထားရန်လိုသည်။*

```
______________________________________________________________
_____________________________________. On the 25th of January,
I bought a 'Telexon' external hard drive from your showroom.
I was told that this had 500GB of space. However, when
I set it up, I discovered it only had 100GB of space. I
particularly need the larger drive, as I have a lot of files
to store. I also consider that 110,000K is too much to pay
for a 100GB drive. ___________________________________________
_______________________________________________________.
```

## ၈ (၇) စာပိုဒ်ကို ပြောင်းလဲရေးသားခြင်း

ကျောင်းသားများက ပုံစံပေးထားသော စာတစ်ပုဒ်ကို ပြောင်းလဲပြင်ဆင်ရေးသားရမည်ဖြစ်သည်။
ထိုသို့ပြောင်းလဲရေးသားရန် နည်းလမ်းအမျိုးမျိုးရှိသည်။

- မိမိတို့အကြောင်း အဖြစ်ရေးခြင်း

၈.၇

***ရည်ရွယ်ချက်။*** ။ *ပေးထားသည့် စာတစ်ပိုဒ်ကို အခြားရှုထောင့်တစ်မျိုးမှ ပြောင်းလဲ ရေးသားစေရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများကို တစ်ဦးချင်း သို့မဟုတ် နှစ်ဦးတွဲစီ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ခိုင်းနိုင်သည်*

***ကြိုတင်ပြင်ဆင်မှု။*** ။ *ကျောင်းသားများပြန်ရေးရန် နမူနာစာတစ်ပုဒ်ပြင်ထားရမည်။*

```
I was born in Freemantle on the
West Coast of Australia in 1956.
My parents worked on the boats.
My father was a ship's navigator
and my mother was a nurse at the
port. We lived in a large old
house near the railway station.
```

I was born in Bago in Central Myanmar in 1989. My parents worked in their stationery shop. My father worked in the shop front serving the customers and my mother looked after the accounts. We lived in a small new apartment in the centre of the city.

- Tense ပြောင်းပြီးရေးခြင်း
- အခြားအမြင်တစ်ခုမှ ရေးခြင်း (ဥပမာ စာပိုဒ်ထဲမှ ပြောသူ ငမျအ စနမျသည ကို အပြောခံသူ third person အဖြစ်ပြောင်းလဲရေးသားခြင်း)
- မူလစာပိုဒ်မှ ဆိုလိုရင်းကို ဆန့်ကျင်ဘက် အဓိပ္ပါယ်ထွက်အောင် ပြန်ရေးခြင်း

စသည့်နည်းလမ်းတို့နှင့် ပြောင်းလဲရေးသားခိုင်းနိုင်သည်။

## ၈ (၈) သရုပ်ဖော်ချက်များကို ရေးခြင်း တွဲစပ်ခြင်း

၁။ ရုပ်ပုံအချို့ကို ပြင်ဆင်ထားပါ။ သင်ရိုးစာအုပ်များမှ မိတ္တူဆွဲခြင်း သတင်းစာ ဂျာနယ်များမှ ပုံများကို ဖြတ်ညှပ်ခြင်း၊ သို့မဟုတ် ဆရာကိုယ်တိုင်ပုံများ ဆွဲသားခြင်းတို့ ပြုလုပ်နိုင်သည်။ ကျောင်းသား တစ်ဦးစီ သို့မဟုတ် နှစ်ဦးတွဲစီကို တစ်ပုံစီပေးပါ။

၂။ ထိုပုံအကြောင်း သရုပ်ဖော်ချက်ကို ကျောင်းသားများက စာရွက်အပိုင်း တစ်ခုအပေါ်တွင်ရေးကြပါစေ။

၃။ ၃။ ထို့နောက် ပုံများကို ပြန်သိမ်းပြီး နံရံတွင် လိုက်ကပ်ပါ။ သို့မဟုတ် အခန်းပတ်ပတ် လည်တွင် စားပွဲများထားပြီး ထိုစားပွဲများတွင် တင်ထားပါ။

၄။ ကျောင်းသားများရေးထားသော သရုပ်ဖော်ရေးသားချက်များကို ပြန်သိမ်းပါ။ ၎င်းစာရွက်များကို ရောမွှေပြီး တစ်ဦးသို့မဟုတ် တစ်တွဲကို တစ်ရွက်စီ ကျပမ်း ပြန်ပေးပါ။ ကျောင်းသားများ ကိုယ်ရေးခဲ့သော စာရွက် ကိုယ်ပြန်မရပါစေနှင့်။ သေချာအောင် ပြန်မေးပြီး စာရွက်များ လဲပေးသင့်လျှင် လဲပေးရမည်။


၅။ ကျောင်းသားများက အခန်း ပတ်ပတ်လည်သို့ လျှောက်သွားလျှက် မိမိတို့လက်ထဲမှ သရုပ်ဖော်ချက်နှင့်ကိုက်ညီသော ရုပ်ပုံကို လိုက်ရှာရမည်ဖြစ်သည်။


၈.၈

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက သရုပ်ဖော်ချက်များရေးသားခြင်း၊ ပုံနှင့် စာတွဲစပ်ပေးခြင်း တို့ပြုလုပ်ကြစေရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများက အတန်းတွင်း လျှောက်သွားပြီး ပုံများလိုက်ကြည့်ခြင်း၊ သရုပ်ဖော်စာများဖတ်ပြီး ပုံနှင့် တိုက်ကြည့်ခြင်းတို့ပြုလုပ်နိုင်ရန်လိုသည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *ရုပ်ပုံများစုထားရမည်။ ကျောင်းသားတစ်ဦးစီ သို့မဟုတ် တစ်တွဲစီအတွက် တစ်ပုံစီ ရှိရန်လိုသည်။*




ယခုလေ့ကျင့်ခန်းကို ယေဘုယျ အရေးလေ့ကျင့်ခန်းတစ်ခု အဖြစ်လည်း သုံးနိုင်သကဲ့သို့၊ ကျောင်းသားများ၏ လက်ရှိသင်ခန်းစာမှ အကြောင်းအရာများ ထည့်သွင်းထားသည့် လေ့ကျင့်ခန်း အဖြစ်ပါ အသုံးပြုနိုင်သည်။

## ၈ (၉) အကြောင်းအရာတို့ကို ပုံစံပြောင်းတင်ပြခြင်း

ဤလေ့ကျင့်ခန်းသည် လေ့ကျင့်ခန်း ၅.၅ ကို ပြောင်းပြန်လုပ်ထားသော ပုံစံကွဲတစ်မျိုးဖြစ်သည်။ ပုံစံအမျိုးမျိုးဖြင့် ပြထားနိုင်သော အချက်အလက်များကိုကြည့်လျက် ကျောင်းသားများက စာပိုဒ် တစ်ခု အဖြစ်ရေးထုတ်ပေးရန်ဖြစ်သည်။ အချက်အလက်များကို

- ရုပ်ပုံများအနေနှင့် ပြထားနိုင်သည်
- မြေပုံတစ်ခုအနေနှင့် ပြထားနိုင်သည်
- အချိန်မျဉ်း တစ်ခု အနေနှင့် ပြထားနိုင်သည်
- အချိန်ဇယား တစ်ခု အနေနှင့် ပြထားနိုင်သည်။
- ဇယားကွက်များ
- ဂရပ်ဖ် ပုံပြမျဉ်းများ
- စကားစမြည်ပြောဆိုခြင်း (dialogue) ကဗျာ သီချင်း စသည်တို့အနေနှင့် ပြထားနိုင်သည်။

၈.၉

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက အချက်အလက် တစ်မျိုးတည်းကို ပုံစံ အမျိုးမျိုးနှင့် ပြန်လည်တင်ပြကြရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများ တစ်ဦးစီ၊ နှစ်ဦးတွဲစီ၊ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ကြရန်လိုအပ်သည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *ရုပ်ပုံများ၊ မြေပုံများ ၊ ဂရပ်ဖ် ပုံပြမျဉ်း စသည်တို့ ပြင်ဆင်ထားရန်လိုသည်။*

| Worldwide English Academy: Intermediate Class | | | |
|---|---|---|---|
| | 5 - 6 pm | 6 - 7 pm | 7 - 8 pm |
| Mon | General English | Academic Reading and Writing | Public Speaking |
| Tues | Exam Preparation | General English | Academic Reading and Writing |
| Thurs | Academic Reading and Writing | General English | Guest Speaker |

The Intermediate Class at the Worldwide English Academy meets on Mondays, Wednesdays and Thursdays. Classes run from 5 to 8 pm.
On Mondays, they start with General English. At 6.00 they have Academic Reading and Writing, followed by Public Speaking at 7. . .

## ၈ (၁၀) တစ်နည်းအားဖြင့် ရေးသော်

ပေးထားသော စာတစ်ပုဒ်ကို ကျောင်းသားများက မိမိတို့ကိုယ်ပိုင်စကားလုံးဖြင့် ပြန်ရေးရမည်ဖြစ်သည်။ အကြောင်းအရာ အချက်အလက်တစ်မျိုးတည်းကို အင်္ဂလိပ်စာကို ပုံပြောင်းပြီး ပြန်ရေးသားရခြင်းဖြစ်သည်။

- ကျွမ်းကျင်မှုနည်းသေးသူ ကျောင်းသားများကို ဝါကျလေးများကိုသာ ပြန်ရေးခိုင်းခြင်းလုပ်နိုင်ပြီး ထိုသို့ရေးရာတွင် function words (prepositions, conjunctions, auxiliary verbs, pronouns, articles) များကို သည်အတိုင်းပြန်သုံးခွင့်ပေးသင့်သည်။
- ပိုအဆင့်မြင့်သည့် ကျောင်းသားများအနေနှင့် စာပိုဒ်များ သို့မဟုတ် ရှည်လျားသည့် စာသားများကို ပြန်ရေးခိုင်းခြင်းလုပ်နိုင်သည်။ ကျောင်းသားများ ပိုမိုအားစိုက်ရရန်ဆိုလျှင် အချို့ function words (conjunctions or modal verbs) များကို ပြန်ကူးယူခွင့်မပေးဟုလည်း ပြောနိုင်သည်။

၈.၁၀

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက အချက်အလက် တစ်မျိုးတည်းကို စာသား/စကားလုံးများပြောင်းပြီး ပြန်လည်တင်ပြကြရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများ တစ်ဦးစီ၊ နှစ်ဦးတွဲစီ၊ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ကြရန်လိုအပ်သည်။*

## ၈ (၁၁) အဓိက ဝေါဟာရများမှ စာသားတစ်ခုသို့

> ၈.၁၁
>
> ***ရည်ရွယ်ချက်။*** ။ *အဓိက ဝေါဟာရများသို့မဟုတ် စကားစုများကို အသုံးပြုပြီး ကျောင်းသားများက စာပိုဒ်တစ်ပိုဒ် ရေးသားကြစေရန်။*
>
> ***သတိပြုရန်။*** ။ *ကျောင်းသားများ တစ်ဦးစီ၊ နှစ်ဦးတွဲစီ၊ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ကြရန်လိုအပ်သည်။*

၁။ ကျောင်းသားများ၏ လေ့လာနေခဲ့သော သင်ခန်းစာများထဲမှ အဓိက ဝေါဟာရအချို့ကို ရေးချပါ။

၂။ ကျောင်းသားများက ထို ဝေါဟာရများကို အသုံးပြု၍ စာတစ်ပုဒ်ရေးချရန်ဖြစ်သည်။

> ၈.၁၂
>
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက အချက်အလက်များကို စာပိုဒ်၏ နေရာအမျိုးမျိုးတွင် ထည့်သွင်းရေးသားကြရန်ဖြစ်သည်။*
>
> ***သတိပြုရန်။*** ။ *ကျောင်းသားများ တစ်ဦးစီ လုပ်ဆောင်ကြရမည်။*
>
> ***ကြိုတင်ပြင်ဆင်မှု။*** ။ *အက်ဆေး/ဆောင်းပါး တစ်ခုခု၏ စာပိုဒ်ခွဲများတွင် ပါဝင်သော အချက်အလက်များကို စာရင်းပုံစံချရေးပြင်ဆင်ထားရမည်။*

## ၈ (၁၂) ယူဆချက်များကို ဖွဲ့စည်းစီစဉ်ခြင်း

၁။ စာတစ်ပုဒ်၏ နေရာအနှံ့မှ ဝါကျများကို သို့မဟုတ် စာတွင်ဖော်ပြထားသည့် ထင်မြင်ချက်များကို ရောမွှေပြီး ချရေးထားပါ။

၂။ မူလစာထဲတွင် မည်သည့်အချက်တို့ သို့မဟုတ် မည်သည့် ဝါကျတို့မှာ စာပိုဒ်တစ်ပိုဒ်ထဲမှ လာခြင်းဖြစ်သည်ကို ကျောင်းသားများက မှန်းဆရမည်။

၃။ ထို့နောက်ကျောင်းသားများက ထို ဝါကျများ ထင်မြင်ချက်များကို သုံးလျက် စာစီစာကုံးတစ်ခု အက်ဆေးတစ်ပုဒ်ကို ရေးပေးရမည်ဖြစ်သည်။

| | |
|---|---|
| - nice beaches | - comfortable hotels |
| - cheap guest houses | - convenient buses |
| - beautiful forests | -fast trains |

ကျောင်းသားများကို ဝါကျများလည်းရေးပေးနိုင်သကဲ့သို့ မှတ်စုစာတို အပိုင်းအစ လေးများလည်း ပေးနိုင်သည်။

## ၈ (၁၃) မမြင်ရသော ပုံပြင်

> ၈.၁၃
>
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက ဇာတ်လမ်းပုံပြင်တစ်ခု ဖန်တီးရေးသားရန်။*
>
> ***သတိပြုရန်။*** ။ *ကျောင်းသား ၃ဦးမှ ၅ ဦးအထိကို တစ်ဖွဲ့ဖွဲ့ပြီး လုပ်ဆောင်ကြရမည်ဖြစ်သည်။*

၁။ ကျောင်းသားများကို ၃ယောက်မှ ၅ ယောက်အထိ အဖွဲ့များခွဲပါ။ တစ်တန်းလုံးကို ဇာတ်လမ်းပုံပြင်တစ်ခု၏ခေါင်းစဉ်ကို ပေးပါ။ ထိုခေါင်းစဉ်မှာ ၎င်းတို့ သင်ယူနေခဲ့သည့် သင်ခန်းစာနှင့် သက်ဆိုင်သော ခေါင်းစဉ်ဖြစ်နိုင်သကဲ့သို့ အတန်းနှင့် အတူတူခေါင်းစဉ်ရွေးချယ်နိုင်ပါသည်။

၂။ အဖွဲ့တစ်ဖွဲ့လျှင် စာတစ်ရွက် ယူပြီး ထိုစာရွက်အပေါ်တွင် ရွေးထားသည့် ခေါင်းစဉ်တပ်လိုက်ပါ။

၃။ အဖွဲ့တွင်းမှ ပထမကျောင်းသားက မိမိ၏ ဇာတ်လမ်းကို ဝါကျနှစ်ကြောင်းသာ ရေးရမည်ဖြစ်သည်။ ထို့နောက် ဒုတိယဝါကျကိုချန်၍ စာရွက်ကို ခေါက်ပါ။ ပထမဝါကျကို မမြင်ရဘဲ ဒုတိယဝါကျကိုသာမြင်ရအောင်ခေါက်ထားခြင်းဖြစ်သည်။

၄။ ခေါက်ပြီးနောက် စာရွက်ကို ဒုတိယကျောင်းသားကို ပေးရမည်ဖြစ်သည်။ ၎င်းက ရရှိလာသည့် စာရွက်မှ ဒုတိယစာကြောင်းကိုကြည့်၍ ဇာတ်လမ်းကို ဆက်ရေးရမည်။ ဆက်ရေးရာတွင်လည်း ဝါကျနှစ်ကြောင်းသာ ရေးသားရမည်။ ထို့နောက် ဒုတိယ တစ်ကြောင်းကိုသာ ဖော်ပြထား၍ စာရွက်ကို ခေါက်ပါစေ။ နောက်တစ်ဦးကို ထပ်ပေးရမည်။

၅။ ကျောင်းသားအားလုံး တစ်ဦးချင်းစီ ၂လှည့် ၃လှည့်မျှ ရေးပြီးပြီသည့်အလှည့်တွင် နောက်ကျောင်းသားက နိဂုံးတစ်ခုရေးပေးရမည်။

၆။ အဖွဲ့များက မိမိတို့ အဖွဲ့တွင်း ရေးသားပြီးသည့် ဇာတ်လမ်းကို တစ်တန်းလုံးသို့ ပြန်ဖတ်ပြရမည်ဖြစ်သည်။

1

**My Favourite Place**

**I love to visit the zoo.**

**There are a lot of interesting animals there.**

2

*There are a lot of interesting animals there.*

*Some are friendly, and some are dangerous.*

*I am afraid of some of them.*

3

*I am afraid of some of them.*

*I am also afraid of trains.*

*I took a train journey last year and there was an accident.*

## ၈ (၁၄) စာအမြန်ရေးခြင်း

၁။ အတန်းကို ခေါင်းစဉ်တစ်ခုပေးပါ။ အချိန်ကို တစ်မိနစ်မှ ငါးမိနစ်အတွင်းသတ်မှတ်ပေးပါ။ အဆင့်ပိုမြင့်သော ကျောင်းသားများအတွက် အချိန်ပိုပေးနိုင်သည်။

၂။ သတ်မှတ်ချိန်အတွင်း ကျောင်းသားများက ခေါင်းစဉ်အောက်တွင် များနိုင်သမျှများများ စာရေးရမည်ဖြစ်သည်။ ကျောင်းသားများကို သဒ္ဒါအပိုင်း စာလုံးပေါင်း စသည်တို့ကို အာရုံမစိုက်ဘဲ များများရေးနိုင်သမျှရေးရန်သာ အားပေးတိုက်တွန်းပါ။

၃။ အချိန်ပြည့်လျှင် မိမိတို့ရေးသားထားသည့် စကားလုံးအရေအတွက်ကို ကျောင်းသားများက ရေတွက်ရမည်ဖြစ်သည်။ စကားလုံးအရေအတွက် အများဆုံးရေးထားသော ကျောင်းသားက အနိုင်ရသူ ဖြစ်သည်။ (ခေါင်းစဉ်နှင့် မပတ်သက်သော စာများကိုမူ ထည့်သွင်းရေတွက်ခြင်း မပြုရပါ။)

> ၈.၁၄
> ***ရည်ရွယ်ချက်။*** *။ စာကို သွက်သွက်လက်လက် မထစ်မငေါ့ ရေးသားနိုင်ခြင်းကို လေ့ကျင့်မြှင့်တင်ရန်။*
> ***သတိပြုရန်။*** *။ ကျောင်းသားတစ်ဦးချင်းလုပ်ဆောင်ရမည်ဖြစ်သည်*

## ၈ (၁၅) စူးစမ်းမေးမြန်း ရေးသားသော အက်ဆေး

၁။ အဖွဲ့လိုက်လုပ်ဆောင်ရမည်ဖြစ်သည်။ ကျောင်းသားများက မည်သည့်ရင်းမြစ်များမှ သတင်းအချက်အလက်များ ရရှိနိုင်သည်ကို သတ်မှတ်ကြရမည်။

၂။ ကျောင်းသားတစ်ဦးစီက ရင်းမြစ်တစ်ခုစီ သို့မဟုတ် ရင်းမြစ်တစ်ခုနှစ်ခုခန့်မျှကို ရွေးချယ်ပြီး ၎င်းတို့ခေါင်းစဉ်အတွက် ရသမျှ အချက်အလက်များကို စုစည်းရှာဖွေရမည်။


၃။ ထို့နောက် အဖွဲ့လိုက်ပြန်စုစည်းပြီး ၎င်းတို့စူးစမ်းရှာဖွေမှုမှရရှိလာသော အချက်အလက်များကို ဝိုင်းဝန်းကြည့်ရှုကြပြီး မည်သည်တို့ကို အက်ဆေးထဲထည့်ရေးရမည်ကို ဆုံးဖြတ်ကြရမည်။

၄။ အဖွဲ့ဝင် တစ်ဦးချင်းစီက အဖွဲ့၏ စူးစမ်းရှာဖွေမှုမှရသော အချက်အလက်များကို အသုံးပြုပြီး အက်ဆေး တစ်ပုဒ်စီ ရေးသားရမည်ဖြစ်သည်။

> ၈.၁၅
> ***ရည်ရွယ်ချက်။*** *။ ကျောင်းသားများက စုံစမ်း မေးမြန်း စူးစမ်းရှာဖွေခြင်းများပြုလုပ်ပြီး ရလာသော အချက်အလက်များကို အရေးပါမပါခွဲခြား၍ အရေးပါသော အချက်များကို သုံးကာ အက်ဆေးသို့မဟုတ် ဆောင်းပါးတစ်ပုဒ်ရေးကြရန်။*
> ***သတိပြုရန်။*** *။ ကျောင်းသားများကို အဖွဲ့ခွဲ၍လုပ်ဆောင်ခိုင်းရန်လိုသည်။ သတင်းအချက်အလက် ရင်းမြစ်များလည်းလိုအပ်သည်။ အင်တာနက် ၊* ***ရည်ညွှန်းစာအုပ်များ။*** *။ မဂ္ဂဇင်းများ သတင်းစာများစသည်တို့အပြင် ကျောင်းသားများ မေးမြန်းနိုင်မည့် ကျွမ်းကျင်သူများလည်းလိုအပ်ပါမည်။*

# စကားပြောကျွမ်းကျင်မှုလေ့ကျင့်ခန်းများ

ဤ အပိုင်းတွင်ကျောင်းသားများ၏ စကားပြောကျွမ်းကျင်မှုကို မြှင့်တင်ပေးရန် လုပ်ငန်းစဉ်များပါဝင်ပါသည်။




စာရေးကျွမ်းကျင်မှုကဲ့သို့ပင် စကားပြောကျွမ်းကျင်မှုသည်လည်း ကျောင်းသားက ဘာသာစကားကို ထုတ်အသုံးပြုရခြင်း (Productive Skills) တစ်ခုဖြစ်သည်။ ဤအပိုင်းတွင် အဓိပ္ပါယ်နားလည်ဆက်သွယ်နိုင်ရေး ဦးစားပေးသော စကားပြော လေ့ကျင့်ခန်းများပါပါသည်။ ထိုလေ့ကျင့်ခန်းများတွင် ကျောင်းသားများက စာသင်ခန်းပြင်ပ တကယ့်ဘဝတွင် စကားပြောဆိုဆက်သွယ်သည့်အလား လုပ်ဆောင်လေ့ကျင့်ကြရမည်ဖြစ်သည်။

အသံထွက်ကျနစေခြင်းအတွက်မူ အပိုင်း ၁၃ မှ အသံထွက် ဦးစားပေး လေ့ကျင့်ခန်းများကို ကြည့်ပါ။


ဘာသာစကားသင်ယူမှုအတွင်းမှ မည်သည့် ကျွမ်းကျင်မှုမဆို တစ်မျိုးတည်း သီးသန့် သင်ကြားသင်ယူ၍မရပါ။ စာအံခြင်း၊ ဇတ်စာကို အသံထွက်ဖတ်ပြခြင်းမှလွဲ၍ စကားပြောလေ့ကျင့်ခန်းတိုင်းတွင် နားထောင်ရသူလည်းပါသည်။ လုပ်ငန်းစဉ် လေ့ကျင့်ခန်းအတော်များများတွင် ကျောင်းသားများ အလှည့်ကျ ပြောဆိုနားထောင်ရခြင်းပါသည်။ (Conversation၊ စကားပြောဆိုခြင်း၊ စကားဝိုင်း ဟု ဤစာအုပ်တွင် သုံးနှုန်းထားပါသည်။)

အလားတူပင် အရေး ကျွမ်းကျင်မှု လေ့ကျင့်ခန်းများတွင်လည်း ဖတ်ပြရခြင်းများပါ ထည့်သွင်းထားပါသည်။ ဆိုလိုသည်မှာ

မြင်တွေ့/ဖတ်ရှု/ ကြားနာ၍ သိရှိခြင်း + ပြန်လည် ထုတ်သုံးခြင်း = ပြောဆို/ရေးသား၍ အပြန်အလှန် ဆက်သွယ်နိုင်ခြင်းဖြစ်သည်။

ဤအပိုင်းကို အရေးကျွမ်းကျင်မှု အပိုင်းကဲ့သို့ပင် ထိန်းကျောင်းကန့်သတ်ပေးထားမှု အဆင့်အလိုက် စဉ်ထားပါသည်။ အစပိုင်းလေ့ကျင့်ခန်းများမှာ ထိန်းကျောင်းကန့်သတ်ပေးထားမှု များသောလေ့ကျင့်ခန်းများဖြစ်ကြပါသည်။ စကားလုံးအသုံး၊ တည်ဆောက်ပုံသဒ္ဒါစသည်တို့ကို ကြိုတင်ကန့်သတ်ပေးထားပြီး ၎င်းတို့ကို အသုံးပြု၍ မှန်ကန်ကျနစွာစကားပြောနိုင်ရန် စီစဉ်ထားသော လေ့ကျင့်ခန်းများဖြစ်ကြပါသည်။ နောက်ပိုင်းလေ့ကျင့်ခန်းလုပ်ငန်းစဉ်များမှာမူ ကျောင်းသားများကို ပိုမို လွတ်လပ်စွာ လေ့ကျင့်ပြောဆိုခွင့်ပေးသည်။ မပြောဆိုခင် ကြိုတင်ပြင်ဆင်လေ့ကျင့်ခြင်းများ နည်းပါးလာသည်။ စာသင်ခန်းပြင်ပ လက်တွေ့ဘဝတွင် စကားပြောရသည့်ပုံမျိုးဖြစ်သည်။ ထိန်းကျောင်းကန့်သတ်မှုအဆင့် အမျိုးမျိုးရှိနေသော လေ့ကျင့်ခန်း လုပ်ငန်းစဉ်များကို အောက်တွင် ဥပမာပြထားပါသည်။

သင်ပုန်းမှ စာကို အသံထွက် ဖတ်ခြင်း မိမိအလွတ်ရသော သီချင်းကို ဆိုခြင်း ပေးထားသော စာသားကိုသုံးပြီး သရုပ်ဆောင်ခြင်း တင်ပြချက်တစ်ခုကို ကြိုတင်လေ့ကျင့် ပြင်ဆင်ပြီး ဟောပြော တင်ပြခြင်း မိမိတို့ကိုယ်တိုင် ရွေးချယ်သော အကြောင်းအရာ အပေါ် အလွတ်သဘော စကားပြောဆို ဆွေးနွေးခြင်း ထိန်းကျောင်းကန့်သတ်ပေးထားမှု မရှိ (Free) ထိန်းကျောင်းကန့်သတ်ပေးထားမှု အများဆုံး (Controlled)



ကျောင်းသားများက ဘာသာစကားကို နိုင်နိုင်နင်းနင်းမရှိသေးခင်တွင် ထိန်းကျောင်းကန့်သတ်ပေးမှု မြင့်သော လေ့ကျင့်ခန်းများလိုအပ်သည်။ ဘာသာစကားကို အသုံးချခြင်းနှင့် ပိုမိုရင်းရင်းနှီးနှီးရှိလာသည့်အခါ ပိုမိုလွတ်လပ်စွာလေ့ကျင့်ရသော လုပ်ငန်းစဉ်များကို တဖြည်းဖြည်း ပြောင်းလုပ်ဆောင်သွားသင့်ပါသည်။ ထိုလေ့ကျင့်ခန်းများမှာ စာသင်ခန်းပြင်ပမှ ဘာသာစကားလိုအပ်ချက်များကို ထင်ဟပ်လေ့ကျင့်နိုင်သော လုပ်ငန်းစဉ်များဖြစ်ပါသည်။

## ၉။ စကားပြောလေ့ကျင့်ခန်းများ – ထိန်းကျောင်းကန့်သတ်ပေးထားမှုအဆင့်လိုက် စီစဉ်ထားခြင်း

အစပိုင်းလေ့ကျင့်ခန်းများမှာ ထိန်းကျောင်းကန့်သတ်ပေးမှုများသော လေ့ကျင့်ခန်းများဖြစ်ကြပြီး ရည်ရွယ်ထားသော စာ/စကားတို့နှင့် အကြောင်းအရာမျိုးကိုသာ လေ့ကျင့်ခြင်းဖြစ်ပြီး ကျောင်းသားများမှာ ရလဒ်မှန် တစ်ခု သို့မဟုတ် အနည်းငယ်ကိုသာ ရရှိစေရန် ဖြစ်သည်။ နောက်ပိုင်းလေ့ကျင့်ခန်းများမှာ ကျောင်းသားကို ပိုမိုလူးလွန့်ခွင့်ပေးထားပြီး အဖြေမှန် များစွာကိုခွင့်ပြုထားသည်။

စကားပြောလေ့ကျင့်ခန်းများအတွက် အခြား အပိုင်းများမှ အောက်ပါ လုပ်ငန်းစဉ်များကိုလည်း အသုံးပြုနိုင်ပါသေးသည်။

**၄.၈ ပျောက်ကွယ်သွားသော စာလုံးများ**

**၄.၁၀ အချင်းချင်း သင်ကြားခြင်း**

**၆.၇ နှစ်ဦးတွဲအလိုက်စာခေါ်ပေးခြင်း**

**၈.၁ ရောထွေးရေးထား ဝါကျများ**

**၈.၃ စကားစုများပေါင်းထည့်ပေးပါ**

**၈.၁၀ တစ်နည်းအားဖြင့် ရေးသော်**

### ၉ (၁) လေသံတီးတိုး

၉.၁

***ရည်ရွယ်ချက်။*** ။ *အချက်အလက်များကို ရှင်းရှင်းလင်းလင်း ဆက်သွယ်ပေးပို့ခြင်းကို လေ့ကျင့်ရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများ အဖွဲ့လိုက် လုပ်ဆောင်ကြရမည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *အဖွဲ့များ ပြောဆိုဆက်သွယ်ရမည့် ဝါကျများကို ကြိုတင်ပြင်ဆင်ရမည်။*

၁။ ကျောင်းသားများကို ၆ ဦးမှ ၁၀ ဦး ထိအဖွဲ့များဖွဲ့ပါ။ တစ်ဖွဲ့စီက တစ်လိုင်းတည်း တန်းစီမတ်တပ်ရပ်နေကြရမည်။ ထိပ်ဆုံးမတ်တပ်ရပ်နေသူများကို အခြားသူများမမြင်စေဘဲ ဝါကျတစ်ကြောင်းပြပါ။

၂။ ထိုပထမကျောင်းသားက သူမြင်ခဲ့ရသည့် ဝါကျကို နောက်ကပ်လျက်မတ်တပ်ရပ်နေသူ၏နားရွက်နားကပ်ပြီး အခြားသူများမကြားအောင် တီးတိုးပြောလိုက်ပါ။

၃။ ထိုဒုတိယကျောင်းသားကလည်း သူကြားလိုက်ရသည်ကို နောက်ကပ်ရပ်နေသူနားနားကပ်လျက် တီးတိုးပြောရမည်ဖြစ်သည်။ ဤနည်းဖြင့် ထိုဝါကျကို နောက်ဆုံးမတ်တပ်ရပ်နေသူဆီ ရောက်သည်အထိ တစ်ဖွဲ့လုံးကို ဖြတ်သန်းရမည်ဖြစ်သည်။

၄။ နောက်ဆုံးရပ်နေသူများထံသို့ ထိုဝါကျများရောက်သည့်အခါတွင် ထိုသူတို့က ကြားလိုက်ရသည်တို့ကို သင်ပုန်းပေါ်တွင် ရေးကြရမည်ဖြစ်သည်။ ရေးလိုက်ကြသည့် ဝါကျများနှင့် နဂိုပြောလိုက်သည့် ဝါကျ တူပါသလား။

ဤနည်းဖြင့် ကျောင်းသားများ မပျင်းရိစေဘဲ အကြိမ်ကြိမ် အပြောလေ့ကျင့်စေခြင်းဖြစ်သည်။ အဖွဲ့များတွင်း ဝါကျများစွာ ဆက်တိုက်စီးဆင်းနေစေရန်လည်း လုပ်ဆောင်နိုင်ပါသေးသည်။



## ၉ (၂) အင်တာဗျူးပြီး ပြန်ပြောပါ

၁။ ကျောင်းသားတစ်ဦးနှင့်တစ်ဦး မေးနိုင်သော မေးခွန်းများကို အတန်းတစ်တန်းလုံးအနေနှင့် ဝိုင်းဝန်းစဉ်းစားကြရမည်။ အကယ်၍ ခေါင်းစဉ် အကြောင်းအရာတစ်ခုတည်းအပေါ်တွင် မေးမြန်းသော မေးခွန်းများကို စဉ်းစားရပါက အကောင်းဆုံးဖြစ်နိုင်သည်။

၂။ ကျောင်းသားနှစ်ဦးစီတွဲပြီး ရရှိလာသော မေးခွန်းများသုံး၍ အချင်းချင်း အပြန်အလှန်မေးမြန်း ဖြေဆိုကြရမည်။

၃။ ထို့နောက် မိမိရရှိခဲ့သည့်အဖြေများကို အတန်းသို့ ပြန်လည်ရှင်းပြရမည်။ သို့မဟုတ် အဖွဲ့ခွဲပြီး အဖွဲ့တွင်း ပြန်ရှင်းပြရမည်။ (မည်သူက မည်သို့ဖြေဆိုခဲ့ကြောင်းဖြစ်သည်။ )

၉.၂

**ရည်ရွယ်ချက်။ ။** *ကျောင်းသားများက အချက်အလက်များကို မေးမြန်းခြင်း၊ ဖြေဆိုခြင်း၊နှင့် ကိုယ်ပိုင်စကားလုံးနှင့် ပြန်ပြောပြခြင်း တို့ကို လေ့ကျင့်ရန်။*

**သတိပြုရန်။ ။** *ကျောင်းသားများ တစ်တန်းလုံး အနေနှင့်သော်လည်းကောင်း နှစ်ဦးတွဲစီလည်း ကောင်းလုပ်ဆောင်ရန်လိုအပ်သည်။*




၉.၃

**ရည်ရွယ်ချက်။ ။** *စာပိုဒ်တစ်ခုကို ဖတ်ပြီးပြီးချင်းတွင် ရေးသားပြင်ဆင်ခြင်းမရှိဘဲ အကျဉ်းချုပ်ကို လက်တန်းပြောဆိုစေရန်။*

**သတိပြုရန်။ ။** *အဆင့်မြင့် ကျောင်းသားများနှင့် ဆောင်ရွက်လျှင် အကောင်းဆုံးဖြစ်သည်။*

**ကြိုတင်ပြင်ဆင်မှု။ ။** *ကျောင်းသားများ အနှစ်ချုပ်ပြောဆိုရမည့် စာတစ်ပိုဒ်ပြင်ဆင်ထားရန်လိုသည်။*

## ၉ (၃) အကျဉ်းချုပ်များကို လက်တန်းပြောကြားခြင်း

ကျောင်းသားများက ၎င်းတို့လေ့လာနေခဲ့သော သင်ခန်းစာနှင့် ပတ်သက်သော စာတစ်ပုဒ်ကို ခပ်သွက်သွက်ဖတ်ပြီး အကျဉ်းချုပ်ကို ချက်ချင်း ပြောကြားခြင်းဖြစ်သည်။

- ကျောင်းသားအားလုံးက စာတစ်ပုဒ်တည်းကို အကျဉ်းချုပ်ပြောကြားခြင်း
- ဆက်စပ်မှုရှိသော်လည်း ထပ်တူမဟုတ်သည့် စာများကို အကျဉ်းချုပ်ပြောကြားခြင်း
- အကျဉ်းချုပ်ရမည့်စာများမှာ အင်္ဂလိပ်လိုဖြစ်နိုင်သကဲ့သို့ မြန်မာလိုစာများကိုလည်း အင်္ဂလိပ်လို အကျဉ်းချုပ်ပြောခြင်း

အတန်းလူများပါက အဖွဲ့ခွဲ၍ အဖွဲ့လိုက် လုပ်ဆောင်ခိုင်းပါ။

## ၉ (၄) ကရားရေလွှတ် ပြောဆိုခြင်း

၁။ အဖွဲ့ ခွဲပြီး တစ်ဖွဲ့စီကို ရုပ်ပုံတစ်ပုံစီပေးပါ။

၂။ ထိုပုံကို ကျောင်းသားများက ဝါကျတစ်ကြောင်းစီနှင့် အလှည့်ကျ သရုပ်ဖော်ပြောဆိုရမည်။

၃။ တစ်ယောက်တစ်လှည့်စီ ထိုပုံအကြောင်း ပြောဆိုရင်း မည်သူမျှ ထပ်မံမစဉ်းစားနိုင်တော့သည်အထိ မရပ်မနားပြောရမည်ဖြစ်သည်။

၄။ အဖွဲ့များက ပုံများကို လဲလှယ်၍ အထက်ပါ လုပ်ငန်းစဉ်ကို ပြန်လည်လုပ်ဆောင်ရမည်။


ယခု လေ့ကျင့်ခန်း၏ ပုံစံကွဲမှာ ရုပ်ပုံ၏နောက်ကွယ်တွင် ဟူသည့် လေ့ကျင့်ခန်းဖြစ်သည်။ ထိုလေ့ကျင့်ခန်းတွင်မူ ကျောင်းသားများက ပုံတွင် မြင်ရသည်ကို သရုပ်ဖော်သည့်အစား ပုံ၏နောက်ခံ အခင်းအကျင်း အခြေအနေကို မှန်းဆ ပြောဆိုကြခြင်းဖြစ်သည်။

၉.၄

**ရည်ရွယ်ချက်။ ။** *မထစ်မငေါ့ သွက်လက်စွာ စကားပြောခြင်းကို လေ့ကျင့်မြှင့်တင်ရန်။*

**သတိပြုရန်။ ။** *ကျောင်းသား ၃ ဦးမှ ၈ဦးအထိကို တစ်ဖွဲ့ဖွဲ့ပြီး လုပ်ဆောင်နိုင်သည်။*

**ကြိုတင်ပြင်ဆင်မှု။ ။** *ကျောင်းသားများ သင်ယူနေလျက်ရှိသော အကြောင်းအရာသို့မဟုတ် သဒ္ဒါတည်ဆောက်ပုံနှင့် ပတ်သက်သော ရုပ်ပုံများ တစ်ဖွဲ့ကို တစ်ပုံ ပေးနိုင်အောင် ပြင်ဆင်ထားရမည်။*



## ၉ (၅) သုံး–နှစ်–တစ်

၁။ ကျောင်းသားများက ၎င်းတို့လေ့လာနေခဲ့သည့် သင်ခန်းစာအကြောင်းအရာနှင့် ပတ်သက်သော ခေါင်းစဉ်အောက်တွင် သုံးမိနစ်စာ ဟောပြောချက် တစ်ခု ပြင်ဆင်ရမည်။ ပြောရန် အချက်အလက်များထုတ်နှုတ်မှတ်သားရန် အချိန်အနည်းငယ်ပေးနိုင်သည်။ သို့သော် သင်ခန်းစာမှ မူလစကားလုံးအတိုင်း ၏/သည်မရွေးရေးသားပြင်ဆင်၍မရပါ။

၂။ ကျောင်းသားများကို နှစ်ဦးတွဲပါ။ ပထမကျောင်းသား သုံးမိနစ်စာ စကားပြောချိန်တွင် ဒုတိယ ကျောင်းသားနားထောင်၍ ဒုတိယကျောင်းသားအလှည့်တွင် ပထမကျောင်းသားက ပြန်နားထောင်ရမည်။

၃။ ကျောင်းသားများကို လူပြောင်းတွဲခိုင်းပါ။ ဤတစ်ကြိမ်တွင်မူ ပြောချိန် နှစ်မိနစ်သာ ရတော့မည်ဖြစ်သည်။

၄။ ကျောင်းသားများကို လူထပ်ပြောင်းတွဲခိုင်းပါ။ ယခုတစ်ခေါက်တွင်မူ တစ်မိနစ်သာ ရတော့မည်ဖြစ်သည်။

အချိန်သတ်မှတ်ချက်ကို အတန်း၏ ကျွမ်းကျင်မှု အဆင့်အလိုက် ပြောင်းလဲနိုင်သည်။ အဆင့်နိမ့်သေးသူများအဖို့ ၉၀ စက္ကန့် ၆၀ စက္ကန့် ၃၀ စက္ကန့် သို့မဟုတ် သည့်ထက်ပင်လျှော့သတ်မှတ်ပေးနိုင်သည်။ အဆင့်ပိုမြင့်သော ကျောင်းသားများအတွက်မူ ၄–၃–၂ စသဖြင့် သတ်မှတ်ပေးနိုင်သည်။

> ၉.၅
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက ၎င်းတို့၏ ပြောဆိုချက်များကို တဖြည်းဖြည်း အကျဉ်းချုံး သွားပြီး ပြောဆိုရန်။*
> ***သတိပြုရန်။*** ။ *ကျောင်းသား နှစ်ဦးတွဲစီ ပြောဆို၊ လူပြောင်းပြီး ထပ်ပြောဆိုကြ လုပ်ရမည်ဖြစ်သောကြောင့် ဆူညံမှု ရှိမည်။*


> ၉.၆
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက ပြောဆိုချက်များ မိန့်ခွန်းတိုများ ပြင်ဆင်ပြောဆိုပြရမည်။ ထို့ပြင် သေချာစွာ နားထောင်ခြင်းကိုလည်း လေ့ကျင့်ရန်ဖြစ်သည်။*
> ***သတိပြုရန်။*** ။ *စကားပြောဆိုသည့် ကျောင်းသားကို တစ်တန်းလုံး ကြားနိုင်ရန်လိုသည်။*


## ၉ (၆) အမှားများနှင့် စကား

၁။ စကား/မိန့်ခွန်းတို တစ်ခွန်းကို ကျောင်းသားများက ရေးသားပြင်ဆင်ရမည်ဖြစ်သည်။ (မကျွမ်းကျင်သေးသော ကျောင်းသားများအဖို့ ဝါကျ အနည်းငယ်မျှနှင့် အဆင့်ပိုမြင့်သည့် ကျောင်းသားတို့အဖို့ တစ်မိနစ်နှင့် အထက် ပြင်ဆင်ခိုင်းနိုင်သည်။) ပြင်ထားသည့်စကားတွင် အမှားအချို့ ထည့်ပြင်ထားရမည်။ ကျောင်းသားများလေ့လာနေသည့် သင်ခန်းစာနှင့် ပတ်သက်သည့် ခေါင်းစဉ်အောက်တွင် ဆိုလျှင် ပိုကောင်းသည်။

၂။ ထို့နောက် ပြင်ထားသည့် စကားများကို အတန်းကို ဖတ်ပြပြီး တစ်တန်းလုံးက နားထောင်ကာ အမှားများကို ချရေးရမည်။

အတန်းလူများပါက ယခုလုပ်ငန်းစဉ်ကို ၅ ယောက်မှ ၈ ယောက်အထိ အဖွဲ့ခွဲပြီး အဖွဲ့လိုက်လုပ်ဆောင်ခိုင်းနိုင်သည်။



## ၉ (၇) တင်ဆက်မှုများ

၁။ တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ ကျောင်းသားများက တင်ဆက်မှုတစ်ခု (Presentation) ကို ပြင်ဆင်ကြရမည်။ မည်သည့် အကြောင်းအရာကို တင်ပြမည်၊ မည်သည်တို့ကို ထည့်ပြောမည်၊ မည်သို့ပြောမည်ကို မိမိတို့ဘာသာ ဆုံးဖြတ်ရမည်ဖြစ်သည်။

၂။ ထို့နောက် မည်သို့သော အထောက်အကူပြု ပစ္စည်းများသုံးမည်ကိုလည်း စဉ်းစားသတ်မှတ်ရမည်။

- ပိုစတာ၊ ရုပ်ပုံများ၊ ဓါတ်ပုံများ
- ကွန်ပျူတာ ပါဝါပွိုင့်ဆလိုဒ်များ
- ဇယားများ သရုပ်ဖော်ပုံများ
- တင်ဆက်မှုနှင့် သက်ဆိုင်သော အရာဝတ္ထုပစ္စည်းများ

၃။ လိုအပ်လျှင်ကျောင်းသားများသည် စကားပြောတင်ဆက်ရန် အချက်အလက်များကို မှတ်စုငယ်များအဖြစ် ထုတ်နုတ်ရေးထားနိုင်သည်။ သို့သော် တင်ဆက်မှုတစ်ခုလုံးကို ၏/သည် မရွေး ရေးထားခြင်းမျိုးမလုပ်သင့်ပေ။

၄။ ထို့နောက်ကျောင်းသားများက ၎င်းတို့၏ တင်ဆက်ခြင်းကို အတန်းရှေ့တွင် ပြသတင်ဆက်နိုင်ပြီဖြစ်သည်။

ကျောင်းသားများတင်ဆက် ရာတွင် တင်းကျပ်သော အချိန်သတ်မှတ်ချက် တိုလွန်း ရှည်လွန်းခြင်းမရှိသော အချိန်သတ်မှတ်ချက်ကိုချ မှတ်ပေးနိုင်သည်။ အဖွဲ့လိုက်ပြုလုပ်ခိုင်း ခြင်းဖြစ်ပါက အဖွဲ့တွင်းလူတိုင်းစကားပြောတင်ဆက်ခွင့် ရှိစေရန် လုပ်ဆောင်ထားသင့်ပါသည်။

ထို့ပြင် တင်ဆက်ပြောဆိုသူများ ပြောသွားသော အဓိက အချက်များကို ကျောင်းသားများအား မှတ်သားထားခိုင်းခြင်းမျိုးလည်း လုပ်နိုင်သေးသည်။

> ၉.၇
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက တင်ပြချက်များ၊ မိန့်ခွန်းများ ပုံစံတကျ ပြင်ဆင်ပြောဆိုရန်။*
> ***သတိပြုရန်။*** ။ *တစ်ဦးချင်းစီ၏ တင်ပြချက်များကို အတန်းက နားထောင် ကြည့်ရှုရမည်ဖြစ်သောကြောင့် အချိန်ကုန်မည့် လုပ်ငန်းစဉ်ဖြစ်သည်။*

## ၉ (၈) ပုံကို သရုပ်ဖော်ခြင်း ရှာဖွေခြင်း

၁။ ဆရာသင်ကြားနေသော သင်ခန်းစာနှင့် သက်ဆိုင်သော ပုံအချို့ကို ကျောင်းသားများအားပေးပါ။

၂။ ကျောင်းသားများက ထိုပုံကို မည်သို့ သရုပ်ဖော်ပြောကြားရမည်ကို ချရေးခြင်းမရှိဘဲ ပြင်ဆင်ရမည်။

၃။ ပုံများကို ပြန်သိမ်းပါ။ ရောမွှေလိုက်ပြီး တစ်ဦးချင်းကို ပြန်ပေးလိုက်ပါ။

၄။ ကျောင်းသားများက အလှည့်ကျ မိမိတို့၏ ပုံဟောင်းအကြောင်း ပုံဖော်ပြောဆိုရမည်။ ထိုပုံကို ရထားသူက မိမိတွင် ထိုပုံရောက်နေကြောင်း ပြောရမည်ဖြစ်သည်။

> ၉.၈
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက ရုပ်ပုံများကို သရုပ်ဖော်ပြီး အခြားသရုပ်ဖော်ချက်များနှင့် ရုပ်ပုံများကိုလည်း တွဲစပ်ပေးရန်။*
> ***သတိပြုရန်။*** ။ *အတန်းတစ်ဖက်စီမှ ကျောင်းသားများ တစ်ဖက်နှင့်တစ်ဖက် ကောင်းစွာ ကြားနိုင်ရန်လိုအပ်သည်။*
> ***ကြိုတင်ပြင်ဆင်မှု။*** ။ *ကျောင်းသားတစ်ဦးစီအတွက် ရုပ်ပုံတစ်ပုံစီ ပြင်ဆင်ထားရန်လိုသည်။*

## ၉ (၉) စကားရည်လုခြင်း

၁။ ဆန့်ကျင်ဘက် အယူအဆ နှစ်မျိုးရှိကြသည့် ကိစ္စတစ်ခုကို ဆရာက သို့မဟုတ် ကျောင်းသားများက ရွေးပါ။

*ဥပမာ –*

- ကျောင်းသားများ ယူနီဖောင်း ဝတ်သင့်သည် / နှင့် ကျောင်းသားများကို တူညီဝတ်စုံမဝတ်ခိုင်းသင့်
- ဆေးလိပ်သောက်ခြင်းသည် ဥပဒေနှင့် မဆန့်ကျင် / နှင့် ဆေးလိပ်သောက်ခြင်းကို ဥပဒေနှင့် တားမြစ်သင့်
- ခေတ်မီလာခြင်းသည် ရိုးရာထက် အရေးပါသည်/ နှင့် ရိုးရာသည် ခေတ်မီလာခြင်းထက် ပိုမိုအရေးပါသည်

၉.၉

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက ၎င်းတို့ အတွေးအမြင်များကို စဉ်းစားပြင်ဆင်ခြင်း၊ အခြားသူများ၏ အဆိုပြုချက်များကို ပြန်လှန် ပြောဆိုခြင်းစသည်တို့ ပြုလုပ်ကြရန်။*

***သတိပြုရန်။*** ။ *ဤလုပ်ငန်းစဉ်ကို ပြုလုပ်ရန် သင်ခန်းစာတစ်ခုလုံးသုံးပြီး ပြင်ဆင်ရန် လိုအပ်နိုင်သကဲ့သို့၊ သင်ခန်းစာ နှစ်ခုသုံးခု ပြီးမှ အဆင်သင့်ဖြစ်ခြင်းမျိုးလည်းဖြစ် နိုင်သည်။*

၂။ အတန်းကို နှစ်ခြမ်းခြမ်းပါ။ တစ်ခြမ်းက ပေးထားသော ခေါင်းစဉ်ကို ထောက်ခံပြောဆိုပြီး အခြား တစ်ခြမ်းက ဆန့်ကျင်ပြောဆိုရမည်။

၃။ နှစ်ခြမ်းစလုံးကို သုံးယောက်တစ်ဖွဲ့စီဖွဲ့ပါ။ သုံးယောက်အဖွဲ့များက ၎င်းတို့ပြောဆိုကြမည့် အကြံဉာဏ်များကို မိနစ်အနည်းငယ်အချိန်ယူပြီး ပြင်ဆင်ကြရမည်။ ၎င်းတို့ တင်ပြပြောဆိုမည့် ထင်မြင်ချက်များ အဓိက အချက်များကို စာရင်းချရေးပါ။ ထို့နောက် ၎င်းတို့ကို အထောက်အပံ့ပြုနိုင်မည့် ဥပမာ ဥပမေယျများ၊ ကျိုးကြောင်းဆက်စပ်မှုများကို လည်း ပြင်ဆင်ရေးသားပါ။ ထို့ပြင် မည်သူက ပထမဆုံး စတင်ပြောဆိုပြီး မည်သူက ဒုတိယနှင့် တတိယကို ရွေးပါ။

၄။ ထောက်ခံပြောဆိုသည့် အဖွဲ့ မှ ပထမဆုံး နှစ်မိနစ်ခန့် ပြောဆိုပါ။ ပြီးနောက် ပြောဆိုတင်ပြသွားသော အချက်များကို ချေပပြောဆိုရန် နှစ်ဖွဲ့လုံးကို တစ်မိနစ် နှစ်မိနစ်ခန့် ပြင်ဆင်ချိန်ထပ်ပေးပါ။

၅။ ဆန့်ကျင်ပြောဆိုမည့် အဖွဲ့၏ ပထမဆုံးတင်ပြမှုအတွက် နှစ်မိနစ်ပေးပါ။ ၎င်းတို့က ပထမအဖွဲ့တင်ပြခဲ့သည့် အချက်တို့ကိုလည်း ထည့်သွင်း ချေပပြောဆိုရမည်ဖြစ်သည်။ ပြီးနောက် အဖွဲ့နှစ်ဖွဲ့လုံးကို တင်ပြခဲ့သည့် အချက်များကို မည်သို့ ပြန်လည်ပြောဆိုရန်ကို ပြင်ဆင်ချိန် တစ်မိနစ် နှစ်မိနစ်ခန့်ပေးပါ။

၆။ အထက်ပါအတိုင်း နှစ်ဖွဲ့လုံးမှ သုံးဦးလုံး အလှည့်ပြီးသည် အထိဆက်လုပ်ပါ။

၇။ ထို့နောက် အတန်းကို မည်သည့်အဖွဲ့က အနိုင်ရသင့်ကြောင်း မဲပေးခိုင်းပါ။ (အကောင်းဆုံး ပြောဆိုတင်ပြချက်ပြုလုပ်နိုင်သည့် အဖွဲ့ကို ရွေးခိုင်းရန်ဖြစ်သည်။)




စကားရည်လုခြင်းလုပ်ငန်းစဉ်ကို နည်းလမ်းအမျိုးမျိုးနှင့် ပြုလုပ်နိုင်ပါသည်။ နှစ်ဖွဲ့လူအရေအတွက်ပြောင်းလဲခြင်း၊ စကားပြောဆိုတင်ပြချိန် ဆွေးနွေးတိုင်ပင်ချိန်ကို လျှော့ခြင်းတိုးခြင်း စသည်တို့ပြုလုပ်နိုင်သည်။ ပိုမို အကြံဉာဏ်ရရှိနိုင်ရန် www.idebate.org ကို ဖတ်ရှုနိုင်ပါသည်။

## ၉ (၁၀) ပြ၍ ပြောပါ

၉.၁၀

***ရည်ရွယ်ချက်။* ။** *ကျောင်းသားများက မိမိတို့ကိုယ်တိုင် ရွေးထားသော ခေါင်းစဉ်တစ်ခုအတွက် ပြောဆိုတင်ပြချက်တစ်ခု ပြင်ဆင်ပြောဆိုရန်။*

***သတိပြုရန်။* ။** *ပြောဆိုသူကို အားလုံးသေချာ ကြားနိုင်ရန်လိုအပ်သည်။*

***ကြိုတင်ပြင်ဆင်မှု။* ။** *ကျောင်းသားများ၏ ပြောဆိုအလှည့်များကို သိနိုင်ရန် အချိန်ဇယားတစ်ခု ပြင်ဆင်ပေးထားပါ။*

၁။ ကျောင်းသားတစ်ဦးချင်းစီက မိမိစိတ်ဝင်စားသည့် အကြောင်းအရာတစ်ခုအတွက် ပြောဆိုတင်ပြချက်ခပ်တိုတိုတစ်ခုကို ပြင်ဆင်ခဲ့ရန်ဖြစ်သည်။ သင့်တော်သော အရာဝတ္ထုပစ္စည်းများကိုလည်း ယူဆောင်လာကာ ပြ၍ပြောဆိုနိုင်သည်။

၂။ ကျောင်းသားများက ပြင်ဆင်ထားသည်တို့ကို အလှည့်ကျပြောဆိုတင်ပြပြီး အခြားသူတို့ကို မေးခွန်းများမေးရန် တိုက်တွန်းနိုင်သည်။

ယခုလေ့ကျင့်ခန်းကို အတန်းစစချင်း ပြုလုပ်ပါက အကောင်းဆုံးဖြစ်နိုင်သည်။

## ၉ (၁၁) ကဒ်ပြားပေါ်မှာ ပြောစရာ

၁။ အုပ်စုတစ်စုလျှင် ၈ ကဒ်မှ ၁၅ ကဒ်အထိ ပေးနိုင်အောင် (Prompt Cards) ကဒ်ပြား အစုံလိုက်များ ပြင်ဆင်ထားရမည်။ ကဒ်ပြားပေါ်တွင် အဓိကအကြောင်းအရာခေါင်းစဉ်တစ်ခု နှင့် ထိုအကြောင်းအရာနှင့် ပတ်သက်၍မည်သည်တို့ပြောဆိုရမည်ကို အကြံပြုထားသော အချက်အနည်းငယ်ပါရှိရမည်ဖြစ်သည်။


၉.၁၁

***ရည်ရွယ်ချက်။* ။** *ကျောင်းသားများက မိမိတို့ရင်းနှီးသိရှိပြီးသော အကြောင်းအရာများနှင့်ပတ်သက်ပြီး လွတ်လပ်စွာပြောဆိုကြရန်။*

***သတိပြုရန်။* ။** *ထိုင်ခုံများတွင် လှည့်လည် ပြောင်းရွှေ့ထိုင်နိုင်အောင် ပုံပါအတိုင်းခုံများကိုပြင်ဆင်ထားပါ။*

**ကြိုတင်ပြင်ဆင်မှု။**။ အဖွဲ့တစ်ဖွဲ့ကို ကဒ်ပြား ၈ကဒ်မှ ၁၅ ကဒ်အထိ ပြင်ဆင်ပေးထားပါ။

Talk about your favourite place
Where is it?
When did you discover it?
What do you like about it?
When did you last go there?



http://educasia.org တွင် ရရှိနိုင်သော (Prompt Cards) များကိုလည်း အသုံးပြုနိုင်ပါသည်။

၂။ ခုံများကို ပုံပါအတိုင်းစီစဉ်ပါ။ ကျောင်းသားများမှာ အထက်ပါကဒ်ပြားများကို အလယ်တွင်ထားလျက် မျက်နှာချင်းဆိုင် စကားပြောနိုင်သည့် ပုံစံမျိုးစီစဉ်ရန်ဖြစ်သည်။

၃။ ကျောင်းသားတစ်တွဲစီက နှစ်ဦး အလှည့်ကျ အပြန်အလှန် ၃၀ စက္ကန့်စီခန့် (၄၅ စက္ကန့်သို့မဟုတ် ၁ မိနစ်စီခန့်) စကားပြောပြီးကြရမည်။

၄။ ထို့နောက် ဘေးခုံသို့ နာရီလက်တံလှည့်သည့်အတိုင်း နေရာရွှေ့ပြီး အထက်ပါအတိုင်း ထပ်ပြောရမည်။

ယခုလေ့ကျင့်ခန်းကို ကျောင်းသားများအား ကဒ်များကို ကိုင်ကာ အတန်းတွင်း ထွေးရောယှက်တင် လျှောက်သွားခိုင်းပြီး ကြုံသူနှင့် စကားပြော ကဒ်ပြားလဲ လူပြောင်းပြီး ထပ်စကားပြောရသည့် ပုံစံမျိုးနှင့်လည်း ကောင်းစွာလေ့ကျင့်နိုင်သည်ဖြစ်သည်။

## ၉ (၁၂) ဇာတ်လမ်းကွင်းဆက်များ

၁။ ကျောင်းသားများကို ပုံပြင်ဇာတ်လမ်းတစ်ခု၏ ပထမဆုံး စာကြောင်းတစ်ကြောင်းကို ပြောပြပါ။

*ဥပမာ –*

***There was an old man who lived alone.***

၂။ အတန်းမှ ကျောင်းသားတစ်ဦးဦးက ထိုစာကြောင်းကို နောက်ထပ်တစ်ကြောင်းနှင့် ဆက်ပြောရမည်။

*ဥပမာ –*

***His family had all left him, but he had about twenty cats.***

၃။ ၃။ နောက်တစ်ဦးက စာတစ်ကြောင်းထပ်ပြောခြင်းဖြင့် ပုံပြင်ကို ဆက်ရမည်။ ထိုသို့ဖြင့် ထိုဇာတ်လမ်းကို ကျောင်းသားတစ်ဦးပြီး တစ်ဦး အလှည့်ကျ ဆက်ပြောရန်ဖြစ်သည်။

လူများသော သင်တန်းများတွင် ဤလေ့ကျင့်ခန်းကို အဖွဲ့ခွဲ၍ ပြုလုပ်ရပါမည်။

၉.၁၂

***ရည်ရွယ်ချက်။*** *။ ကျောင်းသားများက ပုံပြင်ဇာတ်လမ်းတစ်ခုကို တစ်ပိုင်းချင်း အလှည့်ကျ ဖန်တီးပြောဆိုကြရန်။*

***သတိပြုရန်။*** *။ တစ်တန်းလုံး အလှည့်ကျ ဝိုင်းဝန်း ပြောဆိုနိုင်ရမည်ဖြစ်သည်။*

## ၉ (၁၃) ကျပန်း စကား

၁။ ကျပန်းစကားပြောရန် ခေါင်းစဉ်အချို့ကို စာရင်းချရေးပါ။ ကျောင်းသားများကို ရေးခိုင်းလိုပါကလည်း ရေးခိုင်းနိုင်သည်။ ထိုခေါင်းစဉ်များကို မဲလိပ်လေးများ၌ထည့်ရေးပြီး အိတ်တစ်အိတ်တွင် သို့မဟုတ် ဗူးတစ်ဗူးတွင် ထည့်ပါ။ ထို့နောက် ကျောင်းသားတစ်ဦးဦးကို မဲနှိုက်ရွေးခိုင်းပါ။

၂။ ရရှိသော ခေါင်းစဉ်ကြောင်းပြောဆိုရန် ကျောင်းသားကို တစ်မိနစ်ခန့်စဉ်းစားပါစေ။

၃။ ထို့နောက် ခေါင်းစဉ်အောက်တွင် တစ်မိနစ်ခန့်စကားပြောဆိုပါစေ။

အဆင့်ပိုမြင့်သော ကျောင်းသားများကို နှစ်မိနစ်ခန့် စကားပြောဆိုခိုင်းနိုင်သည်။

၉.၁၃

***ရည်ရွယ်ချက်။*** *။ ကျောင်းသားများက ကြိုမသိထားသော ခေါင်းစဉ်တစ်ခုအတွက် ပြောဆိုချက်တိုတစ်ခု ပြောဆိုတင်ပြရန်ဖြစ်သည်။*

***သတိပြုရန်။*** *။ သင်ခန်းစာတစ်ခုစကာနီးတိုင်းတွင် ကျောင်းသားနှစ်ဦးသုံးဦးမျှကို လုပ်ခိုင်းရန်သင့်တော်သည့် လုပ်ငန်းစဉ်ဖြစ်သည်။*

***ကြိုတင်ပြင်ဆင်မှု။*** *။ ကျောင်းသားများရွေးချယ်ရန် ခေါင်းစဉ်အနည်းငယ်မျှ ကြိုစုစည်းထားရန်လိုအပ်သည်။*

# သင်ခန်းစာနောက်ပိုင်း လုပ်ငန်းစဉ်များ

## ဖတ်ပြီးလျှင်   နားထောင်ပြီးလျှင်   ရေးသားပြီးလျှင်   ပြောဆိုပြီးလျှင်

ဤအပိုင်းတွင်ပါဝင်သော လုပ်ငန်းစဉ်များမှာ ကျောင်းသားများ ဖတ်ရှုနားထောင်ပြောဆိုရေးသား ပြီးသမျှတို့အတွက် နောက်ဆက်တွဲလုပ်ဆောင်နိုင်သော လေ့ကျင့်ခန်းများဖြစ်ကြပါသည်။ ဤလေ့ကျင့်ခန်းများတွင် ကျောင်းသားများအတွက် ပိုမိုလွတ်လပ်စွာလေ့ကျင့်ခွင့်ပေးထားသည်။ ကျောင်းသားများ၏ ရှိပြီးသား ဗဟုသုတများ ကျွမ်းကျင်မှုများနှင့် ယခုမှ သင်ကြားပေးလိုက်သော အချက်အလက်များကိုပါ ထုတ်ဖော်အသုံးချစေသည်။

***ဥပမာအားဖြင့် –***

- ကျောင်းသားများက သင်ခန်းစာအကြောင်းအရာပေါ်တွင် မိမိတို့ အမြင်များဖော်ထုတ်ပြောဆိုခြင်း
- စူးစမ်းရှာဖွေခြင်း (ကျောင်းသားများက သင်ခန်းစာအကြောင်းအရာမှ မိမိတို့စိတ်ဝင်စားသည့် အကြောင်းကို ထပ်မံသိရှိရန် စူးစမ်းရှာဖွေခြင်းများဖြစ်သည်)
- ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်း (ကျောင်းသားများက သင်ခန်းစာပါအကြောင်းအရာများကို ပိုမို နက်နက်နဲနဲ သုံးသပ်စဉ်းစားခြင်းမျိုးဖြစ်သည်။)
- အကဲဖြတ်သုံးသပ်ခြင်း (ကျောင်းသားများ လုပ်ဆောင်မှုကို အချင်းချင်း အကဲဖြတ် အမှတ်ပေးကြခြင်းဖြစ်သည်။ )
- ပြန်လည်တွေးတော သုံးသပ်ခြင်း (ကျောင်းသားများ လုပ်ဆောင်ခဲ့ပြီးသော ဆောင်ရွက်ချက်တို့ကို မိမိတို့လုပ်ဆာင်ခဲ့ပုံကို ပြန်စဉ်းစားသုံးသပ်ခြင်းဖြစ်သည်။)

သင်ခန်းစာနောက်ပိုင်းလုပ်ငန်းစဉ်တို့ ကောင်းကျိုးများ

- သင်ခန်းစာအပေါ် ကျောင်းသားများ၏နားလည်မှုကို ပိုမိုနက် ရှိုင်းစေသည်။
- အင်္ဂလိပ်စာနှင့် အကြောင်းအရာများကို ပိုမို မှတ်မိစေသည်။
- ကျောင်းသားများ၏ ဘာသာစကားနှင့် အကြောင်းအရာပေါ်သိရှိမှုကို ထုတ်သုံးနိုင်စေသည်။
- မကြာခင်က သင်ယူပြီးထားသော အင်္ဂလိပ်စာကို သင့်တော်ရာ အကြောင်းအရာများပြောဆိုရာတွင် ထုတ်သုံးစေသည်။
- ဆရာသင်နေသော သင်ခန်းစာအပေါ် ပိုမိုစိတ်ဝင်စားအောင် အားပေးနိုင်ခြင်း

သင်ခန်းစာနောက်ပိုင်း လုပ်ငန်းစဉ် အတော်များများကို အတန်းတွင်းတွင် လုပ်ဆောင်နိုင်သကဲ့သို့ အိမ်စာပေးခြင်းများလည်းပြုလုပ်နိုင်သည်။

**ကျောင်းသားများကို လုပ်ငန်းစဉ်များ လေ့ကျင့်ခန်းများ ကိုယ်တိုင်ဖန်တီး စီစဉ်ခိုင်းပါ။**

ဖြစ်နိုင်လျှင် ကျောင်းသားများကို ဖော်ပြပြီး လုပ်ငန်းစဉ်များကဲ့သို့ လုပ်ဆောင်ဖွယ်များကို မိမိတို့ကိုယ်တိုင် ဖန်တီးတီထွင်ဒီဇိုင်းဆွဲခိုင်းပါ။

ထိုသို့လုပ်ဆောင်ခြင်းသည် ကျွမ်းကျင်မှုများကို လေ့ကျင့်ရန်နှင့် အကြောင်းအရာများကို လေ့လာရန် အလွန်ထိရောက်သောနည်းလမ်းတစ်ခုလည်းဖြစ်သည်။ ဘာသာစကားနှင့် ကောင်းစွာထိတွေ့ခွင့်လည်းပေးနိုင်သည်။ ကျောင်းသားများမှာ ဆရာဖြစ်ရန်ရည်ရွယ်ထားသူများဆိုလျှင်လည်း အလွန် အသုံးဝင်မည့်အတွေ့အကြုံဖြစ်သည်။

ထိန်းကျောင်းကန့်သတ်မှုပေး၍ လေ့ကျင့်စေသော လေ့ကျင့်ခန်းများမှာ ဖန်တီးရလွယ်ကူသည်။ ကျောင်းသားများဖန်တီးထားသည့် လေ့ကျင့်ခန်းများကို တစ်ဦးနှင့်တစ်ဦး လဲလှယ်ပေးကြ၍ လေ့ကျင့်စေနိုင်သည်။ ပိုသွက်လက်ပြီး အလုပ်မြန်မြန်ပြီးတတ်သော ကျောင်းသားများကို အခြားသူများ လေ့ကျင့်ခန်းမပြီးသေးချိန်တွင် ဤသို့ ကိုယ်ပိုင်လေ့ကျင့်ခန်းများ ဖန်တီးခိုင်းနိုင်သည်။ သွက်လက်သော ကျောင်းသားများကို လေ့ကျင့်ခန်းစာရွက်များ ဖန်တီးရေးသားစေပြီး လေ့ကျင့်ခန်းဘဏ်ပုံစံမျိုး စုစည်းထားနိုင်သည်။ အခြားသူများ ဥပမာ ကျွမ်းကျင်မှုနည်းသေးသော ကျောင်းသားများက ထိုလေ့ကျင့်ခန်းများကို ရယူအသုံးပြုလေ့ကျင့်နိုင်သည်။

ထိန်းကျောင်းကန့်သတ်ပေးထားမှု နည်းသွားသော လုပ်ငန်းစဉ်များက ဘာသာစကားကို မည်သို့သင်ယူလျှင်ကောင်းမည်ဟူသော နည်းလမ်းအမျိုးမျိုး အကြံဉာဏ်ကောင်းများကို ကိုယ်တိုင်ထုတ်ဖော်အသုံးပြုစေသည်။ ကျောင်းသားများက ဘာသာစကားသင်ယူမှုနည်းလမ်းများကို သိရှိလေလေ ပိုမိုထိရောက်စွာသင်ယူနိုင်သော သင်ယူသူများဖြစ်လာလေလေ ဖြစ်ပါမည်။

ဤသည်မှာလည်း သင်ယူသူ ဗဟိုပြု သင်ကြားသင်ယူမှု၏ ပန်းတိုင်ပင်ဖြစ်ပါသည်။

# ၁၀။ သင်ခန်းစာနောက်ပိုင်း လုပ်ငန်းစဉ်များ

ဤအပိုင်းမှ လေ့ကျင့်ခန်းများကို လိုအပ်သည့်အချိန် အတိုင်းအတာအတိုအရှည်အလိုက် စီစဉ်ထားပါသည်။ မိနစ်အနည်းငယ်သာလိုအပ်သော လေ့ကျင့်ခန်းများကို အရင်ဖော်ပြထားပြီး အချိန်ပိုလိုအပ်သော လေ့ကျင့်ခန်းလုပ်ငန်းစဉ်များကို နောက်ဆုံးမှ ဖော်ပြထားသည်။

သင်ခန်းစာနောက်ပိုင်းလုပ်ငန်းစဉ်အဖြစ် ဤစာအုပ်မှ လေ့ကျင့်ခန်းအတော်များများကို အသုံးပြုနိုင်ပါသည်။ အဓိကကျသော လေ့ကျင့်ခန်းအချို့ကို အောက်တွင် စာရင်းဖော်ပြထားပါသည်။

**၁.၄ ဆက်စပ်မှုပြ စက်ဝိုင်း**

**၄.၆ ခေါင်းစဉ်ရွေးပါ**

**၄.၁၀ အချင်းချင်း သင်ကြားခြင်း**

**၅.၃ ဖတ်စာ ဉာဏ်စမ်း**

**၈.၈ သရုပ်ဖော်ချက်များကို ရေးခြင်း တွဲစပ်ခြင်း**

**၈.၁၅ စူးစမ်းမေးမြန်း ရေးသားသော အက်ဆေး**

**၉.၇ တင်ဆက်မှုများ**

**၉.၉ စကားရည်လုခြင်း**

**၉.၁၀ ပြ၍ ပြောပါ**

**၉.၁၁ ကဒ်ပြားပေါ်မှာ ပြောစရာ**

**၉.၁၃ ကျပန်း စကား**

**၁၁.၄ သရုပ်ဖော်ဟန်ကို မှန်းဆ အဓိပ္ပါယ်ဖော်ခြင်း**

**၁၁.၉ သင်ပုန်းဆီအရောက် အပြေးပြိုင်မယ်**

**၁၂.၁၄ မေးမြန်းစူးစမ်း**

## ၁၀ (၁) ဘယ်သူရေးသလဲ

၁။ ကျောင်းသားများက စာပိုဒ်တစ်ခုသို့မဟုတ် အက်ဆေးတစ်ခုကိုရေးပါ။ ရေးထားသော စာပိုဒ်များကို နံရံပေါ်တွင် ကပ်ထားပါ။ စာရွက်ပေါ်တွင် ကျောင်းသားများ၏ အမည်မပါပါစေနှင့်။

၂။ ကျောင်းသားများက အတန်းတွင်းလှည့်ပတ်ကြည့်ရှုပြီး ထိုစာရွက်များကို မည်သူရေးထားခြင်းဖြစ်သည်ကို ဖော်ထုတ်ပါ။


ယခုလေ့ကျင့်ခန်းကို အခြားပုံစံကွဲတစ်ခုအနေနှင့် ပြုလုပ်လိုပါက စာရွက်များကို နံရံတွင်မကပ်ဘဲ အချင်းချင်းပြန်ဝေလိုက်ပါ။ ထို့နောက် ကျောင်းသားများက အချင်းချင်း မေးခွန်းများမေး၍ မိမိတို့ရထားသော စာရွက်ကို မည်သူရေးခြင်းဖြစ်သည်ကို ရှာဖွေပါ။

၁၀.၁

***ရည်ရွယ်ချက်။ ။*** *စာပိုဒ်ငယ်တစ်ခုကို ဖတ်ပြီး ရေးထားသူကို မှန်းစေရန်။*

***သတိပြုရန်။ ။*** *ကျောင်းသားများက အခန်းတွင်း ဟိုဟိုသည်သည် လှည့်လည်လျှောက်သွားနိုင်ရန်လိုသည်။ တစ်ဦးနှင့် တစ်ဦးလည်း ကောင်းစွာ သိကျွမ်းသူများဖြစ်သင့်သည်။*

***ကြိုတင်ပြင်ဆင်မှု။ ။*** *ကျောင်းသားများရေးထားသည့်များကို အခန်းနံရံများတွင် ကြိုတင်ကပ်ထားရန်လိုသည်။*



## ၁၀ (၂) လုပ်ဆောင်ချက်ကို အမှတ်ပေးပါ

၁၀.၂

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများ ရေးသားပြောဆိုကြသည်များကို ၎င်းတို့ အချင်းချင်း အမှတ်ပေးအကဲဖြတ်ကြရန်။*

***သတိပြုရန်။*** ။ *အကဲဖြတ်အမှတ်ပေးရန် စာ/စကားကို တစ်တန်းလုံးက ကြားသိပြီး/ဖတ်ရှုပြီး ဖြစ်ရမည်။*

၁။ အမှတ်ပေးစည်းမျဉ်း အချို့သတ်မှတ်ပါ။ (ဘာသာစကားအကောင်းဆုံးအသုံးပြုခြင်း၊ စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်ခြင်း၊ စည်းရုံးဆွဲဆောင်နိုင်မှု အကောင်းဆုံးဖြစ်ခြင်း စသဖြင့်)

၂။ ကျောင်းသားများ လုပ်ဆောင်ထားသော အရေးအသား၊ အပြောအဆို စသည်တို့ကို နားထောင် ဖတ်ရှုပြီးနောက် သတ်မှတ်ထားသည့်အတိုင်း အချင်းချင်း အမှတ်ပြန်ပေးရမည်ဖြစ်သည်။

ဤသို့ အမှတ်ပေးနိုင်ရန် နည်းလမ်းအမျိုး မျိုး အသုံးပြုနိုင်သည်။

*ဥပမာ –*

- အမှတ်ပေးခြင်းများ သို့မဟုတ် ထင်မြင်ချက်များကို ဇယားတစ်ခုအတွင်းတွင် ဖြည့်ပါ။

| name | comments | score |
|---|---|---|
| Soe Lwin | Good introduction, some parts confusing, especially paragraph 2. | 7 |
| Naw Moo | Confident writer, with very few spelling and grammar mistakes, but most arguments weak. | 6 |
| William | Clever use of language. Well argued. Handwriting very difficult to read sometimes. | 8.5 |
| Win Win Than | Most of her writing was not on the topic. | 3 |

- ပြောသူသို့မဟုတ် ရေးသူကို ပေးရန် မှတ်ချက်များရေးထားပြီး ပေးခြင်း
- မည်သူအကောင်းဆုံးဖြစ်သည်ကို မဲပေးခြင်း

## ၁၀ (၃) လေ့ကျင့်ခန်းပြီးစီးမှုကို အစီရင်ခံခြင်း

ကျောင်းသားများက လေ့ကျင့်ခန်းလုပ်ငန်းစဉ်တစ်ခု (သို့မဟုတ် လုပ်ငန်းစဉ်များ) ပြီးစီးသည့်အခါ ကျောင်းသားများက ထိုသို့ပြီးစီးခြင်းအကြောင်းကို ပြန်လည် အစီရင်ခံခြင်းဖြစ်သည်။ ကျောင်းသားများက ထိုလေ့ကျင့်ခန်း သင်ခန်းစာမှ မည်သည်တို့သင်ယူရရှိခဲ့ခြင်းနှင့် သင်ယူရရှိခဲ့ခြင်းတို့၏ အကျိုးရှိမှုတို့ကို တွေးတောသုံးသပ်လျှက် တင်ပြရမည်ဖြစ်သည်။ ထိုသို့စီစဉ်တင်ပြရန် နည်းလမ်းများစွာ သုံး၍ရနိုင်သည်။

၁၀.၃

**ရည်ရွယ်ချက်။** ။ ကျောင်းသားများကို လုပ်ဆောင်ရန် ပေးထားသည့် လုပ်ဆောင်မှုအကြောင်းကို သေချာ စဉ်းစားဆင်ခြင်နိုင်ရန်။

**သတိပြုရန်။** ။ ကျောင်းသားများကို တစ်ဦးစီ၊ နှစ်ဦးတွဲစီ၊ အဖွဲ့လိုက် စသည်ဖြင့် လုပ်ဆောင်စေရမည်။

- ကျောင်းသားများက စာဖြင့် ရေးသားထားသော တင်ပြချက်တစ်ခုကိုရေးရန် (တစ်ဦးချင်း၊ အတွဲလိုက်၊ အဖွဲ့လိုက် စသည်)
- ကျောင်းသားများက လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာ၌ ကျော်ဖြတ်ခဲ့သော အဆင့် အားလုံးနှင့် ၎င်း အဆင့်များမှ မည်သည်တို့ သင်ယူရရှိခဲ့သည်ကို ဝိုင်းဝန်းစဉ်းစားရန်
- အဖွဲ့လိုက်ဖြစ်စေ တစ်တန်းလုံးဖြစ်စေ အလွတ်သဘော ဆွေးနွေး ပြောဆိုကြည့်ခြင်း

## ၁၀ (၄) ဘာဆက်ဖြစ်မှာလဲ

ကျောင်းသားများက အဖြစ်အပျက်တစ်ခု သို့မဟုတ် ဇာတ်လမ်းတစ်ခု အလယ်တွင် ရှေ့တွင်ဆက်ဖြစ်မည်တို့ကို သတ်မှတ်ပြောဆိုခြင်းဖြစ်သည်။

- ပုံပြင်ဇာတ်လမ်းတစ်ပုဒ် သုံးနေခြင်းဖြစ်ပါက ကျောင်းသားများက ပုံပြင်တွင်ပါဝင်သော ဇာတ်ကောင်များ အဖြစ်အပျက်များကို မိမိတို့နှစ်သက်သလို ရှေ့ဆက် ဇာတ်သိမ်းရေးသားပေးခြင်း
- လက်ရှိ အဖြစ်အပျက်သတင်း တစ်ခုအကြောင်း သင်ကြားနေခြင်းဖြစ်ပါက ထိုအဖြစ်အပျက်မည်သို့ဆက်ဖြစ်မည်ကို ကျောင်းသားများက မှန်းဆရေးသားပေးခြင်းဖြစ်သည်။

၁၀.၄

***ရည်ရွယ်ချက်။ ။*** *အဖြစ်အပျက်တစ်ခု သို့မဟုတ် ဇာတ်လမ်းတစ်ခုတွင် ဘာဆက်ဖြစ်မည်ကို ကျောင်းသားများက သတ်မှတ်ပြောဆိုရန်။*

***သတိပြုရန်။ ။*** *ကျောင်းသားများကို တစ်ဦးစီ၊ နှစ်ဦးတွဲစီ၊ အဖွဲ့လိုက် စသည်ဖြင့် လုပ်ဆောင်စေရမည်။*

## ၁၀ (၅) အဖွဲ့လိုက် ပဟေဠိပြိုင်ပွဲ

၁။ သင်ခန်းစာခေါင်းစဉ် အကြောင်းအရာနှင့် ပတ်သက်သော အပိတ်မေးခွန်း (အဖြေမှန် တစ်ခုတည်းသာ ရှိနိုင်သော မေးခွန်း) များကို အဖွဲ့လိုက်စဉ်းစား ပြင်ဆင်ပါ။ မိမိတို့မေးခွန်းအတွက် အဖြေကိုလည်း မိမိတို့ဘာသာသိရမည်ဖြစ်သည်။ အတန်းတွင်းမှ အဖွဲ့အားလုံးက မေးခွန်းအရေအတွက်အတူတူ ရေးသားပြင်ဆင်ကြပါစေ။

၂။ အဖွဲ့တစ်ဖွဲ့စီက အခြားအဖွဲ့များကို မိမိတို့မေးခွန်းများကို မေးရမည်။ အခြားအဖွဲ့များက အဖွဲ့တွင်းဆွေးနွေးပြီး အဖြေကို ချရေးထားပါ။ ဤနည်းအတိုင်း အဖွဲ့များက အလှည့်ကျ မေးခွန်းများမေးကြဖြေကြရမည်။

၃။ အဖွဲ့အားလုံးက မေးစရာမေးခွန်းများ ကုန်သွားသည့်အခါ အဖြေများစစ်ပါ။ အဖြေမှန် အများဆုံးရထားသည့်အဖွဲ့မှာ အနိုင်ရပါသည်။

၁၀.၅

***ရည်ရွယ်ချက်။ ။*** *ကျောင်းသားများက ခေါင်းစဉ်နှင့် ပတ်သက် ၍မေးနိုင်သော ရှုသျှနိ ဖြစ်သည့် မေးခွန်းများ စဉ်းစားစေရန်*

***သတိပြုရန်။ ။*** *ကျောင်းသားများကို ၃ဦး မှ ၆ ဦးအထိ တစ်ဖွဲ့ဖွဲ့ ပြီးလုပ်ဆောင်ခိုင်းရမည်။*

## ၁၀ (၆) သရုပ်ဆောင်ခြင်း

၁။ ကျောင်းသားများ သရုပ်ဆောင်ရန် ဇာတ်လမ်းအခင်းအကျင်း တစ်ခုပေးပါ။ ဇာတ်လမ်းပါ ဇာတ်ကောင်အရေအတွက်အလိုက် သရုပ်ဆောင်နိုင်အောင် လူထည့်လျှက် အဖွဲ့ခွဲပါ။

၂။ မည်သည့်ဇာတ်ကောင်ကို မည်သူ သရုပ်ဆောင်မည်၊ ဇာတ်လမ်းကို မည်သို့ဆက်မည်၊ မည်သို့သိမ်းမည်ကို စဉ်းစားဆုံးဖြတ်ရန် အချိန်အနည်းငယ်ပေးပါ။

၃။ အဖွဲ့များက မိမိတို့ဇာတ်လမ်းများကို တစ်တန်းလုံးကို သရုပ်ဆောင်ပြရန်ဖြစ်သည်။

သရုပ်ဆောင်ခြင်းကို ပိုမိုစိတ်ဝင်စားဖွယ်ကောင်းစေရန်အတွက်မူ ဝတ်စုံများ ဇာတ်ဝင်ပစ္စည်းများ စသည်တို့ကို ယူဆောင်လာခိုင်းနိုင်သည်။ ဥပမ ၁– နဂါးကြီးကို တိုက်ခိုက်အနိုင်ယူသော ဇာတ်လမ်းအတွက် မင်းသမီး သရဖူ၊ နဂါးမျက်နှာဖုံး၊ သစ်သား ပလတ်စတစ် ဓါး သေနတ်စသည်တို့ကို ဆရာက ဖြစ်စေ ကျောင်းသားများကဖြစ်စေ ပြင်ဆင်ယူဆောင်လာနိုင်သည်။

၁၀.၆

***ရည်ရွယ်ချက်။ ။*** *ကျောင်းသားများက အဖြစ်အပျက်တစ်ခုကို သရုပ်ဆောင်ကြရန်။*

***သတိပြုရန်။ ။*** *ကျောင်းသားများကို သရုပ်ဆောင်ရန် နေရာ လုံလုံလောက်လောက်လိုသည်။*

## ၁၀ (၇) ထင်မြင်ချက်များဖော်ထုတ်ခြင်း

ကျောင်းသားများက အကြောင်းအရာ တစ်ခုကို လေ့လာပြီးသွားသည့်အခါ ၎င်းအပေါ် မြင်သော အမြင်များ တွေးမိသော အတွေးများစသည်တို့ကို ရေးသားကြရမည်။ အောက်ပါဥပမာများအတိုင်းလည်းပြုလုပ်နိုင်ပါသည်။

- ဝါကျ အနည်းငယ်မျှ၊ စာတစ်ပိုဒ်မျှ သို့မဟုတ် အက်ဆေး တစ်ပုဒ်ရေးခြင်း
- ဝက်ဘ်ဆိုက်တစ်ခု သို့မဟုတ် သတင်းစာတစ်စောင်မှ အယ်ဒီတာအား ပေးစာ တစ်စောင်ရေးခြင်း (အကယ်၍ သင်ခန်းစာနှင့် လက်ရှိအဖြစ်အပျက်တစ်ခုခုတို့ ဆက်စပ်ကိုက်ညီမှုရှိပါက)

၁၀.၇

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက အကြောင်းအရာ ကိစ္စရပ်တစ်ခုအပေါ် ထင်မြင်ချက်များပေးရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများကို တစ်ဦးစီ၊ နှစ်ဦးတွဲစီ၊ အဖွဲ့လိုက် စသည်ဖြင့် လုပ်ဆောင်စေရမည်။*

## ၁၀ (၈) ပိုစတာ

အကြောင်းအရာတစ်ခုအကြောင်း သင်ခန်းစာတွင် လေ့လာပြီးသည့်အခါ ကျောင်းသားများက လေ့လာခဲ့ပြီးသမျှကို အခြားသူများနှင့် မျှဝေရန်အတွက် ပိုစတာ တစ်ခုဒီဇိုင်းရေးဆွဲခြင်းဖြစ်သည်။ ထိုပိုစတာတွင် ထည့်သွင်းရေးဆွဲနိုင်သည့် ဥပမာအချို့မှာ

- အဓိက ဆိုလိုရင်းဖော်ပြချက် သို့မဟုတ် ခေါင်းစဉ် ခေါင်းစည်း
- ကာတွန်းပုံများ
- သရုပ်ဖော်ပုံများ ရုပ်ပုံများ၊ ကျောင်းသားများရေးချယ်သော ပုံများ သို့မဟုတ် စာအုပ်များမှ ဖြတ်ညှပ်ကပ်ထားသော ဓါတ်ပုံများ
- ခေါင်းစဉ်အကြောင်းအရာနှင့် ပတ်သက်၍ အရေးပါသော အချက်အလက်များ စုစည်းထားသော အနှစ်ချုပ် ရေးသားဖော်ပြချက်

၁၀.၈

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက အကြောင်းအရာ၊ ကိစ္စရပ်တစ်ခုနှင့် ပတ်သက်ပြီး ပိုစတာတစ်ခု ရေးဆွဲရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများပိုစတာလုပ်ရန် ပစ္စည်း ပစ္စယများလိုအပ်သည်။ စာရွက်အကြီးစားများ၊ ပုံဆွဲခဲတံ အစရှိသဖြင့်ပစ္စည်းများ၊ ဖြတ်ညှပ်ကပ်လုပ်ရန် မဂ္ဂဇင်းများ စသည်ဖြင့်လိုအပ်မည်ဖြစ်သည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *ပိုစတာလုပ်ရန် ပစ္စည်း ပစ္စယများ ကြိုတင် ပြင်ဆင်ထားရန်။*

## ၁၀ (၉) ခေါင်းစဉ်အကြောင်း ထပ်မံစူးစမ်းဖွေရှာခြင်း

သင်ပြီးသွားသော သင်ခန်းစာအကြောင်းအရာနှင့် ပတ်သက်၍ အချက်အလက်များ ပိုမိုရရှိသိရရန် ကျောင်းသားများက စူးစမ်းရှာဖွေမှု ပြုလုပ်ရန်ဖြစ်သည်။ သတင်းအချက်အလက်ရင်းမြစ် အမျိုးမျိုးမှ အချက်အလက်ရယူစုဆောင်းစေနိုင်ရန် အချိန်ပေးပါ။ ထိုစူးစမ်းရှာဖွေမှုပြီးသည့်အခါ အောက်ပါတို့အတိုင်း ပြန်လည်တင်ပြနိုင်သည်။

- စာပိုဒ်တစ်ခုအဖြစ်၊ အက်ဆေးတစ်ပုဒ်အဖြစ်၊ ဆောင်းပါးတစ်ပုဒ်အဖြစ်
- အတန်းကို စမရှုနည်အအေးသေည တစ်ခု တင်ဆက်ခြင်းအဖြစ်
- အတန်းအတွက် သင်ခန်းစာငယ်တစ်ခု အဖြစ် ပြန်လည် သင်ပြခြင်းအဖြစ် ပြန်လည်တင်ပြနိုင်သည်။

၁၀.၉

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက အကြောင်းအရာ၊ ကိစ္စရပ်တစ်ခုပေါ် ထပ်မံသိရှိရန်*

***သတိပြုရန်။*** ။ *ကျောင်းသားများတွင် ရှာဖွေရန် သတင်းရင်းမြစ်များလိုသည်။ မဂ္ဂဇင်းများ၊ သတင်းစာများ၊ အင်တာနက်၊ စကားပြောဆိုမေးမြန်း၍ရသောသူများစသည်*

# ဘာသာစကားဦးစားပေးလေ့ကျင့်ခန်းများ

ဤအပိုင်းတွင် အပိုင်းငယ် ၃ ပိုင်းခွဲထားပါသည်။

- ဝေါဟာရဦးစားပေးအပိုင်း၊
- သဒ္ဒါဦးစားပေးအပိုင်း၊
- အသံထွက်ဦးစားပေးအပိုင်းတို့ဖြစ်ကြပါသည်။

ကျောင်းသားများ ဘာသာစကားလိုအပ်ချက်တစ်ခုခု ရှိလာပါက ဤလုပ်ငန်းစဉ်များကို အသုံးပြုလေ့ကျင့်နိုင်သည်။ ဤအပိုင်းတွင်ဖော်ပြမည့် လုပ်ငန်းစဉ်တို့ကို သင်ခန်းစာ၏ အဆင့် အားလုံး၌ အသံထွက် သဒ္ဒါ ဝေါဟာရ စသည်တို့ကို ပြန်နွှေးရန်ဖြစ်စေ ထပ်ဖန်တလဲ လေ့ကျင့်ရန်ဖြစ်စေ အသုံးပြုနိုင်သည်။ ထို့ပြင် ကျွမ်းကျင်မှုဦးစားပေး လေ့ကျင့်ခန်းများတွင်း မြှုပ်၍လည်း အသုံးပြုနိုင်ပါသည်။

ဤအပိုင်းပါ လုပ်ငန်းစဉ်တို့ကို သင်ခန်းစာတစ်ခုအတွင်း မည်သို့ထည့်သွင်းနိုင်သည်ကို အောက်တွင် ဥပမာနှစ်ခု ပြသထားပါသည်။ ၎င်းဥပမာတို့မှာ ကျွမ်းကျင်မှု လေ့ကျင့်ခန်းများအပိုင်းတွင် ဖော်ပြခဲ့သည့် သင်ခန်းစာအဆင့်ဆင့်နှင့် အတူတူပင်ဖြစ်ပါသည်။

**သင်ခန်းစာ ၁**

***ရည်ရွယ်ချက်။ ။*** *ငယ်စဉ် ကလေးဘဝ အတွေ့အကြုံများအကြောင်းစာတစ်ပုဒ်ကို ဖတ်ရှုနိုင်ရန်၊ အနှစ်ချုပ်နိုင်ရန် နှင့် ၎င်းအကြောင်းကို ဖတ်ရှုဆွေးနွေးနိုင်ရန်ဖြစ်သည်။*

၁.၁။ စာတွင်ပါဝင်သော ဝေါဟာရများကို မိတ်ဆက်သင်ကြားရန်။

၁.၂။ ကျောင်းသားများက စာပါ အကြောင်းရာများကို ခန့်မှန်းကြရန်။

၁.၃။ ကျောင်းသားများက ၎င်းစာကို ဖတ်ကြည့်ရန်။

၁.၄။ နားလည်သဘောပေါက်မှုစစ်မေးသော မေးခွန်းများ ဖြေဆိုရန်။ (comprehension questions)

၁.၅။ စာပါ အဓိက အချက်များကို အနှစ်ချုပ်၍ ချရေးရန်။

၁.၆။ ကျောင်းသားများက ထိန်းကျောင်းကန့်သတ်မှုပေးထားသော လေ့ကျင့်ခန်းတစ်ခု past simple tense ကိုသုံးပြီးဆောင်ရွက်ရန်

၁.၇။ ထိန်းကျောင်းကန့်သတ်ပေးမှုကို လျှော့ပြီး ကျောင်းသားများကို past simple tense သုံးသော လေ့ကျင့်ခန်းတစ်ခု ဆောင်ရွက်စေရန်။

၁.၈။ နိနှင့်ဆုံးသော စကားလုံးများကို အသံထွက်လေ့ကျင့်ခြင်း လေ့ကျင့်ခန်းတစ်ခု ဆောင်ရွက်ရန်။

၁.၉။ ကျောင်းသားများက မိမိတို့သည်လည်း စာတွင်ပါသော ကလေးဘဝအတွေ့အကြုံမျိုးရှိမရှိ ဆွေးနွေးပြောဆိုကြစေရန်။

**သင်ခန်းစာ ၂**

***ရည်ရွယ်ချက်။ ။*** *စည်းရုံးရေး ဟောပြောချက်ငယ်တစ်ခု ပြောဆိုရန်။*

၂.၁။ ရုပ်မြင်သံကြားတွင် UK မှ ရွေးကောက်ပွဲ ဟောပြောချက်တစ်ခုကို ကြည့်ရန်။

၂.၂။ ဟောပြောချက်တွင် သုံးသွားသော အဓိက ဝေါဟာရ များကို လေ့လာအသုံးပြုပြီး ထိန်းကျောင်းကန့်သတ်မှု ပေးထားသောဝေါဟာရအသုံးပြုခြင်း လေ့ကျင့်ခန်း တစ်ခု ပြုလုပ်ရန်။

၂.၃။ ထို့နောက် ထိုဝေါဟာရများကို သုံးပြီး ထိန်းကျောင်းကန့်သတ်မှု မပါသော ဝေါဟာရ အသုံးပြုခြင်းလေ့ကျင့်ခန်းတစ်ခုဆောင်ရွက်ရန်။

၂.၄။ ကျောင်းသားများကို အဖွဲ့များခွဲပြီးမူဝါဒများချမှတ်ကြည့်ကြရန်။

၂.၅။ ကျောင်းသားများက ကိုယ်ပိုင်ဟောပြောချက်များရေးကြရန်။

၂.၆။ ဟောပြောချက်များကို အပြောလေ့ကျင့်ကြရန်။

၂.၇။ ကျောင်းသားများက စည်းရုံးပြောဆိုရမည်။နားထောင်သူများက စကားပြောသူ တစ်ဦးချင်းကို၎င်းတို့ဘာသာစကားအကြောင်းအရာ နှင့် ဟန်ပန်တို့အတွက်အကဲဖြတ် အမှတ်ပေးရမည်။

၂.၈။ ကျောင်းသားအားလုံးက အခန်းတွင်းရွေးကောက်ပွဲတွင် မည်သူ့ကို အဘယ်ကြောင့် ရွေးချယ်အနိုင်ပေးမည်ကိုဆွေးနွေးဆုံးဖြတ်ပါ။

၂.၉။ ဝါကျကို အသံထွက် အဖိအဖော့များနှင့် ပြောဆိုလေ့ကျင့်သည့် အသံထွက်လေ့ကျင့်ခန်းတစ်ခုဆောင်ရွက်ပါ။

ယခုတစ်ခေါက်တွင်မူ ဘာသာစကားဦးစားပေး လေ့ကျင့်ခန်းများ ထည့်သွင်းထားကြောင်းတွေ့နိုင်ပါသည်။ ၁.၆၊ ၁.၇ တို့မှာ **သဒ္ဒါလေ့ကျင့်ခန်းများ**ဖြစ်ကြသည်။ သင်ခန်းစာတွင်ပါသော Past Simple Tense နှင့် ဆိုင်သည့် အဓိကတည်ဆောက်ပုံများကို အသုံးပြုပြီး ကျောင်းသားများကို ထိန်းကျောင်းကန့်သတ်ပေးမှု အများမှ အနည်းသို့ အနည်းငယ်စီ လျှော့ပေးပြီး လေ့ကျင့်စေသည်။ ဤနည်းဖြင့် ကျောင်းသားများက သင်ကြားနေသည့် တည်ဆောက်ပုံများကို ပိုမိုကောင်းစွာနားလည်နိုင်မည်ဖြစ်သည်။

၂.၂၊ ၂.၃ တို့မှာ **ဝေါဟာရလေ့ကျင့်ခန်းများ**ဖြစ်သည်။ ထိုလေ့ကျင့်ခန်းများက သင်ခန်းစာမတိုင်မီလုပ်ငန်းစဉ် (နမူနာမိန့်ခွန်းကို ကြည့်ရှုနားထောင်ရခြင်း) တွင်တွေ့ခဲ့ရသော ဝေါဟာရများကို ကျောင်းသားများ ထပ်မံလေ့ကျင့်စေသည်။ လွယ်ရာမှ တဖြည်းဖြည်းခက်ပေးပြီး လေ့ကျင့်စေသော ဝေါဟာရ လေ့ကျင့်ခန်းများကြောင့် အဓိက ဆောင်ရွက်ဖွယ်ဖြစ်သည့် စည်းရုံးဆွဲဆောင်နိုင်သော မိန့်ခွန်းတစ်ခုရေးခြင်းတွင် ထိုဝေါဟာရများကို ကျောင်းသားများထည့်သုံးနိုင်သည်။

၁.၈၊ ၁.၉ တို့မှာ **အသံထွက်လေ့ကျင့်ခန်းများ**ဖြစ်ကြသည်။ ဤသင်ခန်းစာမှ ဆောင်ရွက်ဖွယ်များတွင်ပါသော အဓိက တည်ဆောက်ပုံများကို အသံထွက်ရွတ်ဆိုရာ၌ ကျောင်းသားများအခက်အခဲရှိနိုင်မည့် အပိုင်းများကို ဦးစားပေး လေ့ကျင့်ထားသော လေ့ကျင့်ခန်းများဖြစ်ပါသည်။

# ဝေါဟာရ

## ၁၁။ ဝေါဟာရ လေ့ကျင့်သင်ယူခြင်း လုပ်ငန်းစဉ်များ

စကားလုံးများ စကားစုများကို ကျောင်းသားများ နားလည် အသုံးပြုရန် လိုအပ်သော အခါတိုင်း ဤအပိုင်းမှ လုပ်ငန်းစဉ်များကို သုံးပါ။ ဤအပိုင်းကို ထိန်းကျောင်းကန့်သတ်ပေးထားမှု အဆင့် ပေါ်မူတည်ပြီး အစဉ်လိုက်စီထားပါသည်။ ထိန်းကျောင်းကန့်သတ်ပေးမှုများသော လေ့ကျင့်ခန်းများကို အစပိုင်းတွင်ဖော်ပြထားပြီး ထိန်းကျောင်းကန့်သတ်မှု မရှိသော လုပ်ငန်းစဉ်များမှာမူ အဆုံးတွင်ရှိပါသည်။ သို့ရာတွင် လုပ်ငန်းစဉ်လေ့ကျင့်ခန်း အများစုမှာ ထိန်းကျောင်းကန့်သတ်ပေးမှုကို လိုသလို ပြုပြင်ပြောင်းလဲပေးနိုင်သည့် လေ့ကျင့်ခန်းများဖြစ်ကြပါသည် (နောက်ဆက်တွဲ ၁ ကိုရှု)။

အခြားအပိုင်းများမှ လုပ်ငန်းစဉ်လေ့ကျင့်ခန်းအချို့ကိုလည်း (အထူးသဖြင့် အပိုင်း၂၊ ဝေါဟာရ ကြိုတင်သင်ကြားခြင်း) ဝေါဟာရ လေ့ကျင့်သင်ယူရန် အသုံးပြုနိုင်ပါသည်။

**၁.၄ ဆက်စပ်မှုပြ စက်ဝိုင်း**

**၂.၁ ဝေါဟာရများ တွဲစပ်ခြင်းလုပ်ငန်းစဉ်**

**၂.၂ Eliciting သိပြီးဝေါဟာရကို ဖော်ထုတ်ပေးခြင်း**

**၂.၃ မေးခွန်းများနှင့် နားလည်မှုကို စစ်ဆေးခြင်**

**၄.၈ ပျောက်ကွယ်သွားသော စာလုံးများ**

**၅.၆ အချက်အလက်များကို အမျိုးအစားခွဲခြင်း**

**၈.၁ ရောထွေးရေးထား ဝါကျများ**

**၈.၈ သရုပ်ဖော်ချက်များကို ရေးခြင်း တွဲစပ်ခြင်း**

**၈.၁၁ အဓိက ဝေါဟာရမှ စာသားတစ်ခုသို့**

**၉.၁၁ ကဒ်ပြားပေါ်မှာ ပြောစရာ**

**၁၂.၇ လိုက်လံမေးမြန်း လေ့ကျင့်ခန်း**

**၁၂.၉ ကြက်ခြေနှင့် စက်ဝိုင်း**

**၁၂.၁၁ မိမိကိုယ်ကိုယ် ရှာဖွေခြင်း**

**၁၂.၁၃ စကားပြော ကြိမ်လုံး**

## ၁၁ (၁) ကြိုးမိန့်


> ၁၁.၁
> **ရည်ရွယ်ချက်။** ။ ကျောင်းသားများက ဝေါဟာရများကို မှတ်မိ စာလုံးပေါင်းစေရန်။
> **သတိပြုရန်။** ။ ကျောင်းသားများက သင်ပုန်းမှ ကြည့်၍ခန့်မှန်းကြရန်ဖြစ်သည်။


၁။ ကျောင်းသားများမှတ်မိသင်ယူစေလိုသော ဝေါဟာရတစ်လုံးကို ရွေးပါ။ အက္ခရာတစ်လုံးစီအတွက် မျဉ်းတိုလေးတစ်ချက်စီ သင်ပုန်းပေါ်တွင် တို့ထားပါ။

၂။ ကျောင်းသားများက ထိုဝေါဟာရတွင် ပါဝင်သော အက္ခရာများကို မှန်းဆရမည်ဖြစ်သည်။ ကျောင်းသားက အက္ခရာတစ်လုံးကို လှမ်းပြောရမည်။ ထို အက္ခရာမှာ ဝေါဟာရတွင်ပါနေပါက မျဉ်းတိုလေးများပေါ်တွင် သူ့နေရာနှင့် သူ ဆရာက ရေးထည့်ပေးရမည်။ အကယ်၍ နှစ်ခါပါလျှင် နှစ်နေရာရေးပေးရမည်ဖြစ်သည်။ ကျောင်းသားခေါ်လိုက်သည့် အက္ခရာမှာ ဝေါဟာရတွင်မပါပါက ဆရာက ကြိုးပေးခံရမည့်လူပုံကို ပထမ တစ်ချက် စတင်ရေးဆွဲလိုက်ပြီး မှားသွားသည့် သင်ပုန်းပေါ်တွင် ရေးသားရမည်။

၃။ ကျောင်းသားများက ၎င်းဝေါဟာရတွင် မည်သည့် အက္ခရာများပါသည်ကို ဆက်လက်မှန်းဆရမည်။ ဤကစားနည်း ပြီးဆုံးသည့်အချိန်မှာ

- ကြိုးပေးခံရမည့်လူပုံကို တစ်ချက်ခြင်း ဆွဲ၍ပြီးသွားခြင်း (ကျောင်းသားများရှုံးသည်)
- တစ်ဦးဦးက ဝေါဟာရအမှန်ကို မှန်းမိသွားခြင်း (ကျောင်းသားများ နိုင်သည်)



# ၁၁ (၂) ဘင်ဂို 


> ၁၁.၂
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက ဝေါဟာရများကို မှတ်မိ တွဲစပ်စေရန်။*
> ***သတိပြုရန်။*** ။ *ကျောင်းသားများက ဆရာခေါ်ပေးသည့် စကားလုံးကို ရှင်းလင်းပီသစွာ ကြားနိုင်ရန်လိုသည်။*
> ***ကြိုတင်ပြင်ဆင်မှု။*** ။ *တွဲစပ်၍ရသော ဝေါဟာရများပါသည့် ဘင်ဂိုကဒ်များပြင်ဆင်ထား ရန်လိုသည်။*

၁။ ဘင်ဂိုကဒ်ပြားများလုပ်ရန်အတွက် စကားလုံး ၃၀ မှ ၅၀ အထိ ရွေးပါ။ ထို့နောက် မည်သည့် စကားလုံးမျိုးကို တွဲစပ်မည်ကို သတ်မှတ်ပါ။

- အရိုးရှင်းဆုံး တွဲစပ်နည်းမှာ ကြားရသည့်စကားလုံးနှင့် ဖတ်ရသည်တို့ကိုတွဲခြင်း (ဘင်ဂိုကဒ်ပြားပေါ်တွင် စကားလုံးများရေးသားပေးပြီး ၊ ထိုစကားလုံးတို့ကိုပင် ပြန်ခေါ်ခြင်း )
- စကားလုံးများကို ကြောင်းတူသံကွဲ၊ သို့မဟုတ် ဆန့်ကျင်ဘက် တို့နှင့်တွဲခြင်း (ဘင်ဂိုကဒ်ပြားပေါ်တွင် စကားလုံးများရေးသားထားပေးပြီး ထိုစကားလုံးတို့၏ ကြောင်းတူသံကွဲများ၊ ဆန့်ကျင်ဘက်များကို ခေါ်ပေးခြင်း )
- ကြိယာများတွဲခြင်း (Past Simple သို့မဟုတ် Past Participle ကြိယာများရေးသားထားပေးပြီး ၎င်းတို့၏ base သမာ ကို ခေါ်ပေးခြင်း)
- နာမဝိသေသနများ ကို Comparative နှင့် Superlative Form များတွဲခြင်း၊ Word family ၏ အပိုင်းအချင်းချင်းတွဲစပ်ခြင်း၊ နံပါတ်များ ကိန်းဂဏန်းများနှင့် ညီမျှခြင်းများတွဲခြင်း၊ ရုပ်ပုံများနှင့် စကားလုံးများတွဲခြင်း စသဖြင့်

၂။ အတန်းတွင်းလူတိုင်းအတွက် တစ်ခုစီရစေရန် ဘင်ဂို ကဒ်များ ပြင်ဆင်ပြုလုပ်ပါ။ ၄ကွက် ပတ်လည် ဇယားကွက်ထဲတွင် စကားလုံး ၁၆ လုံး ရေးထည့်ပါ။ ကျောင်းသားတစ်ဦးနှင့် တစ်ဦး မတူစေရန် သေချာစွာပြုလုပ်ထားပါ။

အောက်ပါ ဥပမာမှာ နာမဝိသေသန အချို့နှင့် ၎င်းတို့၏ဆန့်ကျင်ဘက်စကားလုံးများကို တွဲစပ်ရန်ဖြစ်သည်။

| | | | |
|---|---|---|---|
| mean | sad | clever | tired |
| lazy | ugly | small | early |
| bad | stupid | careful | shy |
| honest | selfish | vain | quiet |

| | | | |
|---|---|---|---|
| shy | ugly | big | bad |
| cold | rich | tired | nice |
| stupid | late | careful | young |
| vain | boring | clever | short |

ဘင်ဂိုကဒ်များလုပ်ရန့် အအစါ။ www.educasia.org မှ Bingo Software ကို အသုံးပြုနိုင်ပါသည်။

၃။ ဘင်ဂိုကဒ်ပေါ်မှ စကားလုံးများနှင့် တွဲစပ်ရန် စကားလုံးများကို ဆရာက တစ်လုံးချင်းခေါ်ပေးပါ။ ကျောင်းသားက မိမိ၏ ဘင်ဂိုကဒ်ပေါ်တွင် တွဲနိုင်သည့်စကားလုံးပါလာက ကြက်ခြေခတ်ရမည်။




| | | | |
|---|---|---|---|
| mean | sad | clever | tired |
| cold | rich | tired | nice |
| bad | late | careful | young |
| vain | boring | clever | short |

၄။ ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ၊ ထောင့်ဖြတ်ဖြစ်စေ လေးကွက် ပထမဆုံး တန်းအောင် ကြက်ခြေခတ်မိသော ကျောင်းသားက ဘင်ဂို ဟု အော်ရမည်ဖြစ်သည်။ ၎င်းမှာ အနိုင်ရသူဖြစ်သည်။

၅။ ထို့နောက်ဆက်ကစားပြီး မိမိဘင်ဂိုကဒ်ပေါ်မှ စကားလုံးအားလုံးကို ကြက်ခြေခတ်မိသော ကျောင်းသားက ဘင်ဂိုဟု ထပ်မံအော်ရမည်။ ၎င်းမှာ နောက်ထပ်အနိုင်ရသူတစ်ဦးဖြစ်သည်။

အနိုင်ရသွားသော ကျောင်းသားများကို နောက်တစ်ခေါက်အတွက် တွဲစပ်ရန် စကားလုံးများကို ဆရာအစား ခေါ်ပေးရန် စေခိုင်းနိုင်သည်။ ပိုမိုအားစိုက်ထုတ်စေလိုလျှင် ၅ကွက် ပတ်လည် ဇယားကွက်ကို အသုံးပြုနိုင်သည်။

## ၁၁ (၃) သိဂီ ပြောမယ်

၁။ အတန်းရှေ့တွင် ဆရာက မတ်တပ်ရပ်ပါ။
ကျောင်းသားများက ဆရာကို ရှင်းရှင်းလင်းလင်းမြင်နိုင်သော
နေရာတွင် မတ်တပ်ရပ်ကြပါစေ။

၂။ ဆရာက "Thingy Says" ဟုပြောလိုက်ပြီး တစ်ခုခု
လိုက်လုပ်ရန် ညွှန်ကြားချက်ပေးပါ။ ဥပမာ – Thingy says
clap your hands ဟုပြောလိုက်ပြီး ဆရာကိုယ်တိုင်လည်း
ထိုအမူအရာကို လုပ်ပါ။ ထိုအခါ ကျောင်းသားများက
လိုက်လုပ်ရမည်။

၃။ Thingy says ဟု ပြောပြီး ညွှန်ကြားချက်များဆက်အော်ပါ။
ကျောင်းသားများက လိုက်လုပ်ရမည်။
ညွှန်ကြားသည့်အတိုင်းမဟုတ်ဘဲ အမူအရာ မှားလုပ်ပါက
ထွက်ရမည်။


၄။ ဆရာက Thingy says ဟု မပြောဘဲနှင့် ပေးသည့်
ညွှန်ကြားချက်ကို လိုက်လုပ်လျှင်လည်း
ထွက်ရမည်ဖြစ်သည်။ ဥပမာ -

Thingy says မပါဘဲ raise your hand ဟု ပြောသည်ကို
လက်မြှောက်သော ကျောင်းသားက ထွက်ရမည်ဖြစ်သည်။

၅။ ညွှန်ကြားချက်များဆက်ပေးပါ။ Thingy says
မပါဘဲနှင့်လည်း တခါတရံထည့်ပြောပါ။ အမူအရာမှားတိုင်း
Thingy says မပါဘဲ ပြောသည်ကို လိုက်လုပ်မိတိုင်း
ကျောင်းသားတစ်ဦးထွက်ပြီး
နောက်ဆုံးတစ်ဦးတည်းကျန်သည်အထိ ဆက်ကစားပါ။
ထိုတစ်ဦးတည်းကျန်ခဲ့သူမှာ အနိုင်ရသူဖြစ်သည်။

ကျောင်းသားများကို ဆရာအစား ညွှန်ကြားချက်များ အလှည့်ကျ
ထွက်ခေါ်ခိုင်းနိုင်သည်။

၁၁.၃
***ရည်ရွယ်ချက်။ ။*** *action verb များ body parts များ imperatives များကို အသုံးပြုခြင်းကို လေ့ကျင့်နားလည်စေရန်*
***သတိပြုရန်။ ။*** *ကျောင်းသားများ လွတ်လွတ်လပ်လပ် ထနိုင်ထိုင်နိုင် လှုပ်ရှားနိုင်ရမည်ဖြစ်သည်။ ရှေ့မှ ဦးဆောင်အမိန့်ပေးနေသူကိုလည်း သေချာစွာမြင်နိုင်ရမည်ဖြစ်သည်။ ဆူညံနေမည်ဖြစ်သည်။*



## ၁၁ (၄) သရုပ်ဖော်ဟန်ကို မှန်းဆ အဓိပ္ပါယ်ဖော်ခြင်း

၁။ ပုံသို့မဟုတ် စာဖြင့်ရေးသားထားသော စကားလုံးများကို ကဒ်ပြားလေးများပေါ်၌ရေးသားရမည်။ ဥပမာ ကျောင်းသားများကို adverbs များသင်နေသည့်အချိန်ဖြစ်ပါက အောက်ပါ ကဒ်ပြားမျိုးပြင်ထားမည်ဖြစ်သည်။

၁၁.၄

***ရည်ရွယ်ချက်။*** ။ *မကြာခင်က သင်ယူထားသော ဝေါဟာရသစ်များကို မှတ်မိပြီး အသုံးပြု နိုင်ရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများကို အဖွဲ့လိုက်လုပ်ဆောင်ခိုင်းရမည်ဖြစ်သည်။ ကျောင်းသားအဖွဲ့များနှင့် ဆူညံနေမည်ဖြစ်သည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *ရုပ်ပုံများ၊ စကားလုံးများ၊ ဝါကျများ ပါသော ကဒ်ပြား များပြင်ဆင်ထားရန်လိုမည်။*

thoughtfully
cook dinner

or





http://educasia.org တွင် ရုပ်ပြဝေါဟာရ ကဒ်ပြားများရရှိနိုင်ပါသည်။

၂။ ကျောင်းသားများကို အဖွဲ့ခွဲပါ။ ထို့နောက် အဖွဲ့ဝင်များတစ်ဦးချင်းစီကို ကဒ်ပြားတစ်ခုစီပေးပြီး ထိုကဒ်ပြားပေါ်တွင်ပါသည့် စကားလုံးကို စကားလုံးဝ မပြောဘဲ အဖွဲ့ကို သရုပ်ဆောင်ပြရမည်ဖြစ်သည်။

၃။ အဖွဲ့က ဘာစကားလုံးဖြစ်နိုင်သည်ကို ဝိုင်းဝန်းမှန်းဆရမည်ဖြစ်ပြီး အဖြေမှန်သွားလျှင် အမှတ်တစ်မှတ်ရမည်။ ထို့နောက် အဖွဲ့တွင်းမှ နောက်တစ်ဦးကို ဆက်လက်သရုပ်ဆောင်ခိုင်းပြီး မှန်းဆရမည်ဖြစ်သည်။ အမှတ်အများဆုံးရရှိသည့်အဖွဲ့မှာ အနိုင်ဖြစ်သည်။





# ၁၁ (၅) အမှတ် အတွဲ


၁။ နှစ်ကဒ်တစ်တွဲ တွဲနိုင်သော စာလုံးများ သုံး၍ ကဒ်ပြား ၃၀ မှ ၅၀ အထိကို တစ်စုံရေးသားပြင်ဆင်ပါ။ ကျောင်းသားများကို အဖွဲ့ခွဲပြီး တစ်ဖွဲ့ကို တစ်စုံပေးနိုင်သည်အထိရှိရမည်။ အောက်ပါတို့အတိုင်း ရေးသားပြင်ဆင်နိုင်သော ဥပမာ အချို့ဖြစ်ပါသည်။

- ရုပ်ပုံနှင့်စာနှင့် တွဲနိုင်ခြင်း (http://educasia.org တွင်ရရှိနိုင်သော ရုပ်ပြဝေါဟာရ ကဒ်ပြားများကို အသုံးပြုနိုင်ပါသည်)
- စကားလုံးတစ်လုံးကို အဓိပ္ပါယ်တူစကားလုံးနှင့် တွဲခြင်း၊ ဆန့်ကျင်ဘက်စကားလုံးနှင့် တွဲခြင်း၊ အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်စေ၊ ဥပမာဖြစ်စေနှင့် တွဲခြင်း
- စကားလုံးတစ်လုံးလုံးနှင့် ၎င်း၏ ရှေ့ဆက်စကားလုံးများကို တွဲခြင်း
- နှစ်ခြမ်းခြမ်းထားသည့် ဏ္ဍမချုရ လနမဘ များ ပေါင်းစပ်နာမ် compound nouns များကို သူ့အခြမ်းနှင့်သူ တွဲခြင်း
- ကာရန်တူသည့် စာလုံးများတွဲခြင်း၊ ဗျည်းသံတူသည့် စာလုံးများတွဲခြင်း

၁၁.၅
***ရည်ရွယ်ချက်။*** *။ ကျောင်းသားများက ဝေါဟာရများကို မှတ်မိ တွဲစပ်စေရန်။*
***သတိပြုရန်။*** *။ ကျောင်းသားများကို အဖွဲ့လိုက်လုပ်ဆောင်ခိုင်းရမည်ဖြစ်သည်။ အဖွဲ့ဝင်များကို စားပွဲတွင် ဝိုင်းထားခိုင်းနိုင်သကဲ့သို့ ကြမ်းပြင်ပေါ်တွင် ဝိုင်းထိုင်ခိုင်းခြင်းလည်း ပြုလုပ်နိုင်သည်။*
***ကြိုတင်ပြင်ဆင်မှု။*** *။ တွဲစပ်ခြင်းလုပ်ဆောင်နိုင်ရန် ကဒ်အစုံများ ပြင်ဆင်ထားရမည်ဖြစ်သည်။*

၂။ ကျောင်းသားများကို အဖွဲ့ခွဲပါ။ တစ်ဖွဲ့စီကို ကဒ်ပြားတစ်ထုတ်စီပေးပါ။ ကျောင်းသားများက ၎င်းကဒ်ပြားများကို ရောမွှေပြီး ကဒ်ပြားပေါ်မှ စာလုံးကို မမြင်ရအောင် မှောက်လျှက်ချထားရမည်။ ထိုသို့ချထားရာတွင် ကဒ်ပြားတစ်ပြားနှင့် ပြား ထပ်မနေစေဘဲ ကဒ်အားလုံး၏ ကျောပြင်ကို မြင်ရအောင် မှောက်ရမည်ဖြစ်သည်။

၃။ အဖွဲ့ဝင်များက ကဒ်ပြားနှစ်ပြားစီကို အလှည့်ကျ လှန်ရမည်။ လှန်မိသော ကဒ်ပြားနှစ်ပြားမှာ တွဲစပ်နိုင်သော စကားလုံးများဖြစ်ပါက ထိုကဒ်ပြားနှစ်ပြားကို ထိုကျောင်းသားက ယူထားပြီး နောက်တစ်ခါ ထပ်လှန်နိုင်သည်။ တွဲစပ်နိုင်သော စကားလုံးများမဟုတ်ကြပါက နှစ်ကဒ်လုံးကို သူ့နေရာနှင့်သူ ပြန်မှောက်ထားရမည်။ ထိုသို့အလှည့်ကျ ကဒ်ပြားလှန်နေစဉ်အတွင်း ကဒ်ပြားများနေရာမရွှေ့အောင်ပြောထားပါ။




၄။ ကဒ်ပြားများကုန်သည့်အထိ ဆက်ကစားအပြီး၌ ကဒ်ပြားအများဆုံးသိမ်းမိသော ကျောင်းသားက အနိုင်ဖြစ်သည်။

# ၁၁ (၆) မှတ်ဉာဏ် ဘယ်လောက်ကောင်းသလဲ။

၁။ အရာဝတ္ထု ပစ္စည်း အခု၂၀ ခန့်၊ သို့မဟုတ် ရုပ်ပုံကားချပ်သို့မဟုတ် သင်ကြားမည့် အင်္ဂလိပ်စာကို သုံးထားသော မြင်ကွင်း တို့ကို စုဆောင်းပြင်ဆင်ပါ။ (http://educasia.org မှ ရရှိနိုင်သော ရုပ်ပြဝေါဟာရ ကဒ်ပြားများကို အသုံးပြုနိုင်ပါသည်။)

၂။ ကျောင်းသားများက အထက်ပါတို့ကို ၂မိနစ်ခန့် သေချာကြည့်ရှုမှတ်သားပါ။ ၎င်းတို့ကြည့်နေစဉ် ဆရာက ထိုပစ္စည်းတို့၏ အမည်များ ပြောပြလိုက ပြောပြနိုင်ပါသေးသည်။

၃။ ထိုပုံများသို့မဟုတ် ပစ္စည်းများကို ဖယ်လိုက်ပါ သို့မဟုတ် ဖုံးအုပ်လိုက်ပါ။

၁၁.၆
***ရည်ရွယ်ချက်။*** *။ ကျောင်းသားများက ဝေါဟာရများ၊ အချက်အလက်များကို မှတ်မိသိရှိစေရန်။*
***သတိပြုရန်။*** *။ ကျောင်းသားများအားလုံး အရာဝတ္ထုများကို ကောင်းစွာမြင်နိုင်ရန်လိုအပ်သည်။*
**ကြိုတင်ပြင်ဆင်မှု။** ။ အရာဝတ္ထုများ သို့မဟုတ် ရုပ်ပုံများကို ကြိုတင်စုဆောင်းထားရမည်ဖြစ်သည်။

၄။ ကျောင်းသားများကို အချိန် ၅ မိနစ်ခန့်ပေးပြီး ၎င်းတို့မြင်ခဲ့သမျှကို ပြန်လည်စဉ်းစားချရေးခိုင်းပါ။

## ၁၁ (၇) ရုပ်ပြ ဝေါဟာရ ကားချပ်များ

၁။ မည်သည့်စကားလုံးများကို အာရုံစိုက်လိုသည်ကို ကျောင်းသားများကရွေးချယ်ရမည်။ ကျောင်းသားများ မှတ်ရခက်နေသော အသုံးလိုသော စကားလုံးများကို ရွေးချယ်ရန် ဆရာက အားပေးပါ။

၂။ ကျောင်းသားတစ်ဦးကို ကဒ်ပြား၁၀ချပ်မျှပေးပါ။ ကျောင်းသားများက ရွေးချယ်ထားသော စကားလုံးများ စကားစုတို့ကို တစ်ကဒ်တွင် တစ်လုံးရေးရမည်။


၁၁.၇
***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက ဝေါဟာရသစ်များ၏ အဓိပ္ပါယ်နှင့် ဖွဲ့စည်းပုံကို မှတ်မိသိရှိစေရန်။*
***သတိပြုရန်။*** ။ *ကျောင်းသားတစ်ဦးချင်းစီတွင် အနည်းဆုံး ကဒ်ပြား ၁၀ ခုခန့်လိုအပ်မည်ဖြစ်သည်။*

၃။ ကဒ်ပြား၏ နောက်တစ်ဖက်တွင်အောက်ပါတို့အနက်တစ်ခုခုကို ရေးရမည်။

- တစ်ဖက်ပါစကားလုံး၏ ဘာသာပြန်ချက်
- အဓိပ္ပါယ်ဖွင့်ဆိုချက် သို့မဟုတ် အဓိပ္ပါယ်တူ အခြားစကားလုံး
- ထိုစကားလုံးကို ထည့်ရေးထားသော ဝါကျ
- သို့မဟုတ် တစ်ဖက်ပါစကားလုံးကို သရုပ်ဖော်ပုံဆွဲထားခြင်း (http://educasia.org တွင်ရရှိနိုင်သော ရုပ်ပြဝေါဟာရ ကဒ်ပြားများကို အသုံးပြုနိုင်ပါသည်။)

| multi- lingual |
|---|

| able to speak many langauges<br>ဘာသာစကားမျိုးစုံပြောတတ်တယ် |
|---|




၄။ ထိုကဒ်ပြားများကို ကျောင်းသားများက အိတ်ထဲတွင်ထည့်သိမ်းထားပြီး လမ်းသွားစဉ် ကားစီးစဉ် တစ်ခုခုစောင့်နေစဉ် စသည်ဖြင့်– မည်သည့်အချိန်၌မဆို ထုတ်ကြည့်ပြီး မိမိတို့ မှတ်မိ မမှတ်မိ စမ်းသပ်နိုင်သည်။

## ၁၁ (၈) ကွက်လပ်ဖြည့်

၁။ အဓိက ဝေါဟာရများဖျောက်ပြီး ကွက်လပ်ချန်ကာ ရေးထားသော စာပိုဒ်တစ်ခု သို့မဟုတ် သီးသန့်ဝါကျများ သို့မဟုတ် မေးခွန်းများ ကို ရေးသားပြင်ဆင်ပါ။

***အဆိုပါ ကွက်လပ်များကို***

- closed (အဖြေမှန် တစ်ခုတည်းသာဖြည့်နိုင်သော ကွက်လပ်)အဖြစ်ပြင်ဆင်ထားနိုင်သည်။ သို့မဟုတ်
- သစနည (အဖြေမှန် များစွာဖြည့်နိုင်သော ကွက်လပ်) အဖြစ်လည်း ပြင်ဆင်ထားနိုင်သည်။

၁၁.၈
***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက လိုအပ်နေသော ဝေါဟာရများကို ရှာဖွေဖော်ထုတ်ပေးကြရန်။*
***သတိပြုရန်။*** ။ *ကျောင်းသားများက သင်ပုန်းမှ သို့မဟုတ် လေ့ကျင့်ခန်းစာရွက်ပေါ်မှ လုပ်ဆောင်နိုင်သည်။*
***ကြိုတင်ပြင်ဆင်မှု။*** ။ *ဝေါဟာရအချို့ ချန်ပြီးရေးထားသော စာတစ်ပုဒ် ပြင်ထားရန်လိုသည်။*

၂။ ကျောင်းသားများက စာပိုဒ်မှ ကွက်လပ်များကို မိမိတို့ဘာသာ စကားလုံးများ စဉ်းစား၍ ဖြည့်စွက်ရမည်ဖြစ်သည်။

| Lek Tho is a medium sized ____ on the river. It has quite a ____ population, but there's a lot to ____ there. There's a cinema, a sports stadium, a ____ and a lot of restaurants and teashops. There's ____ teachers training college too, ____ a lot of students ____ there. The teacher's college ____ a large library. Everyone is allowed to go there to ____ books. |
|---|

ထိန်းကျောင်းကန့်သတ်မှု ပိုမိုပေးပြီး လွယ်ကူအောင်လုပ်ပေးလိုလျှင် ရောမွှေထားသော အဖြေများပေးပြီး ရွေးချယ်ဖြည့်စွက်စေခြင်း ဖြစ်သည်။ နောက်ပုံစံ တစ်မျိုးမှာ အဖြေများကို (multiple choice) ကွက်လပ်တစ်ခုစီအတွက် အဖြေသုံးခုမျှစီပေးကာ အဖြေမှန်ရွေးခိုင်းစေခြင်းဖြစ်သည်။

## ၁၁ (ဇ) သင်ပုန်းဆီအရောက် အပြေးပြိုင်မယ်

၁။ ကျောင်းသားများကို အဖွဲ့ ၂ဖွဲ့သို့မဟုတ် ၃ ဖွဲ့ပေးပါ။ သင်ပုန်းကို ဒေါင်လိုက် အပိုင်းများပိုင်းပြီး တစ်ဖွဲ့ကို တစ်ပိုင်းစီပိုင်ဆိုင်ကြောင်း သတ်မှတ်ပေးပါ။ အဖွဲ့များက သင်ပုန်းရှိရာဘက်ကို မျက်နှာမူပြီး အခန်းတစ်ဖက် တန်းစီမတ်တပ်ရပ်ပါ။ တစ်ဖွဲ့ကို မာကာ တစ်ချောင်းစီ၊ သို့မဟုတ် မြေဖြူတစ်ချောင်းစီပေးပါ။


၂။ ဆရာက အားလုံးကို မေးခွန်းတစ်ခုမေးလိုက်ပါ။ အဖွဲ့အားလုံး အဖြေမှန်ကို စဉ်းစားပြီး ပထမဆုံး အဖွဲ့ဝင်က သင်ပုန်းဆီသို့ ပြေး၍ မိမိတို့ပိုင် အပိုင်းတွင် အဖြေကို ရေးရန်ဖြစ်သည်။ အဖြေမှန်ကို အရင်ဆုံး ရေးပြီးသည့် အဖွဲ့က တစ်မှတ်ရမည်။

၁၁.ဇ

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက အသစ်သင်ယူထားသော ဝေါဟာရများကို မှတ်မိပြီး ပြန်ရေးရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားအဖွဲ့လိုက် လုပ်ဆောင်ရမည်ဖြစ်ပြီး သင်ပုန်းဆီသို့ ပြေးလွှားရခြင်းရှိသောကြောင့် ဆူဆူညံညံ ရှိနိုင်သည်။*

***ကြိုတင်ပြင်ဆင်မှု။။*** *အသစ်သင်ထားသော ဝေါဟာရများအတွက် မေးခွန်းများ ပြင်ဆင်ထားရမည်ဖြစ်သည်။*




၃။ အဖွဲ့တွင်းရှိ ကျောင်းသားအားလုံး အဖြေထွက်ရေးပြီးသည်အထိ သို့မဟုတ် မေးခွန်းများကုန်သွားသည်အထိ ဆရာက မေးခွန်းများဆက်မေးပါ။ အပြီးတွင် အမှတ်အများဆုံးရထားသော အဖွဲ့က အနိုင်ရသည်။

ယခုလေ့ကျင့်ခန်းကို သဒ္ဒါလေ့ကျင့်ခန်းများအတွက်လည်း လုပ်နိုင်သည်။ ဥပမာ past participle သင်ရာတွင်ဖြစ်သည်။ ဆရာက လနမဘ တစ်ခုကို ပြောလိုက်ပြီး ကျောင်းသားများက သင်ပုန်းတွင် စမေအငခငစုန ပုံစံ ရေးရခြင်းမျိုးဖြစ်သည်။

အကြောင်းအရာတစ်ခုကို မည်မျှ သိရှိထားကြောင်း စစ်ဆေးရန်လည်း သုံးနိုင်သည်။ ထိုအကြောင်းအရာကို မေးခွန်းထုတ်ပြီး ကျောင်းသားများက အဖြေရေးခြင်းဖြစ်သည်။

# ၁၁ (၁၀) သရုပ်ဖော်ပြောဆိုပါ

၁။ ကျောင်းသားများကို နှစ်ဖွဲ့နှင့် အထက် ဖွဲ့ပေးပါ။ တစ်ဖွဲ့စီတွင် သရုပ်ဖော်ပြောဆိုပေးမည့်သူတစ်ဦးစီရွေးပါ။ ထိုသူတို့ကို သရုပ်ဖော်ပြောဆိုရန်စကားလုံးတစ်ခုကို အခြားမည်သူမျှ မကြားစေဘဲ ဆရာက တိတ်တိတ်လေးပေးပါ။

၂။ ထိုသရုပ်ဖော်သူတို့က အဖွဲ့ဆီပြန်ကြပြီး မိမိအဖွဲ့က ထိုစကားလုံးကို မှန်းနိုင်အောင် သရုပ်ဖော်ပြောပြရမည်ဖြစ်သည်။ ထို့သို့ပြောရာတွင် စကားလုံးကို တိုက်ရိုက်ဖော်ပြခြင်းမဟုတ်ဘဲ

- အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပြောပြခြင်း
- လက်ဟန်ခြေဟန်ဖြင့် ပြောပြခြင်း
- ဥပမာများပေးခြင်း
- ဆန့်ကျင်ဘက် အဓိပ္ပါယ်များပြောပြခြင်း စသည်တို့ လုပ်နိုင်သည်။

၃။ စကားလုံးအမှန်ကို ပထမဆုံး မှန်းနိုင်သော အဖွဲ့က တစ်မှတ်ရမည်ဖြစ်သည်။

၄။ ထို့နောက် အဖွဲ့အားလုံးက သရုပ်ဖော်ပြောဆိုသူ နောက်တစ်ဦးရွေးပါ။ အထက်ပါအတိုင်း ဆက်ကစားပါ။ အဆုံး၌ အမှတ်အများဆုံးရရှိနေသော အဖွဲ့က အနိုင်ရသည့် အဖွဲ့ဖြစ်သည်။

ပိုမိုကျွမ်းကျင်မှုရှိသော ကျောင်းသားများကိုမူ စကားစုများပေး၍ သရုပ်ဖော်ခိုင်းနိုင်သည်။

၁၁.၁၀

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက အသစ်သင်ယူထားသော ဝေါဟာရများကို သရုပ်ဖော်ပြောဆိုခြင်း၊ သရုပ်ဖော်ချက်ကို နားထောင်ပြီး ဝေါဟာရကို မှတ်မိသိရှိခြင်းများလုပ်ရန်*

***သတိပြုရန်။*** ။ *ကျောင်းသားအဖွဲ့လိုက် လုပ်ဆောင်ရမည်ဖြစ်ပြီး သရုပ်ဖော်သူကို တစ်ဖွဲ့လုံးက သေချာစွာမြင်နိုင်ရမည်ဖြစ်သည်။ လုပ်ငန်းစဉ်အတွင်း ဆူညံနေလိမ့်မည်။*



## ၁၁ (၁၁) စကားလုံးပဟေဠိ စကားပြောရင်းအဖြေညှိ

Software

၁။ ကျောင်းသားများ စူးစိုက်ရန် လိုအပ်သော စကားလုံး ၂၀ ခန့်ရွေးချယ်ပါ။ ၎င်းစကားလုံးများကို စကားလုံးဆက် ပဟေဠိ အကွက်နှစ်ခုတွင် တစ်ဝက်စီထည့်သွင်းပါ။

http://educasia.org တွင်ရရှိနိုင်သော Crossware ကိုသုံး၍လုပ်နိုင်ပါသည်။

> ၁၁.၁၁
>
> ***ရည်ရွယ်ချက်။*** ။ *သင်ခန်းစာမှ စကားလုံးများကို ကျောင်းသားများက အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ မှတ်မိခြင်း ၊ အသုံးပြုပြောဆိုခြင်းများကို ပြုလုပ်ရန်။*
>
> ***သတိပြုရန်။*** ။ *ကျောင်းသားနှစ်ဦးတွဲစီလုပ်ဆောင်ရမည်ဖြစ်သည်။*
>
> ***ကြိုတင်ပြင်ဆင်မှု။*** ။ *စကားလုံးပဟေဠိအကွက် တစ်ဝက်စီပြင်ထားရမည် ဖြစ်သည်။*

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| 1 m | a | l | a | r | i | 2 a | ■ | ■ | ■ |
| | ■ | ■ | ■ | ■ | ■ | | ■ | 3 | ■ |
| | ■ | ■ | 4 | ■ | ■ | 5 k | n | e | e |
| 6 t | e | e | t | h | ■ | | ■ | | ■ |
| | ■ | ■ | | ■ | ■ | 7 e | y | e | ■ |
| ■ | ■ | ■ | | ■ | ■ | ■ | ■ | | ■ |
| ■ | 8 h | e | a | r | 9 t | ■ | 10 | ■ | 11 |
| ■ | | ■ | | ■ | | ■ | 12 o | n | e |
| ■ | | ■ | | ■ | 13 e | a | r | ■ | |
| ■ | 14 d | o | ■ | ■ | ■ | ■ | | ■ | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| 1 m | | | | | | 2 a | ■ | ■ | ■ |
| o | ■ | ■ | ■ | ■ | ■ | n | ■ | 3 f | ■ |
| u | ■ | ■ | 4 s | ■ | ■ | 5 k | | e | |
| 6 t | | | t | | ■ | l | ■ | v | ■ |
| h | ■ | ■ | o | ■ | ■ | 7 e | | e | ■ |
| ■ | ■ | ■ | m | ■ | ■ | ■ | ■ | r | ■ |
| ■ | 8 h | | a | | 9 t | ■ | 10 s | ■ | 11 f |
| ■ | e | ■ | c | ■ | o | ■ | 12 o | | e |
| ■ | a | ■ | h | ■ | 13 e | | r | ■ | l |
| ■ | 14 d | | ■ | ■ | ■ | ■ | e | ■ | l |

၂။ ထို့နောက်ကျောင်းသား တစ်ဦးချင်းစီကို ပဟေဠိကွက် တစ်ခုစီကိုပေးပါ။ ကျောင်းသားများက မိမိတို့ရသော အကွက်ထဲတွင် ပါလာသော စကားလုံးများကို မည်သို့ အစဖော်ပေးရမည်ကို ပြင်ဆင်ပါ၊ ဥပမာ – ထိုစကားလုံးများ၏ ဥပမာ သာဓကများ၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ အဓိပ္ပါယ်တူစကားလုံးများစသဖြင့်။

၃။ ကျောင်းသားများအချင်းချင်း မိမိတို့ပဟေဠိများတွင်ဖြည့်ရန်လိုနေသေးသော စကားလုံးများကို အခြားသူများကို မေးမြန်းလျှက်ဖြည့်ရမည်ဖြစ်သည်။




## ၁၁ (၁၂ ) အမျိုးအစား ခွဲခြားထားသော အက္ခရာများ

> ၁၁.၁၂
>
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက ဝေါဟာရများကို အားလုံးဝိုင်းဝန်းစဉ်းစားရမည်ဖြစ်သည်။*
>
> ***သတိပြုရန်။*** ။ *၃ ဦးမှ ၅ ဦးတဖွဲ့ဖွဲ့ပြီးလုပ်ဆောင်ရမည်ဖြစ်သည်။*

၁။ ကျောင်းသားများလေ့လာနေသော သင်ခန်းစာနှင့် သက်ဆိုင်သည့် ခေါင်းစဉ်လေးခုကို သင်ပုန်းပေါ်တွင်ရေးလိုက်ပါ။ ဥပမာ
Animal / Food / Country / Object

၂။ အက္ခရာတစ်လုံးရွေးပါ သို့မဟုတ် ကျောင်းသားများကို ရွေးခိုင်းပါ။ ထိုအက္ခရာကို သင်ပုန်းပေါ်တွင်ရေးပါ။ ဥပမာ ဃ ဟု ဆိုပါစို့။ ကျောင်းသားများက အဖွဲ့လိုက်စဉ်းစား ခေါင်းစဉ်လေးခုစလုံးအတွက် ဃ နှင့် စသော စကားလုံးတစ်လုံးတစ်လုံးစီစဉ်းစားရှာဖွေရမည်။ ဥပမာအားဖြင့် ဟူ၍ဖြစ်မည်။
Eat / Carrot / Candada / Computer

၃။ အဖွဲ့တစ်ဖွဲ့က ခေါင်းစဉ်လေးခုစလုံးအတွက် စကားလုံးတစ်လုံးစီရှာ တွေ့ပြီဆိုလျှင် ရပ်ဟု အော်ရမည်ဖြစ်သည်။ ပြီးနောက် ရထားသော စကားလုံးများကို ပြောပြရမည်။ အားလုံးမှန်ပါက တစ်မှတ်ရမည်ဖြစ်သည်။

၄။ အခြားအက္ခရာတစ်ခုကို ထပ်ရွေးပြီး ဆက်ကစားပါ။ အမှတ်အများဆုံးရသည့်အဖွဲ့ အနိုင်ရမည်ဖြစ်သည်။

## ၁၁.၁၃ နှုတ်ရေးပန်းချီ

၁။ ၁။ ကျောင်းသားများသင်ယူနေခဲ့သော သင်ခန်းစာတွင်ပါသော အရာဝတ္ထုများ ပါဝင်သော မြင်ကွင်း အခင်းအကျင်းရုပ်ပုံကားချပ်များ ပြင်ဆင်ပါ။ ကျောင်းသားတစ်ဦးလျှင်ပုံတစ်မျိုး ပေးနိုင်သကဲ့သို့ နှစ်ပုံတည်းပြင်ပြီး မိတ္တူလုံလောက်စွာကူးပြီး ကျောင်းသားနှစ်ဦးတွဲတိုင်းကို ထိုနှစ်ပုံစီသာ ပေးခြင်းလည်း လုပ်နိုင်ပါသည်။ ရုပ်ပုံများကို ရိုးရှင်းလွယ်ကူစွာ ဆွဲသားပြင်ဆင်နိုင်သည်။

၁၁.၁၃
***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက သရုပ်ဖော်ချက်များကို ပြောပြနားထောင်ကြရမည်ဖြစ်သည်။*
***သတိပြုရန်။*** ။ *ကျောင်းသားနှစ်ဦးတွဲစီလုပ်ဆောင်ရမည်ဖြစ်သည်။*
***ကြိုတင်ပြင်ဆင်မှု။*** ။ *ကျောင်းသားများသင်ယူနေသည်နှင့် သက်ဆိုင်သော အကြောင်းအရာ အဖြစ်အပျက် မြင်ကွင်းမျိုးပါသည့် ပုံများစုဆောင်းပါ သို့မဟုတ် ဆွဲသားပါ။*

*ဥပမာ –*

- လမ်းညွှန်ခြင်း၊ မြို့တစ်မြို့တွင်ရှိသည့် နေရာများအကြောင်း (မြေပုံတစ်ခု ၊ လမ်းတစ်လမ်း၏ ဓါတ်ပုံ)
- အစားအသောက်များ၊ အရေအတွက်များ ၊ ထည့်စရာများ (မီးဖိုချောင်ခန်းတစ်ခု၏ပုံ၊ စင်တစ်စင်ပေါ်တွင် ပစ္စည်းများတင်ထားပုံ)
- လူများ၊ အဝတ်အစားများ၊ လှုပ်ရှားဟန်များ (လူတစ်ဦး၏ဓါတ်ပုံ၊ အမျိုးမျိုး လှုပ်ရှား လုပ်ဆောင်နေကြသော လူများပါဝင်သည့် မြင်ကွင်းတစ်ခုပုံ)




၂။ ကျောင်းသားများက နှစ်ဦးစီတွဲပေးပါ။ ပထမ ကျောင်းသားအတွက် ပုံတစ်ပုံ ပေးပါ။ နောက်တစ်ယောက်က ထိုပုံကို မမြင်စေရအောင်ကိုင်ရမည်။

၃။ ထို့နောက် ပုံရထားသည့် ကျောင်းသားက ထိုပုံအကြောင်းကို နှုတ်ဖြင့် သရုပ်ဖော်ပြောကြားပါ။ ဒုတိယကျောင်းသားက နားထောင်ပြီး ထိုပုံကို မှန်းဆဆွဲသားရမည်ဖြစ်သည်။

၄။ ဆွဲပြီးပြီဆိုက နဂိုရရှိထားသည့် ပုံနှင့် ဒုတိယကျောင်းသား ဆွဲလိုက်သည့် ပုံကို ယှဉ်ကြည့်ပါ။ မည်မျှတူပါသလဲ။

၅။ ဒုတိယကျောင်းသားများကို နောက်တစ်ပုံပေးပါ။ အထက်ပါနည်းအတိုင်း ပထမကျောင်းသားများ ပုံဆွဲအလှည့်ဖြစ်သည်။

## ၁၁ (၁၄) အမျိုးအမည်ရှာခြင်းပြိုင်ပွဲ

၁၁.၁၄
***ရည်ရွယ်ချက်။*** ။ *အမျိုးအစားများအလိုက် အရာဝတ္ထုများကို ဝိုင်းဝန်းစဉ်းစားကြရန်။*
***သတိပြုရန်။*** ။ *သင်ပုန်းကိုသုံးပြီး တစ်တန်းလုံး ဝိုင်းဝန်းဆွေးနွေးကြရမည်ဖြစ်သည်။*

၁။ ကျောင်းသားများ လေ့လာနေသည့်သင်ခန်းစာနှင့် သက်ဆိုင်သောအမျိုးအမည်ခေါင်းစဉ်တစ်ခုပေးလိုက်ပါ။

*ဥပမာ –*

၂။ ပေးထားသည့် ခေါင်းစဉ်အောက်တွင်ဝင်မည့် အရာတစ်ခုခုကို ကျောင်းသားတစ်ယောက်ချင်းကို အလှည့်ကျ စဉ်းစားပြီးပြောခိုင်းပါ။ မိမိအလှည့်တွင် ပြောပြီးသား အရာကို ပြန်ပြောမိခြင်း သို့မဟုတ် မစဉ်းစားနိုင်တော့ခြင်းဖြစ်လျှင် ကစားနည်းမှ ထွက်ပေးရမည်။

၃။ တစ်ယောက်ပြီးတစ်ယောက်ထွက်ရာမှ တစ်ဦးတည်းသာ ကျန်တော့သည့်အထိ ဆက်စဉ်းစားပြောဆိုကြပါ။ နောက်ဆုံးကျန်ခဲ့သည့် ကျောင်းသားမှာ အနိုင်ရသူဖြစ်သည်။ အတန်းလူများပါက အဖွဲ့ခွဲ၍လုပ်ရန်။

## ၁၁ (၁၅) ကိုယ့်ကိုယ်ကို ထည့်ရေးပါ

၁၁.၁၅
***ရည်ရွယ်ချက်။*** ။ *သင်ခန်းစာမှ ဝေါဟာရများကို အသုံးပြုကြရန်။*
***သတိပြုရန်။*** ။ *ကျောင်းသား တစ်ဦးချင်း သို့မဟုတ် နှစ်ဦးတွဲ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်နိုင်သည်။*

၁။ သင်ကြားမည့် ဝေါဟာရများကို သင်ပုန်းပေါ်တွင် အတွဲလိုက်ချရေးထားပါ။

၂။ ကျောင်းသားများကူနှင့် သင်ပုန်းပေါ်မှ စကားလုံးတစ်လုံးလုံးပါသော ဝါကျများ ပြောရန် သို့မဟုတ် ရေးရန်ဖြစ်သည်။ (သင်ပုန်းပေါ်မှ စကားလုံးကို သုံးပြီး မိမိနှင့် သက်ဆိုင်သည့်အကြောင်းတစ်ခုခု ရေးရန်ဖြစ်သည်။)

ပိုခက်စေလိုလျှင် စကားလုံးနှစ်လုံးသုံးလုံးကို ဝါကျတစ်ကြောင်းတည်း၌ထည့်သွင်းပြောဆိုရေးသားခိုင်းနိုင်သည်။

| | |
|---|---|
| *interesting* | *important* |
| *tutor* | *reservoir* |
| *bank* | *turtle* |
| *undertake* | *silly* |



# သဒ္ဒါဦးစားပေး

## ၁၂။ သဒ္ဒါလေ့ကျင့်သင်ယူခြင်းလုပ်ငန်းစဉ်များ

သဒ္ဒါ (grammar) တည်ဆောက်ပုံများကို ကျောင်းသားများ နားလည်ရန် သုံးတတ်ရန် လိုအပ်သည့်အခါ ဤလေ့ကျင့်ခန်း လုပ်ငန်းစဉ်များကို အသုံးပြုနိုင်သည်။ ဤအပိုင်းကို ထိန်းကျောင်းကန့်သတ်ပေးထားမှု အဆင့် ပေါ်မူတည်ပြီး အစဉ်လိုက်စီထားပါသည်။ ထိန်းကျောင်းကန့်သတ်ပေးမှုများသော လေ့ကျင့်ခန်းများကို အစပိုင်းတွင်ဖော်ပြထားပြီး ထိန်းကျောင်းကန့်သတ်မှု မရှိသော လုပ်ငန်းစဉ်များမှာမူ အဆုံးတွင်ရှိပါသည်။ သို့ရာတွင် လုပ်ငန်းစဉ်လေ့ကျင့်ခန်း အများစုမှာ ထိန်းကျောင်းကန့်သတ်ပေးမှုကို လိုသလို ပြုပြင်ပြောင်းလဲပေးနိုင်သည့် လေ့ကျင့်ခန်းများဖြစ်ကြပါသည် (နောက်ဆက်တွဲ ၁ ကိုရှု)။

အခြားအပိုင်းများမှ လုပ်ငန်းစဉ်လေ့ကျင့်ခန်းအချို့ကိုလည်း  သဒ္ဒါ(မဘောမေ)တည်ဆောက်ပုံများလေ့ကျင့်သင်ယူရာ၌ အသုံးပြုနိုင်ပါသည်။

**၁.၆ မေးခွန်းလဲခြင်း**

**၅.၈ မေးခွန်းရှာပါ**

**၈.၂ မှားယွင်းရေးထား ဝါကျများ**

**၈.၃ စကားစုများပေါင်းထည့်ပေးပါ**

**၈.၄ စကညခအကအေသေည များပေါင်းထည့်ပေးပါ**

**၈.၅ ဝိလေနမဘျ များပေါင်းထည့်ပါ**

**၈.၇ စာပိုဒ်ကို ပြောင်းလဲရေးသားခြင်း**

**၉.၁၁ ကဒ်ပြားပေါ်မှာ ပြောစရာ**

**၁၁.၅ အမှတ် အတွဲ**

**၁၁.၈ ကွက်လပ်ဖြည့်**

**၁၁.၉ သင်ပုန်းဆီအရောက် အပြေးပြိုင်မယ်**

**၁၃.၄  စကားလုံး အပိတ်သံများ**

## ၁၂ (၁) အစားထိုးပြီး ထပ်တလဲလဲလေ့ကျင့်ခြင်း

၁၂.၁

***ရည်ရွယ်ချက်။*** ။ *သင်ခန်းစာမှ ဝါကျတည်ဆောက်ပုံများနှင့် ဝါကျတည်ဆောက်ခြင်းပြုရန်*

***သတိပြုရန်။*** ။  *သင်ပုန်းမှ ပေးထားသည်များနှင့် လုပ်ဆောင်ရန်ဖြစ်သည်။ သင်ပုန်းမှစာကို ဖတ်ကြသောကြောင့် ဆူညံနေမည်ဖြစ်သည်။*

၁။ သင်ကြားရန် (grammar) ကိုသုံးပြီး သင်ပုန်းပေါ်တွင် ဝါကျတစ်ကြောင်း ရေးသားပါ။ ဥပမာ – present simple အတွက်

*I like bananas*

၂။ ကျောင်းသားများကို ထိုဝါကျ ရွတ်ဖတ်ခိုင်းပါ။ ထို့နောက် အစားထိုးရန် အခြားစကားလုံးတစ်ခုကို သင်ပုန်းပေါ်တွင်ရေးလိုက်ပါ။ ဥပမာ

*I like bananas*      *beef*

I like beef

၃။ ကျောင်းသားများက ရေးလိုက်သော စကားလုံးကို သုံးပြီး ဝါကျ အသစ်တစ်ကြောင်း ရွတ်ဆိုရမည်။ စကားလုံး အသစ်များ ထပ်၍ ထပ်၍ ပေးပါ။ ကျောင်းသားများက ဝါကျ အသစ်များ ထပ်၍ ထပ်၍ ရွတ်ဆိုရမည်ဖြစ်သည်။

*beef*      *eat*

I eat beef

*beef*      *eat*      *don't*

I don't eat beef

*beef*      *eat*      *don't*      *my mother*

My mother doesn't eat beef

## ၁၂ (၂) ရောမွှေထားသော စကားလုံးများကို ဝါကျ ပြန်စီပါ

၁။ ဝါကျအတွင်းမှ စကားလုံးများကို နေရာမကျ မွှေနောက်ထားသော ဝါကျ ၅ ကြောင်းမှ ၁၀ ကြောင်းအထိ သင်ပုန်းပေါ်တွင်ရေးပါ။

၂။ ကျောင်းသားများက ထိုစကားလုံးများကို ပြန်စီလျက် ဝါကျ အမှန် ပြန်ရေးရမည်ဖြစ်သည်။

ထိုသို့ရေးရာတွင် အချို့စာကြောင်းများကို တစ်မျိုးထက်ပို၍ပြန်စီနိုင်လိမ့်မည်။ အမေးဝါကျနှင့် အဖြေဝါကျ အချို့တို့တွင် စကားလုံး အတူတူပင်ရှိသောကြောင့် ဖြစ်သည်။

၁၂.၂

**ရည်ရွယ်ချက်။ ။** *ဝါကျတွင်းမှ စကားလုံးများကို နဂိုဝါကျအတိုင်ပြန်ဖြစ်သည်အထိ ပြန်စီရန်။*

**သတိပြုရန်။ ။** *ကျောင်းသားများ တစ်ဦးစီသို့မဟုတ် နှစ်ဦးတွဲစီ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ရမည်။*

**ကြိုတင်ပြင်ဆင်မှု။ ။** *အတွင်းမှ စကားလုံးများကို အစီအစဉ် မကျအောင် ရောမွှေရေးထားသော ဝါကျများ ပြင်ထားရမည်။*

## ၁၂ (၃) အမေးနှင့် အဖြေ မှန်အောင်တွဲပါ

၁။ သင်ကြားလိုသော ါမဓာမေ ကို အသုံးပြုထားသော အမေးအဖြေများ ပြင်ဆင်ရေးသားပါ။ စာရွက်ပိုင်းလေးများပေါ်တွင် မေးခွန်းများကိုတစ်ခုစီ ရေးပါ။ ၎င်းတို့၏ အဖြေများကို မူ အခြားစာရွက်အပိုင်းများတွင်ရေးပါ။ စာရွက်များအားလုံးကို ရောမွှေလိုက်ပြီး ကျောင်းသားတစ်ဦးကို စာရွက် တစ်ရွက်စီပေးပါ။

၂။ ကျောင်းသားများက အတန်းတွင်းလျှောက်သွားပြီး မိမိရထားသော မေးခွန်းအတွက် အဖြေရှိသည့်သူကို သို့မဟုတ် မိမိရထားသော အဖြေ၏မေးခွန်းရှိသည့်သူကို လိုက်ရှာရမည်ဖြစ်သည်။

၃။ တွေ့ပြီဆိုက ဆရာကို လာပြရမည်ဖြစ်သည်။ အမေးအဖြေမှန်ပါက ပြန်ထိုင်နိုင်ပြီး မှားနေသေးက ပြန်သွားပြီး မေးခွန်းအမှန် အဖြေအမှန်ကို ပြန်ရှာရန်ဖြစ်သည်။

ကျောင်းသားများကို စာရွက်ကို ကြည့်ပြီး မေးခွင့်ဖြေခွင့်ပြုနိုင်သကဲ့သို့ မိမိမေးခွန်း/အဖြေကို အလွတ်မှတ်ပြီး ပြောခိုင်းခြင်းလည်း ပြုလုပ်နိုင်ပါသည်။

၁၂.၃

**ရည်ရွယ်ချက်။ ။** *တွဲစပ်နိုင်သော မေးခွန်းများနှင့် အဖြေများကို မှတ်မိသိရှိရန်။*

**သတိပြုရန်။ ။** *ကျောင်းသားများက အတန်းတွင်းလျှောက် သွားနိုင်ရန်လိုအပ်သည်။*

**ကြိုတင်ပြင်ဆင်မှု။ ။** *မေးခွန်းများကို စာရွက်အပိုင်းလေးများပေါ်တွင်ရေးထားရမည်။ ထိုမေးခွန်းတစ်ခုစီနှင့် တွဲရမည့် အဖြေများကို အခြားစာရွက်များပေါ်တွင် ရေးသားထားရမည်။*






## ၁၂ (၄) မေးခွန်းရေးပါ

၁။ ကျောင်းသားများသင်ယူနေခဲ့သော grammar သဒ္ဒါတည်ဆောက်ပုံကို သုံး၍ အဖြေစကားဝါကျ အချို့ကို သင်ပုန်းပေါ်တွင်ရေးပါ။

- closed ဖြစ်သော အဖြေများရေးနိုင်သည်။ (မေးခွန်းတစ်ခုတည်းသာ ရှိနိုင်သော အဖြေဝါကျမျိုး) ဆိုလျှင်
  Yes, I like eating mangoes.

တစ်ခုတည်းသော မေးခွန်းမှာ (တစ်ခုတည်းသော သင့်တော်နိုင်မည့်မေးခွန်းမှာ) ဟုဖြစ်သည်။

- open ဖြစ်သော အဖြေများရေးနိုင်သည်။ (မေးခွန်းများစွာ နှင့် သင့်တော်နိုင်သော အဖြေမျိုး)
  One hundred and twenty-three.

အထက်ပါအဖြေအတွက် မေးခွန်းမှာ how many နှင့် စသင့်သည်။ သို့သော် အခြား ဖြစ်နိုင်ချေရှိသည့် မေးခွန်းများစွာလည်း ရှိပါဦးမည်။

၂။ ကျောင်းသားများက ထိုအဖြေများနှင့် သင့်တော်မည့် မေးခွန်းဝါကျများရေးသားရန်ဖြစ်သည်။

Open ဖြစ်သော အဖြေများကို ပေး၍ မေးခွန်းရေးစေပါက မည်သူက သို့မဟုတ် မည်သည့်အဖွဲ့က စိတ်ဝင်စားစရာအကောင်းဆုံး မေးခွန်းကို မေးနိုင်မည်နည်းဟု ပြိုင်ဆိုင်ခိုင်းနိုင်သေးသည်။

> ၁၂.၄
> ***ရည်ရွယ်ချက်။*** ။ *ပေးထားသော အဖြေများအတွက် သင့်တော်သော မေးခွန်းများကို ကျောင်းသားများက ရေးပေးရန်။*
> ***သတိပြုရန်။*** ။ *ကျောင်းသားများ တစ်ဦးစီသို့မဟုတ် နှစ်ဦးတွဲစီ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ရမည်။*
> ***ကြိုတင်ပြင်ဆင်မှု။*** ။ *အဖြေများ ကြိုတင်ပြင်ထားရန်လိုသည်*

> ၁၂.၅
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက သင်ခန်းစာမှ တည်ဆောက်ပုံ structure များကို သုံးပြီး ဝါကျများ မှန်ကန်စွာရေးသားရန်။*
> ***သတိပြုရန်။*** ။ *သင်ပုန်းတွင်ပေးထားသည်များကို သုံး၍လုပ်ဆောင်ရမည်ဖြစ်သည်။*

## ၁၂ (၅) ပြန့်ကားလာသော ဝါကျများ

၁။ သင်ပုန်းပေါ်တွင် ကြိယာတစ်ခုရေးပြပါ။

၂။ ထိုစကားလုံးနှင့် ဝါကျအစပြုရေးနိုင်စေရန် ကျောင်းသားများဆီမှ စာလုံးတစ်လုံး သို့မဟုတ် နှစ်လုံးသုံးလုံးစာ စကားစု တစ်ခု တောင်းပြီး သင်ပုန်းပေါ်တွင်ရေးပါ။

၃။ ဝါကျကို ပိုမိုရှည်လျားလာစေရန် အထက်ပါနည်းအတိုင်း စာလုံး တစ်လုံး သို့မဟုတ် နှစ်လုံးသုံးလုံးပါ စကားစု တစ်ခု ထပ်တောင်းပါ။

*ဥပမာ –*

eaten
He had eaten
He had eaten fruit
He had eaten lots of fruit
He had eaten lots of frut for dinner
He had eaten lots of fruit for his dinner.
He hadn't eaten lots of fruit for his dinner
He hadn't eaten lots of fruit for his dinner, and was hungry

၄။ အကယ်၍ကျောင်းသားများက သဒ္ဒါမမှန်သော စကားလုံးများပြောဆိုရေးသားစေပါ ရေးပေးလိုက်ပြီး မမှန်ကြောင်းကျောင်းသားများ သူတို့ကိုယ်တိုင်မြင်သည်အထိ အနည်းငယ်စောင့်ပါ။ မှားနေကြောင်း မမြင်ပါက ဘာမျှ မပြောသေး မရှင်းပြသေးဘဲ မှားနေသည့် စကားလုံးများကို ဖျက်ပါ။ ထို့နောက် ဝါကျကို ထပ်ဖြည့်ရန် စကားလုံးများ ဆက်ပြောကြပါစေ။

အတန်းလူများပါက အဖွဲ့လိုက် လုပ်ဆောင်ကြပါစေ။

# ၁၂ (၆ ) ----------သောသူ
## တစ်ယောက်ယောက်ကို ရှာပါ။

> ၁၂.၆
> **ရည်ရွယ်ချက်။** ။ *ကျောင်းသားများက သင်ခန်းစာမှ တည်ဆောက်ပုံ structure များကို သုံးပြီး မေးခွန်းများမေးမြန်းပြောဆိုစေရန်။*
> **သတိပြုရန်။** ။ *ကျောင်းသားများက အတန်းတွင်းလျှောက်သွားပြီး တစ်ဦးနှင့် တစ်ဦး မေးမြန်းဖြေဆိုကြရမည်။ ဆူညံမည်ဖြစ်သည်။*
> **ကြိုတင်ပြင်ဆင်မှု။** ။ *ကျောင်းသားများမေးမြန်းရန် အကြောင်းအရာများ ပြင်ဆင်ထားပေးရမည်။*

၁။ ကျောင်းသားများ တစ်ဦးနှင့် တစ်ဦး မေးမြန်းနိုင်မည့် အကြောင်းအရာ ၅ ခုမှ ၁၀ ခုထိကို သင်ပုန်းပေါ်တွင်ရေး၍ဖြစ်စေ၊ လေ့ကျင့်ခန်းစာရွက်ပေါ်တွင်ရေး၍ဖြစ်စေပြင်ဆင်ပါ။ ရေးသားမည့်အကြောင်းအရာတို့မှာကျောင်းသားများသင်ယူနေသော သဒ္ဒါနှင့် သက်ဆိုင်သော အရာတို့ဖြစ်သင့်ပါသည်။

*ဥပမာ –*

Adverb of frequency များကို သင်နေချိန်ဖြစ်ပါက

- *find someone who usually walks to class.*
- *find someone who never eats pork.*

Past simple ကို သင်နေချိန်ဖြစ်ပါက

- *find someone who went to hospital recently*
- *find someone who got up late today.*

၂။ ဖော်ပြထားသော အကြောင်းအရာတို့နှင့် ကိုက်ညီသောသူကို ကျောင်းသားများက အတန်းတွင်း လျှောက်သွားလျှက် အချင်းချင်း မေးခွန်းများ မေးကာ ရှာဖွေရမည်ဖြစ်သည်။ တွေ့လျှင် ထိုသူတို့၏ အမည်များကို ရေးထားရမည်ဖြစ်သည်။




၃။ အကယ်၍ ကျောင်းသားများက မည်သူမျှမရှိဟုဆိုလျှင် စာရင်းတွင် nobody ဟု ရေးစေပြီး နောက်ငါးမိနစ်ခန့်ဖြစ်စေ အချို့ကျောင်းသားများ မေးခွန်းအချို့ပြီးသည်အထိဖြစ်စေ ထပ်မံ မေးမြန်းခွင့် ပေးပါ။

ဤလေ့ကျင့်ခန်းကို သင်ခန်းစာတစ်ခုပြီးသည့်အခါတွင် သုံးရန် သင့်တော်ပါသည်။ ကျောင်းသားများအနေနှင့် သင်ယူပြီးသမျှကို ဤလေ့ကျင့်ခန်းနှင့် အသုံးချနိုင်သည်။

သင်တန်း အသစ်တစ်ခုအတွက်လည်း အသုံးဝင်ပါသည်။ ကျောင်းသားအချင်းချင်းတစ်ဦးနှင့် တစ်ဦး ပိုမိုသိရှိ ခင်မင်ရန် ကူညီပေးနိုင်သည်။ ထိုရည်ရွယ်ချက်အတွက်မူ အလွှာပသလွှာပ မေးခွန်းများ ထည့်ထားပေးနိုင်သည်။

Oyrm - Find someone who is a university student, Find someone who likes playing football, Find someone who can play the guitar. စသည်တို့ဖြစ်သည်။

## ၁၂ (၇) လိုက်လံမေးမြန်း လေ့ကျင့်ခန်း

၁။ ပြောရမည့်အရာများကို ပုံများသို့မဟုတ် စာသားများနှင့် ပြထားနိုင်မည့် ကဒ်ပြားလေးများပြင်ဆင်ပြုလုပ်ပါ။ ဥပမာ – would you like………? ကို သင်နေသည့် အချိန်ဖြစ်ပါကအောက်ပါကဒ်ပြားမျိုးဖြစ် နိုင်သည်။



or

go to a teashop

၁၂.၇

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက သင်ခန်းစာမှ တည်ဆောက်ပုံ structure များကို အသုံးပြုလေ့ကျင့်ကြစေရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများက အတန်းတွင်းလျှောက်သွားပြီး စကားပြောဆိုကြရမည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *စကားစပြောဖြစ်ရန် အစပြုပေးနိုင်သည့် စကားလုံးများ ရုပ်ပုံများပါသော ကဒ်ပြားလေးများ ပြင်ဆင်ထားရန်လိုသည်*

ဤကဒ်များကို http://educasia.org မှ ရရှိနိုင်သည့် vocabulary picture cards software ကို အသုံးပြုပြီး ပြုလုပ်ပြင်ဆင်နိုင်ပါသည်။

၁။ ကျောင်းသားတစ်ဦးစီကို ကဒ်တစ်ကဒ်စီပေးပါ။ ကျောင်းသားများက အတန်းတွင်းလျှောက်သွားလျှက် သင်ကြားထားသည့် တည်ဆောက်ပုံ (structure) နှင့် ကဒ်ပြားပေါ်မှ ပြောစရာတို့ကို ပေါင်းစပ်ပြီး မေးခွန်းများမေးကြ ဖြေကြရန်ဖြစ်သည်။

- Can you...? cards with action words, or pictures of actions.
- Is/are there...? cards with items in car a classroom or town, or pictures of these.
- What would you do if...? cards with problems, or pictures of difficult situations.

၃။ တလှည့်မေးပြီး ဖြေပြီးတိုင်း ကဒ်ပြားများလဲလှယ်ရမည်။ ထို့နောက် လူပြောင်းပြီး ဆက်မေးရဖြေရမည်ဖြစ်သည်။ Structure အတော်များများအတွက် ယခုလေ့ကျင့်ခန်းကို အသုံးပြုနိုင်ပါသည်။ ဥပမာအချို့မှာ –

- Can You …….? အတွက် action verb များပါသော သို့မဟုတ် လှုပ်ရှားဟန်ရုပ်ပုံများပါသော ကဒ်မျိုး သုံးနိုင်သည်။
- Is/are there …….? အတွက် စာသင်ခန်းထဲရှိ ပစ္စည်းအမည်များ၊ မြို့တစ်မြို့ရှိ အရာများ သို့မဟုတ် ၎င်းတို့ပုံများ
- What would you do if? အတွက် အခက်အခဲပြဿနာများ၊ အခက်အခဲအဖြစ်အပျက် ပုံများပါသော ကဒ်မျိုးသုံးနိုင်ပါသည်။

ကျောင်းသားများက ဤလေ့ကျင့်ခန်းနှင့် ရင်းနှီးသွားပြီဆိုလျှင် သူတို့ကိုယ်တိုင် ကဒ်ပြားများ ရေးဆွဲပြင်ဆင်ခိုင်းနိုင်ပါသည်။

## ၁၂ (၈) အမှန် ၂ ခု မုသား ၁ ခွန်း


၁။ ကျောင်းသားများက သင်ယူခဲ့ပြီးသည့် structure ကို သုံးပြီး ဝါကျ သုံးကြောင်း ရေးသားရမည်ဖြစ်သည်။ ၎င်းသုံးကြောင်းတွင် နှစ်ကြောင်းမှာ အမှန်ဖြစ်ပြီး တစ်ကြောင်းမှာ လိမ်ညာမုသားဖြစ်ရမည်။

၂။ ကျောင်းသားများကို နှစ်ဦးစီတွဲပေးလျက် မိမိတို့ ဝါကျများကို အချင်းချင်းအလှည့်ကျ ပြောရမည်။ ထိုအခါနားထောင်သူက မည်သည့်ဝါကျသည် အမှန် မဟုတ်ကြောင်း မှန်းရမည်။

၁၂.၈

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက သင်ခန်းစာမှ တည်ဆောက်ပုံ structure များကို အသုံးပြုလေ့ကျင့်ကြစေရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများက နှစ်ဦးတွဲစီလုပ်ဆောင်ကြရမည်။*




ဤလေ့ကျင့်ခန်းကို သင်ခန်းစာနောက်ပိုင်း လုပ်ငန်းစဉ်တစ်ခု အဖြစ်လည်း အသုံးပြုနိုင်သည်။ ဥပမာ climate change အကြောင်း သင်ပြီးလျှင် –

- Climate change is mostly caused by carbon dioxide. (True)
- Climate change started in 1900. (False)
- Cutting down trees causes climate change. (True)

## ၁၂ (၉) ကြက်ခြေနှင့် စက်ဝိုင်း

> ၁၂.၉
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက သင်ခန်းစာမှ structure တသမျှ များကို အသုံးပြုလေ့ကျင့်ကြစေရန်။*
> ***သတိပြုရန်။*** ။ *ကျောင်းသား ၂၀ ထက်ပိုသည့် သင်တန်းများတွင် ဤလေ့ကျင့်ခန်းလုပ်ရန် ခက်ခဲမည်ဖြစ်သည်။*

၁။ ၃ကွက် ပတ်လည် ဇယားကွက် တစ်ကွက်ဆွဲပါ။ တစ်ကွက်တိုင်းတွင် ကျောင်းသားများသင်ယူနေခဲ့သည့် စကားလုံးများထည့်ရေးပါ။

၂။ အတန်းကို နှစ်ဖွဲ့ခွဲပါ။ တစ်ဖွဲ့က ကြက်ခြေခတ်ဖြစ်ပြီး ကျန်တစ်ဖွဲ့က စက်ဝိုင်းဖြစ်သည်။ ပထမဆုံးအဖွဲ့က စကားလုံးတစ်လုံးကို ရွေးပါ။ ထိုစကားလုံးကို ဝါကျ တစ်ကြောင်း ရေးရန် တစ်မိနစ်ပေးပါ။

၃။ ၎င်းတို့၏ ဝါကျကို အခြားအဖွဲ့ကိုပေးပြီး စစ်ဆေးခိုင်းပါ။ မှန်ကန်ပါက ထိုစကားလုံးရှိသည့်နေရာကို ၎င်းတို့အဖွဲ့၏ အမှတ်အသား ကြက်ခြေသို့မဟုတ် စက်ဝိုင်းဆွဲပါ။

၄။ နောက်တစ်ဖွဲ့၏ စာလုံးရွေးပြီး ဝါကျဖွဲ့အလှည့်ဖြစ်သည်။

၅။ အဖွဲ့နှစ်ဖွဲ့က ၎င်းတို့၏ ကြက်ခြေ သို့မဟုတ် စက်ဝိုင်း သုံးခု ဒေါင်လိုက်ဖြစ်စေ၊ ↕ အလျားလိုက်ဖြစ်စေ၊ ⟷ ထောင့်ဖြတ်ဖြစ်စေ ⤡⤢ အတန်းလိုက်ရရှိရန် ကြိုးစားကြရမည်ဖြစ်သည်။

| | | |
|---|---|---|
| some (X) | any | many (O) |
| a lot of | few (X) | less (O) |
| lots (O) | much (X) | more (O) |

ဤလေ့ကျင့်ခန်းကို ဆန့်ကျင်ဘက်စကားလုံးများသင်ကြားရာတွင်လည်း အသုံးပြုနိုင်သည် (အဖွဲ့များက ဇယားကွက်ထဲမှ စကားလုံး၏ ဆန့်ကျင်ဘက်စကားလုံးကို ပြောခြင်း)။ အဓိပ္ပါယ်တူ စကားလုံးများသင်ကြားရာတွင်လည်း အသုံးပြုနိုင်သည် (ဇယားကွက်ထဲမှ စကားလုံးနှင့် အဓိပ္ပါယ်တူသောစကားလုံးကို ပြောခြင်း)။ မေးခွန်းဝါကျများသင်ကြားလေ့ကျင့်ရာတွင်လည်း အသုံးပြုနိုင်သည် (ဇယားကွက်ထဲတွင် အဖြေများရေးထားပြီး အဖွဲ့များက သင့်လျော်ရာ မေးခွန်းကို ပြောရခြင်း)။

## ၁၂ (၁၀) အကျိုးဆက်များ

> ၁၂.၁၀
> ***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက သင်ခန်းစာမှ တည်ဆောက်ပုံ Srutructure များကို အသုံးပြုပြီး ဝါကျများ ရေးသားလေ့ကျင့်ရန်။*
> ***သတိပြုရန်။*** ။ *ကျောင်းသားများတစ်ဦးကို တစ်ဦး သေချာစွာကြားနိုင်ရန်လိုသည်။*

၁။ clause နှစ်ခုပါသော ဝါကျတစ်ကြောင်းကို ပြောဆိုခြင်းဖြင့်စတင်ရမည်ဖြစ်သည်။ ထိုဝါကျမှာ ကျောင်းသားများကို သင်ကြားနေသည့် structure သုံးထားသော ဝါကျဖြစ်ရမည်။ ဥပမာ first conditional သင်ကြားနေခြင်းဖြစ်ပါက ဟုစပြောခြင်းဖြစ်သည်။

၂။ ပြောပြီးသည့် ဝါကျ၏ ဒုတိယ ခွဲကျေန ကို ကျောင်းသားတစ်ဦးက ယူ၍ နောက်ဝါကျတစ်ကြောင်းဖြစ်အောင် အခြား ခွဲကျေန တစ်ခုနှင့် ဆက်ပေးရမည်။ ဥပမာ –

If I buy a new house, I will get a swimming pool.

ဟု ဆက်ပြောခြင်းဖြစ်သည်။

၃။ ကျောင်းသားများက ပြီးသွားသည့် ဝါကျများ၏ နောက်ဆုံး ခွဲကျေန ကို သုံး၍ ဝါကျများ အဆင့်ဆင့် ထပ်မံဖွဲ့ကြရမည်။

If I get a swimming pool, all my friends will visit me.

If all my friends visit me, I will have to provide food and drinks for them.

အောက်ပါစကားလုံးတို့နှင့်လည်း clause နှစ်ခုပါသည့် ဝါကျများဖန်တီးနိုင်ပါသည်။

because: Kyaw Kyaw was late to work because his car broke down.
his car broke down because he didn't look after it.
He didn't look after it because he had no money, etc.

while: I rang you while you were having a shower.
I was having a shower while my father cooked dinner.
My father cooked dinner while TV was on,etc.

အတန်းလူများနေပါက အဖွဲ့ခွဲပြီး ဆောင်ရွက်ပါ။

## ၁၂ (၁၁) မိမိကိုယ်ကိုယ် ရှာဖွေခြင်း

၁၂.၁၁

***ရည်ရွယ်ချက်။*** ။ *လူတစ်ဦးသို့မဟုတ် အရာဝတ္ထု တစ်ခုကို ဖော်ထုတ်သိရှိနိုင်ရန် မေးခွန်းများမေးခြင်းကို လေ့ကျင့်ရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများအတန်းတွင်းလျှောက်သွားလျက် စကားပြောဆိုကြရန်လိုအပ်သည်။*


၁။ ကျောင်းသားတစ်ဦးစီက ကျော်ကြားသူတစ်ဦးဦး၏ နာမည်ကို စာရွက်အပိုင်းတစ်ခုပေါ်တွင် ရေးပြီး မိမိဘေးက ကျောင်းသား၏ ကျောဖက်တွင် ကပ်ပေးရမည်။

၂။ ထို့နောက် ကျောင်းသားများက အခြားသူတစ်ဦးဦးထံသွားပြီး မိမိဘယ်သူမှန်းသိရအောင် (yes no questiions များ) မေးခွန်းများ မေးရမည်။

| | | |
|---|---|---|
| Was I born between 1900 and 1950? | Not | When was I born? |
| Am I from Myanmar? | Not | Where I am from? |
| Am I real? | Not | Am I real or fictional? |

၃။ မေးလိုက်သည့် မေးခွန်းကို ပန္န ဟု ဖြေပါက မေးခွန်းဆက်မေးရမည်ဖြစ်ပြီး ညသ ဟု ဖြေပါက လူပြောင်းမေးရမည်ဖြစ်သည်။

၄။ ကျောင်းသား အများစုက မိမိဘယ်သူမှန်းသိရှိဖော်ထုတ်ပြီးသည့်အခါ ရပ်နိုင်ပါသည်။




ဤလေ့ကျင့်ခန်းကို လူအမည်များနှင့် အပြင် တိရစ္ဆာန်အမည်များ၊ အရာဝတ္ထုများစသည်တို့နှင့်လည်းသုံးနိုင်ပါသည်။

## ၁၂ (၁၂) ခုံပြောင်းထိုင်ပါ

၁၂.၁၂

***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများက သင်ခန်းစာမှ တည်ဆောက်ပုံများ ဝေါဟာရများကို အသုံးပြုခြင်း နားထောင်တုန့်ပြန်ခြင်းတို့ကို လေ့ကျင့်ရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများက (စားပွဲများမပါဘဲ) ထိုင်ခုံများတွင် စက်ဝိုင်းပုံ ဝိုင်းထိုင်ကြရမည်ဖြစ်သည်။*

၁။ ကျောင်းသားများက ထိုင်ခုံများကို စက်ဝိုင်းပုံသဏ္ဍာန် စီပြီး ဝိုင်းထိုင်ကြရမည်။ ကျောင်းသားတစ်ဦးတည်းကသာ ခုံမပါဘဲ စက်ဝိုင်းအလယ်တွင် ရပ်နေမည်။

၂။ ထို့နောက် ထိုကျောင်းသားက သင်ခန်းစာတွင်သင်နေသော structure တစ်ခု သုံးပြီး ဝါကျတစ်ခုပြောလိုက်ရမည်။

*ဥပမာ –*

- present perfect သင်နေစဉ် (Everyone who's been to Bagan, Everyone who's never won a competition)
- possession အကြောင်းသင်နေစဉ် (Everyone who's got watch, Everyone who's got three brothers)
- likes and dislikes အကြောင်းသင်နေစဉ် (Everyone who hates cleaning the house, Everyone who likes fishpaste)
- အတန်းသစ်စစချင်း အချင်းချင်း မိတ်ဆက်နေစဉ် (Everyone who lives nearby, Everyone who is a teacher)




၃။ အလယ်မှ ကျောင်းသားပြောသည့် အကြောင်းနှင့် တိုက်ဆိုင်မှန်ကန်သည့် ကျောင်းသားတိုင်းက အခြားခုံတစ်ခုံကို ပြောင်းထိုင်ရမည်ဖြစ်ပြီး အလယ်မှ ကျောင်းသားက ထိုအချိန်တွင် လွတ်သည့်ခုံ တစ်ခုံကို ဝင်ထိုင်နိုင်ရန် ကြိုးစားရမည်။

၄။ အလယ်တွင် ခုံမရလိုက်ဘဲ ကျန်ခဲ့သည့် ကျောင်းသားတစ်ဦးရှိနေမည်ဖြစ်ပြီး ၎င်းက အခြားစာကြောင်းများ ထပ်ပြောမည်ဖြစ်သည်။

## ၁၂ (၁၃) စကားပြော ကြိမ်လုံး

၁။ အားလုံး စက်ဝိုင်းပုံစံ ဝိုင်းရပ်ပါ။ ဆရာက ဘေးမှ ကျောင်းသားကို မေးခွန်းတစ်ခုမေးပါ။ မေးခွန်းဥပမာအချို့မှာ

- တစ်ဦးအကြောင်းတစ်ဦးမေးသော မေးခွန်းများ (Do you like swimming? Where do you live? )
- အထွေထွေ သုတ မေးခွန်းများ (What do rabbits eat? What's the past participle of 'buy'?)
- structure တစ်ခုခုကို လေ့ကျင့်စေသော မေးခွန်းများ (How many children have you got? How much did it rain last week?)စသည်တို့ဖြစ်နိုင်ပါသည်။

၂။ အမေးခံရသူက မေးခွန်းကို ဖြေရမည်။ အဖြေမှန်လျှင် စကားပြောကြိမ်လုံးလေးကို ထိုကျောင်းသားလက်ထဲထည့်လိုက်ပါ။ ကြိမ်လုံးရသော ကျောင်းသားက ဘေးမှ ကျောင်းသားကို ထိုမေးခွန်းကိုပင်ပြန်မေး၍ ကြိမ်လုံးကို လက်ဆင့်ကမ်းရမည်။

၃။ စကားပြောကြိမ်လုံးက ဤနည်းဖြင့် အတန်းကို ပတ်၍ ဆရာထံသို့ ပြန်ရောက်လာမည်ဖြစ်သည်။ ထိုပထမကြိမ်လုံး အတန်းပတ်သွားနေချိန်တွင် ဆရာက အခြား မေးခွန်းများနှင့် အခြားကြိမ်လုံးများကိုပါ ထပ်မံ လက်ဆင့်ကမ်းနိုင်သည်။

အလားတူကစားနည်းကိုပင် ဘောလုံးတစ်လုံးနှင့် ကစားနိုင်သည်။ ပထမတစ်ဦးက မေးခွန်းမေးပြီး ဘောလုံးကို ဒုတိယကျောင်းသားထံသို့ ပစ်ပေးလိုက်မည်။ ဒုတိယကျောင်းသားက ဖြေပြီး အခြားသူတစ်ယောက် (မေးခွန်းတစ်ခုတည်းသို့မဟုတ် အခြားမေးခွန်းတစ်ခု)မေး၍ ဘောလုံးကို တတိယတစ်ယောက်ထံ ဆက်ပစ်ပေးမည်။ ဤနည်းလမ်းနှင့် ဆက်လက်လုပ်ဆောင်နိုင်သည်။

၁၂.၁၃
***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများမေးခွန်းများမေးကြ ဖြေကြရန်။*
***သတိပြုရန်။*** ။ *အဆင်ပြေလျှင် ကျောင်းသားများကို စက်ဝိုင်းပုံ ဝိုင်းလျှက်ရပ်ခိုင်းပါ၊ (သို့သော် မဖြစ်မနေ ထိုသို့ရပ်ရမည်တော့မဟုတ်ပါ)။*
***ကြိုတင်ပြင်ဆင်မှု။*** ။ *ကြိမ်လုံး/တုတ်ချောင်း/ လက်ဆင့်ကမ်းလှမ်းနိုင်သော အရာဝတ္ထု တစ်ခုခု ရှိထားရမည်။*


၁၂.၁၄
***ရည်ရွယ်ချက်။*** ။ *ကျောင်းသားများတစ်ဦးနှင့် တစ်ဦး မေးခွန်းများဖြေကြပြီး တွေ့ရှိချက်များကို ပြန်လည်တင်ပြကြရန်။*
***သတိပြုရန်။*** ။ *ကျောင်းသားများကို နှစ်ဦးတွဲစီ ဆောင်ရွက်ခိုင်းရမည်။*

## ၁၂ (၁၄) မေးမြန်းစူးစမ်း

၁။ တစ်ဦးနှင့် တစ်ဦး မည်သည့် မေးခွန်းများမေးကြမည်ကို တစ်တန်းလုံးအနေနှင့် စာရင်းလုပ်ပါ။ မေးခွန်းများမှာ တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ စသည်တို့ကို မေးမြန်း စူးစမ်းသော မေးခွန်းများဖြစ်သင့်ပြီး အထွေထွေ ဗဟုသုတ မေးခွန်းများမဖြစ်ရပါ။ ထိုမေးခွန်းများကို သင်ပုန်းပေါ်တွင် တစ်တန်းလုံးအတွက် ရေးချထားပါ။

၂။ ကျောင်းသားများက အချင်းချင်း မေးခွန်းများ အပြန်အလှန် မေးမြန်း ကြပြီး အဖြေများကိုလည်း ရေးမှတ်ထားရမည်ဖြစ်သည်။

၃။ ထို့နောက် မိမိတို့မေးမြန်းခဲ့သူများအကြောင်းကို အတန်းကို (အတန်းလူများ၍အဖွဲ့ခွဲထားက အဖွဲ့ကို) ပြန်လည် ပြောပြရမည်ဖြစ်သည်။



# အသံထွက် ဦးစားပေး

## ၁၃။ အသံထွက် လေ့ကျင့်သင်ယူခြင်း လုပ်ငန်းစဉ်များ

ဤအပိုင်းမှ လုပ်ငန်းစဉ်များကို ကျောင်းသားများ စကားစမြည်ပြောဆိုခြင်းများ (dialogues)၊ အသံများ၊ စကားလုံးများ၊ ဝါကျများကို အသံထွက်ခြင်းအား စူးစိုက်လေ့ကျင့်ရာတွင်အသုံးပြုနိုင်ပါသည်။ စကားလုံးများ ဝါကျများကို အသံ အဖိ အဖော့နှင့် ပြောဆိုခြင်း၊ အသံအနိမ့်အမြင့်များ၊ ဗျည်းသံ သရသံတစ်ခုခြင်း စသည်တို့ကို ကောင်းစွာလေ့ကျင့်နိုင်စေရန် ဤအပိုင်းမှ လေ့ကျင့်ခန်း လုပ်ငန်းစဉ်များက ရည်ရွယ်ပါသည်။

အခြားအပိုင်းများမှ လုပ်ငန်းစဉ်လေ့ကျင့်ခန်းအချို့ကိုလည်း  အသံထွက် လေ့ကျင့်သင်ယူရာ၌ အသုံးပြုနိုင်ပါသည်။


**၄.၈ ပျောက်ကွယ်သွားသော စာလုံးများ**

**၉.၁ လေသံတီးတိုး**

**၁၀.၆ သရုပ်ဆောင်ခြင်း**

**၁၁.၂ ဘင်ဂို**

**၁၁.၅ အမှတ် အတွဲ**

**၁၁.၇ ရုပ်ပြ ဝေါဟာရ ကားချပ်များ**

**၁၁.၁၂ အမျိုးအစား ခွဲခြားထားသော အက္ခရာများ**

**၁၂.၁ အစားထိုးပြီး ထပ်တလဲလဲလေ့ကျင့်ခြင်း**

**၁၂.၅ ပြန့်ကားလာသော ဝါကျများ**

**၁၂.၉ ကြက်ခြေနှင့် စက်ဝိုင်း**


## ၁၃ (၁) အဖိအဖော့ကို ကော်လံခွဲခြင်း

၁၃.၁

***ရည်ရွယ်ချက်။*** *။ ကျောင်းသားများမေးခွန်းများ မေးကြ ဖြေကြရန်။*

***သတိပြုရန်။*** *။ ကျောင်းသားများက သင်ပုန်းကို ကြည့်ပြီး ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။*

၁။ သင်ပုန်းပေါ်တွင်သင်ကြားမည့် စာလုံး များရေးပါ။ ထို့နောက် စကားလုံးတစ်လုံး၏ အသံထွက် အဖိအဖော့ကို ပြသည့် ကော်လံများပါသော ဇယားတစ်ခုကို အောက်ပါအတိုင်းဆွဲပါ။

| ● | ●• | •● | ●•• | •●• | ••● |
|---|---|---|---|---|---|
| *food* | *water* | *shampoo* | *telephone* | *computer* | *magazine* |
| | | | | | |

၂။ ကျောင်းသားများက ရေးထားသည့်စကားလုံးများ၏ အသံထွက်အလိုက် ဇယားတွင်းသင့်တော်ရာအကွက်တွင်းတွင် ၎င်းစကားလုံးများကို ထည့်ပေးပါ။

ဤလေ့ကျင့်ခန်းကို syllables များခွဲခြားသည့်အခါတွင်လည်းအသုံးပြုနိုင်ပါသည်။ syllable တစ်သံ နှစ်သံ သုံးသံစသဖြင့် ကော်လံများခွဲပြီး ကျောင်းသားများက စကားလုံးများကို ထိုကော်လံများအောက်တွင်ထည့်ရခြင်းမျိုးဖြစ်သည်။

## ၁၃ (၂) ခံစားချက်နှင့် ပြောပါ

၁၃.၂
**ရည်ရွယ်ချက်။ ။** စကားပြောများကို သံနေသံထား အမျိုးမျိုးသုံးပြီး သရုပ်ဆောင်ရန်။
***သတိပြုရန်။ ။*** *ကျောင်းသားများကို နှစ်ဦးတွဲစီဆောင်ရွက်စေရမည်။*
***ကြိုတင်ပြင်ဆင်မှု။ ။*** *ကျောင်းသားများသိပြီး ဖြစ်သော သဒ္ဒါ၊ ဝါကျတည်ဆောက်ပုံများနှင့် ရိုးရှင်းလွယ်ကူသော စကားပြောစာသားတစ်ပုဒ် ကြိုပြင်ထားရန်လိုသည်။*

၁။ ကျောင်းသားများကို နှစ်ဦးစီတွဲပေးပါ။ စကားပြော (dialogue or conversation) တစ်ပုဒ် ကို မိတ္တူဆွဲပြီး တစ်တွဲကို တစ်ရွက်စီပေး ပါ (မိတ္တူမရှိပါက လိုက်ကူးရေးခိုင်းနိုင်သည်)။ ကျောင်းသားများက ထိုစကားပြော ကို လေ့ကျင့်ကြည့်ရန်ဖြစ်ပါသည်။

၂။ ထိုသို့လေ့ကျင့်ရာတွင် အလွန်စိတ်အားထက်သန်သော ပျော်ရွှင်တက်ကြွသော ခံစားချက်ရှိပုံနှင့် စကားပြောခိုင်းပါ။

၃။ ထို့နောက် ထိုစကားပြောကိုပင် အလွန်စိတ်ဓါတ်ကျနေသည့်လေသံမျိုးနှင့် ပြောခိုင်းပါ။ အခြားသော ခံစားချက်အမျိုးမျိုးနှင့်လည်း ပြောခိုင်းနိုင်ပါသည် - စိတ်မဝင်စား ဂရုမထားသောလေသံမျိုး၊ ဒေါသသံ၊ နက်နက်နဲနဲတွေး၍ပြောသံ၊ စပ်စု လေ့လာသံ စသည်တို့နှင့် ထပ်မံလေ့ကျင့်ခိုင်းနိုင်ပါသည်။

## ၁၃ (၃) အမေးတစ်ခွန်း အဖြေများစွာ

၁၃.၃
***ရည်ရွယ်ချက်။ ။*** *မေးခွန်းကို သံနေသံထား အမျိုးမျိုး ပြောင်းပြောခြင်းဖြင့် လိုရင်းအမျိုးမျိုး ပြောင်းနိုင်သည်ကို လေ့ကျင့်ရန်။*
**သတိပြုရန်။ ။** ကျောင်းသားများကို နှစ်ဦးတွဲစီဆောင်ရွက်စေရမည်။

၁။ yes/no မေးခွန်းတစ်ခုကို သင်ပုန်းပေါ်တွင်ရေးပါ။ ဥပမာ– Are you going to the shops with Ma Ma tomorrow?

၂။ ထိုမေးခွန်းကို နေရာအမျိုးမျိုး၌ အသံဖိပြောခြင်းဖြင့် (stress ကို ပြောင်းပြောခြင်းဖြင့်) အဖြေအမျိုးမျိုး မည်သို့ရနိုင်မည်ကို ကျောင်းသားများက စဉ်းစားကြရန်ဖြစ်သည်။ ဥပမာ – စာလုံးအကြီးနှင့်ရေးထားသော နေရာများကို ဖိပြောခြင်းဖြင့် တစ်ဖက်ပါ အဖြေလိုချင်၍ မေးသည့်အသံပေါက်စေခြင်းဖြစ်သည်။

Are YOU going to the shops with Ma Ma tomorrow? — No, I'M not going, but Naw Moo is.

Are you going to the SHOPS with Ma Ma tomorrow? — No, we're going to the CINEMA.

Are you going to the shops with MA MA tomorrow? — No, I'm going with SU SU.

Are you going to the shops with Ma Ma TOMORROW? — No, we're going NEXT TUESDAY.

၃။ ကျောင်းသားများက stress အမျိုးမျိုးနှင့် မေးခွန်းများကို အပြန်အလှန် မေးကြဖြေကြရမည်ဖြစ်သည်။ နှစ်ဦးတွဲပြောခြင်းဖြစ်စေ အတန်းတွင်း လျှောက်သွား၍ဖြစ်စေ မေးရဖြေရမည်ဖြစ်သည်။ အဖြေများကို ရွတ်ဆိုရာတွင်လည်း အဖြေပြောင်းသည်နှင့် အသံအဖိ (stress) ပါပြောင်းသည်ကို ကျောင်းသားများ သေချာရွတ်ဆိုနိုင်စေရန် လုပ်ပေးထားပါ။

## ၁၃ (၄)  စကားလုံး အပိတ်သံများ

၁။ ဝါကျနှစ်ကြောင်းတွဲများ ရေးသားပြင်ဆင်ပါ။ တစ်ကြောင်းမှာ သင်နေသည့် structure ကို သုံးထားပြီ နောက်ဆင်တူတစ်ကြောင်းမှာ structure ကို မသုံးထားသည့်တစ်ကြောင်းဖြစ်သည်။ ဥပမာ past simple ကို သင်နေချိန်ဖြစ်ပါက

*I love you like a brother.*

*I love you like a brother.*

အစုံ ၂၀ ခန့်မျှရေးသားပြင်ဆင်ပါ။

၂။ ကျောင်းသားများကို မတ်တပ်ရပ်ခိုင်းပါ။ ဆရာက ထိုဝါကျများကို အစဉ်လိုက်မဟုတ်ဘဲ ရွတ်ဆိုမည်ဖြစ်သည်။ သင်နေသည့် structure အမှန်ကို ကြားပါက ကျောင်းသားများက လက်များကို ခေါင်းပေါ်တင်ပြီး structure မဟုတ်သည့် ဝါကျဆိုပါက လက်များကို ခါးပေါ်ထောက်ရမည်ဖြစ်သည်။

၃။ လက်မှားထားသော ကျောင်းသားက ထိုင်လိုက်ရမည်။ ဤနည်းဖြင့် ကျောင်းသား တစ်ဦးတည်းကျန်သည်အထိ သို့မဟုတ် ဝါကျများ အားလုံးကုန်သွားသည်အထိ ဆက်လုပ်ပါ။

၁၃.၄

***ရည်ရွယ်ချက်။*** *။ သင်ကြားလိုသော အသံထွက်ကို ဝါကျထဲတွင် ထည့်ပြောသည့်အခါ ကျောင်းသားများက ၎င်းအသံကို မှတ်မိသိရှိရန်။*

***သတိပြုရန်။*** *။ ကျောင်းသားများက ဆရာရွတ်ဖတ်ပြသည်ကို ကောင်းစွာကြားနိုင်ရန်လိုအပ်ပါသည်။*

***ကြိုတင်ပြင်ဆင်မှု။*** *။ ဝါကျ အစုံလိုက်များ ပြင်ဆင်ထားရန်လိုပါသည်။*

ဤလေ့ကျင့်ခန်းကို minimal pairs များအတွက်လည်းသုံးနိုင်ပါသည်။ သင်နေသည့် အသံပါသည့် စကားလုံးနှင့် ဗျည်းတူသော်လည်း အသံကွဲသည့် နောက်စကားလုံးတစ်လုံးနှင့် တွဲဆိုခြင်းမျိုးဖြစ်သည်။

ဥပမာ /ɜː/ သံကို သင်နေပါက bird နှင့် bad စကားလုံးတွဲကို သုံးနိုင်သည်။ /ɪ/ သံကို သင်နေပါက bit နှင့် beat ကဲ့သို့သော စကားလုံးနှစ်လုံးတွဲများကို သုံးပြီး အထက်ပါ လေ့ကျင့်ခန်းကို လုပ်နိုင်ပါသည်။

အထက်ပါ လေ့ကျင့်ခန်းတွင် ထိုဝါကျ နှစ်ကြောင်းတွဲများကို မိမိက ဖတ်ခြင်းမဟုတ်ဘဲ ကျောင်းသားများကို ဖတ်ခိုင်းခြင်းလည်းလုပ်နိုင်ပါသည်။ အတန်းကို ဖတ်ပြခြင်း၊ အဖွဲ့ခွဲ၍တစ်ဖွဲ့စီတွင် တစ်ဦးစီက ဖတ်ပြခြင်းမျိုးတို့ဖြစ်သည်။



## ၁၃ (၅) အသံရှိရာ ရှာပြပါ

၁။ သင်ကြားလေ့ကျင့်နေသည့် အသံထွက်များပါသော စာတစ်ပုဒ်သို့မဟုတ် ဝါကျများကို ပေးပါ။ ဥပမာ schwa sound သင်နေပါက

*I have got a basket of bananas, a large carton of delicious oranges and a beautiful mirror. I got them at supermarket yesterday afternoon.*

စာအတွင်း ထိုအသံထွက် ဘယ်နှစ်နေရာတွင်ပါသည်ကို ဆရာက ပြောပြလိုက ပြောပြနိုင်သည်။ (ယခုဥပမာ တွင် schwa sound ၁၇ နေရာတွင်ပါပါသည်။)

၂။ ကျောင်းသားများက မည်သည့်နေရာများတွင် ထိုအသံထွက်ရမည်ကို သတ်မှတ်ရှာဖွေပါ။ ထို့နောက် ထိုအသံထွက်များကို မှန်ကန်စွာထွက်ပြီး ထိုစာကို ဖတ်ကြည့်ပါ။

*I have got a basket of bananas, a large carton of delicious oranges and a beautiful mirror. I got them at the supermarket yesterday afternoon.*

၁၃.၆

***ရည်ရွယ်ချက်။*** ။ *သရသံအမျိုးမျိုးသော စကားလုံးများကို ကျောင်းသားများက အသံထွက်ရန် နှင့် ကြားသိ မှတ်မိရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများက အတန်းတွင်းလျှောက်သွားနိုင်ရမည်ဖြစ်သည်။ ဆူညံမှုရှိမည်။*

***ကြိုတင်ပြင်ဆင်မှု။*** ။ *syllable တစ်ခု သာပါသော စကားလုံးများရေးထားသည့် စာရွက်အပိုင်းလေးများပြင်ဆင်ထားရမည်။ ၎င်းစကားလုံးများမှာ ကျောင်းသားများနှင့် ရင်းနှီးပြီးသားစကားလုံးများဖြစ်သင့်ပါသည်။*

၁၃.၅

***ရည်ရွယ်ချက်။*** ။ *သင်ကြားလိုသော အသံထွက်ကို စာထဲတွင် ထည့်ပြောသည့်အခါ ကျောင်းသားများက ၎င်းအသံကို မှတ်မိသိရှိရန်။*

***သတိပြုရန်။*** ။ *ကျောင်းသားများကို တစ်ဦးချင်း သို့မဟုတ် နှစ်ဦးတွဲစီ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ခိုင်းရန်လိုသည်။*

ကြိုတင်ပြင်ဆင်မှု။ ။ သင်ကြားလိုသော အသံထွက်များပါသော စာပိုဒ် တစ်ပိုဒ် ပြင်ဆင်ထားရန်လိုသည်။

## ၁၃ (၆) သရသံတူများ အုပ်စုဖွဲ့ပါ

၁။ tသံ syllable တစ်ခု သာပါသော စကားလုံးများကို စာရွက်အပိုင်းလေးများပေါ်တွင်ရေးပါ။ ကျောင်းသားတစ်ဦးကို တစ်ပိုင်းပေးနိုင်သည် အထိရှိရမည်ဖြစ်သည်။ သရသံတစ်မျိုးကို စကားလုံး ၃ လုံးမှ ၅ လုံးခန့်အထိ ရေးရမည်ဖြစ်သည်။ ဥပမာ–

/u:/ fruit, choose, blue, two, queue


/ʊ/ book, put, good, push

/a:/ aunt/ half/ laugh/ part

/ʌ/ run, front, does, flood, suck

၂။ ကျောင်းသားတစ်ဦးကို စာရွက်တစ်ပိုင်းစီပေးပါ။ ကျောင်းသားတစ်ဦးစီက မိမိရသော စကားလုံးကို ရွတ်ဆိုလျှက် အတန်းတွင်း ပတ်သွားနေရမည်။

၃။ ၃။ ထို့နောက် ၎င်းနှင့် သရသံ တူသည့် အခြားစကားလုံးတစ်လုံးကို ကြားလျှင် ထိုသူနှင့် အဖွဲ့ဖွဲ့ရမည်။ သရသံတူသူ များအားလုံး မိမိတို့အဖွဲ့များကို တွေ့သည်အထိဆက်ပါ။



# နောက်ဆက်တွဲ ၁။ လေ့ကျင့်ခန်းလုပ်ငန်းစဉ်များကို ပြုပြင်ပြောင်းလဲအသုံးပြုခြင်း

လေ့ကျင့်ခန်းလုပ်ငန်းစဉ်တစ်ခုကို ပြုပြင်ပြောင်းလဲရန် နည်းလမ်းများမှာ ဤစာအုပ်တစ်အုပ်ထဲတွင် မထည့်နိုင်အောင် များပြားပါသည်။ ထို့ကြောင့် ဆရာများအနေနှင့် တီထွင်ပါ။ ဖန်တီးပါ။ စမ်းသပ် လုပ်ဆောင်ကြည့်ပါ။ တစ်ခုခုအဆင်မပြေလျှင်လည်း စိတ်မပျက်ပါနှင့်ဦး။ မည်သည့်နေရာမှားသလဲ ပြန်စဉ်းစားပြီး ထိုအမှားက သင်ပေးသည်တို့ကို နောင်တစ်ကြိမ် သတိထားပါ။

## ၁။ လေ့ကျင့်ခန်းကို နှစ်ဦးတွဲလုပ်ဆောင်မှု အဖွဲ့လိုက်လုပ်ဆောင်မှုအသွင်ပြောင်းပါ။

လေ့ကျင့်ခန်း အတော်များများမှာ ကျောင်းသားများကို နှစ်ဦးတွဲဖြစ်စေ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်စေပါက ပိုမိုလွယ်ကူလာပါသည်။ နောက်ဆက်တွဲ ၂ခ တွင် အကျယ်ဖတ်ပါ။

## ၂။ ပြိုင်ပွဲအသွင် လုပ်ဆောင်ပါ။

ကျောင်းသားများကို စိတ်ဓါတ်ပိုမို တက်ကြွစေသည်။ အနိုင်ရသော အကောင်းဆုံးလုပ်ဆောင်နိုင်သော ကျောင်းသား သို့မဟုတ် အဖွဲ့ကို ဆုတစ်ခုခု ပေးပါက ပိုကောင်းမည်ဖြစ်သည်။

## ၃။ ထိန်းကျောင်းကန့်သတ်ပေးမှုကို အလျော့အတင်းပြုလုပ်ပါ။ (Change the level of control!)

ထိန်းကျောင်းကန့်သတ်ပေးမှု များပြားသော (highly-controlled) လေ့ကျင့်ခန်း လုပ်ငန်းစဉ်များသည် ကျောင်းသားများကို ပြောသည့်အတိုင်း ခိုင်းသည့်အတိုင်း ပေးထားသည့်အတိုင်းသာ လုပ်ဆောင်စေသော လေ့ကျင့်ခန်းများဖြစ်ကြသည်။ (စာကူးရေးခြင်းသည် ထိန်းကျောင်းကန့်သတ်မှု အမြင့်ဆုံး လုပ်ငန်းစဉ်ဖြစ်သည်ဟု ဆိုနိုင်သည်။) ကျောင်းသားများအနေနှင့် သင်ယူရမည့် အကြောင်းအရာအသစ်တို့ကို စတွေ့သည့် အခါ ထိန်းကျောင်းကန့်သတ်ပေးမှုများသော လေ့ကျင့်ခန်းလုပ်ငန်းစဉ်များ လိုအပ်ပါသည်။ သို့မှသာ နိုင်နိုင်နင်းနင်း သင်ယူ အသုံးပြုနိုင်မည်ဖြစ်သည်။ ဤလေ့ကျင့်ခန်းများက ကျနမှန်ကန်မှု (accuracy)ကို ဦးစားပေး လေ့ကျင့်သည်။

ထိန်းကျောင်းကန့်သတ်မှု မရှိသော (free activity) လေ့ကျင့်ခန်း လုပ်ငန်းစဉ်များက ကျောင်းသားများ နှစ်သက်ရာကို ပြောဆိုရေးသားစေသည်။ ဆရာထံမှ ညွှန်ကြားခိုင်းစေမှု အနည်းငယ်သာ လိုအပ်သည်။ ဤလေ့ကျင့်ခန်းများက မဆွံ့မထစ် သွက်သွက်လက်လက် ချောမွေ့စွာ ပြောဆိုရေးသားနိုင်ခြင်းကို ဦးစားပေးသည်။

ထိန်းကျောင်းကန့်သတ်ပေးမှု အပြည့်ပေးသော လေ့ကျင့်ခန်းများမှသည် ထိုသို့မရှိသော လေ့ကျင့်ခန်းများအကြား ထိန်းကျောင်းကန့်သတ်မှု (control) အဆင့်များစွာ ရှိပါသည်။

ဤစာအုပ်မှ လုပ်ငန်းစဉ်များကို ထိန်းကျောင်းကန့်သတ်ပေးမှု အမျိုးမျိုးပေး၍လည်း ပြောင်းလဲ အသုံးပြုနိုင်ပါသည်။ လေ့ကျင့်ခန်းတစ်ခုတွင် ဝေါဟာရသစ်များ structure အသစ်များ အကြောင်းအရာသစ်များ များစွာ ပါဝင်ပါက ကျောင်းသားကို ထိန်းကျောင်းပေးမှုပိုမိုပေးသင့်သည်။ သင်ပြီး သင်ခန်းစာကို ပြန်နွှေးခြင်း၊ ကျောင်းသားများသိပြီးသားအကြောင်းအရာကို ပြန်လေ့ကျင့်ခြင်း တို့တွင်မူ ကန့်သတ်ပေးမှုကို လျှော့ပေးထားသော လေ့ကျင့်ခန်းမျိုးက ပိုမို အသုံးဝင်မည်ဖြစ်သည်။

ထိန်းကျောင်းကန့်သတ်ပေးမှုကို အလျှော့အတင်းလုပ်ခြင်း ဥပမာအချို့ပြရလျှင်

**ကွက်လပ်ဖြည့်လေ့ကျင့်ခန်းများ** (ဥပမာ ၄.၇ ကွက်လပ်ဖြည့်ရင်းစာဖတ်ခြင်း၊ ၄.၉ အတွဲအစပ်ကွက်လပ်ဖြည့်၊ ၁၁.၈ ကွက်လပ်ဖြည့်) ကို ထိန်းကျောင်းကန့်သတ်ပေးမှု ပိုမိုပေးပြီးလုပ်ဆောင်လိုပါက

- ထည့်ရမည့်အဖြေများကို သင်ပုန်းပေါ်တွင် အစီအစဉ်မကျအောင် ရောမွှေပြီး ရေးပေးထားခြင်း
- ကွက်လပ်တစ်ခုစီအတွက် ရွေးစရာသုံးမျိုးစီပေးလျှက် အဖြေမှန်ရွေးစေခြင်း
- ကွက်လပ်များတွင် အဖြေ၏ ပထမဆုံး အက္ခရာ ပေးထားခြင်း တို့ပြုလုပ်နိုင်ပါသည်။

**သရုပ်ဆောင်ရသည့် လေ့ကျင့်ခန်းများ** ကို (ဥပမာ ၁၀.၆ သရုပ်ဆောင်ခြင်း) ပိုမို ထိန်းကျောင်းကန့်သတ်ပေးလိုပါက

- ကျောင်းသားများပြောဆိုရမည့် ဇာတ်ညွှန်းကို အစအဆုံး ရေးပေးခြင်း (ထိန်းကျောင်းမှုမြင့်)
- ကျောင်းသားများပြောဆိုရာတွင် ထည့်ပြောသင့်သည့် အဓိက ဝေါဟာရများစကားစုများကို ရေးပေးခြင်း (ထိန်းကျောင်းပေးမှု အလယ်အလတ်) တို့ပြုလုပ်နိုင်သည်။

**စာများ ဝါကျများကို အစဉ်လိုက်ပြန်စီရသော လေ့ကျင့်ခန်းများ** ကိုထိန်းကျောင်းကန့်သတ်ပေးလိုပါက (ဥပမာ ၄.၁၂ စာတစ်ပုဒ်စီ ခွဲထုတ်ခြင်း၊ ၆.၂ စာတစ်ပိုဒ်ကို နားထောင်ပြီး အစဉ်လိုက်ပြန်စီခြင်း)

- စဉ်ရမည့် စာအားလုံးကို မပေးဘဲ အချို့ကို ဖျောက်ထားခြင်း (ထိုအခါ ကျောင်းသားများက လိုနေသည့်နေရာများကို မိမိတို့ဘာသာ စဉ်းစားရေးသားပြီး ထည့်စီခြင်း)
- အဓိက ဝေါဟာရများသာပေးခြင်း (ထိုအခါ ကျောင်းသားများက ထိုစကားလုံးများနှင့် ဝါကျများရေးဖွဲ့ကာ ပြန်စီရေးရခြင်း) စသည်တို့ပြုလုပ်နိုင်ပါသည်။

# နောက်ဆက်တွဲ ၂။ စာသင်ခန်းသုံး နည်းလမ်းငယ်များ

## ၁။ ကျောင်းသားကို ညွှန်ကြားချက်များပြောကြားခိုင်းစေခြင်း

ကျောင်းသားကို တစ်ခုခုလုပ်ရန် ညွှန်ကြားခိုင်းစေရာတွင် မပြောမဖြစ်လိုသော အချက်အလက်ကိုသာ တစ်ခုချင်း **အရှင်းလင်း အလွယ်** ကူဆုံးပြောရမည်။

ရှင်းလင်းသော ညွှန်ကြားချက်တစ်ခု ဥပမာပြရလျှင်

- sit opposite your partner (ပြောပြီးလျှင် ကျောင်းသားများ ထိုင်ပြီးသည်အထိ စောင့်ပါဦး)
- one of you is A (ကျောင်းသားများကို ပေးမည့်စာရွက်ပေါ်တွင်ပါသော ဗ ကို လက်နှင့် သေချာထောက်ပြပါ။)
- one of you is B (ကျောင်းသားများကို ပေးမည့်စာရွက်ပေါ်တွင်ပါသော B ကို လက်နှင့် သေချာထောက်ပြပါ။)
- don't show your paper to anyone (စာရွက်ကို ဝှက်ထားဟန် လုပ်ပြပါ)
- some things in Picture A are different from Picture B
- describe your picture
- you have ten minutes

ဖြစ်နိုင်လျှင် လေ့ကျင့်ခန်းတစ်ခုကို အမြဲတမ်း **သရုပ်ပြလုပ်ဆောင်**ပြီးမှ ကျောင်းသားများကို လုပ်ခိုင်းပါ။ ဥပမာအားဖြင့် ၁၁.၁၃ နှုတ်ရေးပန်းချီ ကို ကျောင်းသားများအား မလုပ်ခိုင်းမီ ဆရာမှ သရုပ်ပြပုံကို ကြည့်ပါ။

၁။ ဆရာက ကျောင်းသားတစ်ဦးကို ထွက်ခိုင်းလျှက် မိမိနောက်ကျောဘက်တွင်လာထိုင်ခိုင်းပါ။

၂။ ကျောင်းသားကို ပုံတစ်ပုံပေးပြီး နောက်တစ်ပုံကို ဆရာကယူပါ။ တစ်ဦးပုံကို တစ်ဦး ပေးမမြင်ကြောင်းကျောင်းသားများတွေ့ပါစေ။

၃။ ဆရာက ကျောင်းသား A လုပ်ပြီး ကျောင်းသားက B လုပ်ကာ တစ်တန်းလုံးကြားအောင် ဥပမာတစ်ခု ပြောဆိုဆွဲသားပြရန်ဖြစ်သည်။



| | |
|---|---|
| **Teacher:** | *Draw a tall tree on the left side.* |
| **Student B:** | *(draws)* |
| **Teacher:** | *OK, what do I draw?* |
| **Student B:** | *Draw a car. There's a bird on the car.* |
| **Teacher:** | *(draws) Draw a house next to the tree.* |

ကျောင်းသားများက သရုပ်ပြခြင်းကို ကြည့်ပြီးလျှင် မိမိတို့ ဘာလုပ်ရမည်ကို သေချာ နားလည် သဘောပေါက်နိုင်သည်။

ဖြစ်နိုင်ပါက ညွှန်ကြားချက်များပေးပြီးမှသာလျှင် **မိတ္တူစာရွက်များ ပစ္စည်းများ**ပေးသင့်ပါသည်။ သို့မှသာ ကျောင်းသားများက ဆရာပြောပြ ညွှန်ကြားပြောပြသည်ကို အာရုံ အပြည့်စိုက်နိုင်မည်ဖြစ်သည်။ စာရွက်များကြိုပေးလျှင် ကျောင်းသားများက စာရွက်များပေါ် ရည်ရွယ်ချက်မဲ့ အာရုံရောက် နေခြင်းမျိုးဖြစ်နိုင်သည်။

ကျောင်းသားများက မိမိပေးသည့် **ညွှန်ကြားချက်ကို နားလည်ခြင်းရှိမရှိ မိမိဘာပြောထားလဲ ပြန်မေးပါ**။ (instruction checking questions)




ကျောင်းသားများအတွက် ဤကဲ့သို့လေ့ကျင့်ခန်းများလုပ်ရာ၌ အစပိုင်းတွင် ကျောင်းသားများက လုပ်ငန်းစဉ်ကို မရင်းနှီးသေးသည့်အတွက် အခက်အခဲရှိနိုင်ပါသည်။ ဒုတိယအခါလုပ်ခြင်း နှင့် နောက်နောင်ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်လေ့ကျင့်ခန်းများမှာ ပိုမိုလွယ်ကူလာပါလိမ့်မည်။

## ၂။ ကျောင်းသားများကို နှစ်ဦးတွဲပေးခြင်း အဖွဲ့ဖွဲ့ပေးခြင်း

လေ့ကျင့်ခန်းများစွာက ကျောင်းသားများ နှစ်ဦးတွဲဖြစ်စေ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်ရမည့်အရာများဖြစ်သည်။ ကျောင်းသားများကို နှစ်ဦးတွဲပေးရန် အဖွဲ့ဖွဲ့ပေးရန် နည်းလမ်း အမျိုးမျိုးရှိပါသည်။

- **စွမ်းဆောင်ရည် မတူသူတို့ကို တစ်တွဲတည်း တစ်ဖွဲ့တည်း တွဲပေးခြင်း။ ။** အဖွဲ့လိုက်ပြိုင်ပွဲလုပ်သည့်အခါ (ဥပမာ – ၁.၂၊ ၆.၈) သို့မဟုတ် ပိုတော်သည့် ကျောင်းသားက အခြား စွမ်းဆောင်ရည်နည်းသေးသည့်ကျောင်းသားများကို ကူညီနိုင်သည့်အခါ (ဥပမာ– ၁၀.၄၊ ၁၂.၁၄) ဤသို့ ဖွဲ့ပေး တွဲပေးလျှင် သင့်တော်ပါသည်။
- **စွမ်းဆောင်ရည်တူသူများကို တွဲပေး တစ်ဖွဲ့တည်း ဖွဲ့ပေးခြင်း။ ။** ပါဝင်လုပ်ဆောင်သော ကျောင်းသားများက လေ့ကျင့်ခန်းကို အတူတူ အားစိုက်ပြီး တစ်ပြေးညီ လုပ်ဆောင်ပြီးစီးရမည့် လေ့ကျင့်ခန်းမျိုးအတွက် သင့်တော်ပါသည်။ (ဥပမာ– ၁၁.၁၁၊ ၁၃.၂)

ကျောင်းသားများကို အဖွဲ့လိုက်ထိုင်ခိုင်း တွဲခိုင်းရန် အမျိုးမျိုး ပြောဆိုညွှန်ကြားနိုင်သည်။

- ဘေးကပ်ထိုင်သော ကျောင်းသားများကို အတူတူ လုပ်ဆောင်ခိုင်းလိုက်ခြင်းက ပိုလွယ်သော အခါမျိုးလည်းရှိသည်။
- ကျောင်းသားများကို ၁ ၊ ၂၊ ၃ စသဖြင့် အမှတ်စဉ်ပေးပြီး နံပါတ် ၁ သမား များတစ်ဖွဲ့နေ၊ ၂ သမားများတစ်ဖွဲ့ ဟူ၍ ခွဲထုတ်လိုက်ခြင်းက ပိုကောင်းခြင်းမျိုးလည်းရှိသည်။
- ခပ်ဆန်းဆန်းနည်းလမ်းလေးများသုံးလိုက သုံးခြင်းမျိုးလည်းရှိနိုင်ပါသည်။ (ဥပမာ အဖြူရောင်ဝတ်ထားသူများ အဖွဲ့၁၊ အဖြူရောင်မဝတ်ထားလျှင် အဖွဲ့၂ ဟု ခွဲပေးခြင်း)


## ၃။ စာသင်ခန်းအနေအထားကို ထားသိုစီစဉ်ခြင်း

ကျောင်းသားများက လေ့ကျင့်ခန်းလုပ်ငန်းစဉ်များ လုပ်ကိုင်ဆောင်ရွက်ရာတွင် နှစ်ဦးတွဲဆောင်ရွက်ခြင်း၊ အဖွဲ့လိုက်ဆောင်ရွက်ခြင်း၊ သို့မဟုတ် အခန်းတွင်း လှုပ်ရှားသွားလာ ဆောင်ရွက်ရခြင်းများရှိပါသည်။ အချို့လေ့ကျင့်ခန်းများတွင်မူ ထိုင်သည့်ပုံစံကို အထူးတလည် ပြင်ဆင်နေရာချရခြင်းမျိုးရှိနိုင်သည်။

**နှစ်ဦးတွဲလုပ်ဆောင်မှု (pair work)** ကို များသော အားဖြင့် ကျောင်းသားများကို နှစ်ဦးချင်း မျက်နှာချင်းဆိုင်ထိုင်ခိုင်းပြီး လုပ်ဆောင်စေရသည်။ သို့သော် တစ်ဦးစာရွက်ကို တစ်ဦး မကြည့်ရသော လုပ်ငန်းစဉ်များတွင်မူ (ဥပမာ–၁၁.၁၃) ကျောချင်းကပ် ထိုင်ခိုင်းရမည်ဖြစ်သည်။




အဖွဲ့လိုက်လုပ်ဆောင်မှု **(group work)** အတွက်ကို မူ များသောအားဖြင့် စားပွဲခုံတစ်ခုံတွင် ဝိုင်းထိုင်ခိုင်းနိုင်သည်။ သို့မဟုတ် ကြမ်းပေါ်တွင် ဝိုင်းထိုင်ခိုင်းနိုင်သည်။ အသေတပ်ဆင်ထားသော ခုံများဆိုပါက ရှေ့တန်းမှထိုင်နေသူများကို နောက်လှည့်ထိုင်ခိုင်းပြီး အဖွဲ့တစ်ဖွဲ့ဟုထားနိုင်သည်။



ဤအတန်းမှ လူများက နောက်လှည့်ပြီး နောက်တန်းမှ ကျောင်းသားများနှင့် မျက်နှာချင်းဆိုင်ထိုင်နိုင်သည်။

ဤအတန်းမှ လူများက နောက်လှည့်ပြီး နောက်တန်းမှ ကျောင်းသားများနှင့် မျက်နှာချင်းဆိုင်ထိုင်နိုင်သည်။





**(mingle activities)** အတန်းတွင်းလျှောက်သွားပြီး လေ့ကျင့်ပြောဆိုရသော လေ့ကျင့်ခန်းများ (ဥပမာ ၁.၆) အတွက်မူ ခုံများစားပွဲများကို အခန်းတစ်ဖက်သို့ ရွှေ့ထားနိုင်ပါက အကောင်းဆုံးဖြစ်ပါသည်။

## ၄။ Eliciting ကျောင်းသားကို ပြောစေခြင်း

အလျဉ်းသင့်သည့် အခါတိုင်း ကျောင်းသားများကို ထင်မြင်ချက်များ စကားလုံးများ အဖြေများ ကိုယ်တိုင်ပြောပါစေ။ ဆရာက ပြောပြဖြေပြလိုက်ခြင်းကို ဖြစ်နိုင်လျှင် တတ်နိုင်သမျှလျှော့၍ ကျောင်းသားထံမှသာ ဆွဲထုတ်ပါ။

ကျောင်းသားများပြောနိုင်စေရန် အစဖော်ပေးခြင်း သဲလွန်စများပေးခြင်းတို့ပြုလုပ်ပါ။




## ၅။ အမှားပြင်ဆင်ပေးခြင်း

ကျောင်းသားများ၏ အမှားများကို မည်သို့ကိုင်တွယ်ရမည်ဟူသော နည်းလမ်းများစွာရှိပါသည်။ အခြေအနေလိုက်၍ အမျိုးမျိုးပြောင်းလဲ အသုံးပြုသင့်သောနည်းလမ်းများလည်းဖြစ်ကြပါသည်။ နည်းလမ်းအချို့ကို အောက်တွင်ဖော်ပြထားပါသည်။

### ၅ (က) ချက်ချင်းပြင်ပေးလိုက်ခြင်း

တွေ့ရအများဆုံး၊ အသုံးအများဆုံးနည်းလမ်းဖြစ်ပါလိမ့်မည်။ ကျောင်းသားက အမှားတစ်ခုခုပြောလိုက်မည်။ ဆရာက ချက်ချင်းရပ်ခိုင်းမည်။ အမှန်ကို ပြောပြမည်။ ကျောင်းသားက ထိုအမှန်ကို ထပ်ပြောပြီး ရှေ့ဆက်သည်။

ဤနည်းလမ်းက မြန်သည်။ များသောအားဖြင့် အမှန်ကိုလည်း ရစေသည်။ ကျောင်းသားဆရာ အများစု အသားကျနေသော ရင်းနှီးနေသော နည်းလမ်းလည်းဖြစ်သည်။ ကျနမှန်ကန်မှုကို အသားပေးလေ့ကျင့်နေသော (accuracy focused) လေ့ကျင့်ခန်းလုပ်ငန်းစဉ်များအတွက် သုံး၍ သင့်တော်သော နည်းလမ်းတစ်ခုဖြစ်ပါသည်။


သို့သော် ကျောင်းသား၏ အမှားတစ်ခုကို ပြင်ဆင်ရန်အတွက် လေ့ကျင့်ခန်းတစ်ကို ကြားဖြတ်တားခြင်းကို သတိထားလုပ်ဆောင်သင့်ပါသည်။ အထူးသဖြင့် (fluency focused) မဆွံ့မထစ် သွက်လက်ချောမွေ့စွာ ပြောဆိုနိုင်ရေး အသားပေး လေ့ကျင့်သော လုပ်ငန်းစဉ်မျိုးတွင်ဖြစ်သည်။

ထိုလုပ်ငန်းစဉ်မျိုးတွင် ကျောင်းသားအမှားကို ချက်ချင်း ဝင်ပြင်ခြင်းသည်

- လေ့ကျင့်ခန်း အဆင့်ဆင့် စီးဆင်းသွားလာမှုကို ပျက်စေနိုင်သည်
- အဓိက ရည်ရွယ်ချက်ဖြစ်သော သူများနားလည်အောင်ပြောဆိုနိုင်ခြင်း (communication) မှ သွေဖီသွားနိုင်သည်
- ကျောင်းသားက ဆရာပြော၍သာ လိုက်ပြောလိုက်ပြီး ရှေ့ဆက်သည်။ အဘယ့်ကြောင့် မှားသွားမှန်း မသိလိုက် နားမလည်လိုက် ဆိုသည်မျိုးဖြစ်နိုင်သည်။
- ကျောင်းသားများကို ယုံကြည်မှုနည်းစေသည်။
- ဘာသာစကား သင်ယူရာတွင် ဆရာအပေါ် မှီခိုလွန်းခြင်းဖြစ်ပေါ်စေနိုင်သည်။

အထက်ပါ ပြဿနာများကို ရှောင်ရှားပြီး အမှားများကို ကိုင်တွယ်နိုင်ရန် အခြားနည်းလမ်းအချို့ကို ဖော်ပြပါဦးမည်။



## ၅ (ခ) အမှားများကို လျစ်လျူရှုပေးထားလိုက်ခြင်း

အမှားများကို သည်အတိုင်းလွှတ်ပေးလိုက်ပြီး ဘာမျှ ဝင်မလုပ်ခြင်းက အဆင်ပြေသည့်အခါလည်းရှိပါသည်။ အထူးသဖြင့် (Fluency Focused) မဆွံ့မထစ် သွက်လက်ချောမွေ့စွာ ပြောဆိုနိုင်ရေး အသားပေး လေ့ကျင့်သော လုပ်ငန်းစဉ်မျိုးတွင်ဖြစ်သည်။ ဥပမာ စကားရည်လုပြောဆိုနေခြင်း သို့မဟုတ် ဆွေးနွေးပြောဆိုနေကြခြင်းဆိုပါက ရည်ရွယ်ချက်မှာ ကျောင်းသားများ၏ အတွေးအမြင်များကို ဖော်ထုတ်ပြီး ၎င်းတို့အတွေးများကို အင်္ဂလိပ်လိုဖော်ပြခြင်းနှင့် ရင်းနှီးအောင်လုပ်ရေးဖြစ်သည်။ အဓိပ္ပါယ်ရှင်းလင်းအောင်ပြောနိုင်နေသရွေ့အင်္ဂလိပ်စာအမှားများ ပါနေခြင်းမှာ ပြဿနာမဟုတ်လှပါ။

ကျောင်းသားတစ်ဦးဦးက  အမှားပြောဆိုခြင်းကြောင့် အခြားကျောင်းသားများက အမှားများမှတ်သွားမည်ဆိုခြင်းမှာလည်း မဖြစ်နိုင်လှပါ။ ဆရာ အနေနှင့် ကျောင်းသားများ မှန်ကန်သော အင်္ဂလိပ်စာနှင့် ထိတွေ့မှုမြင့်တင်နိုင်ရန်ကိုသာ ဂရုစိုက်သွားသင့်ပါသည်။ ဥပမာ စာဖတ်စေခြင်း နားထောင်စေခြင်း ဆရာနှင့်ကျောင်းသား စကားပြောခြင်းစသည်တို့မှ တဆင့် မှန်ကန်သော အင်္ဂလိပ်စာနှင့်ကျောင်းသားများ ထိတွေ့မှု ပိုမိုရရှိစေခြင်းမျိုးဖြစ်သည်။




## ၅ (ဂ) ဆရာက နောက်မှ ပြင်ပေးခြင်း

နောက်ထပ်ရွေးစရာတစ်ခုဖြစ်ပါသည်။ လေ့ကျင့်ခန်း လုပ်ငန်းစဉ်ပြီးသည့်အထိ စောင့်ပြီးမှ အမှားပြင်ဆင်ပေးခြင်းမျိုးဖြစ်သည်။ ကျောင်းသား၏ အမှားကလည်း လွှတ်ပေးလောက်သည့်အမှားမျိုးမဟုတ်၊ လေ့ကျင့်ခန်း အဆင်ဆင့်သွားနေခြင်းကိုလည်း ဆရာက မနှောင့်ယှက်လို ဆိုသည့်အချိန်မျိုးတွင် ရွေးသင့်ပါသည်။ ပြီးမှ မေ့သွားမည်ကိုစိုးရိမ်ပါက လေ့ကျင့်ခန်းလုပ်နေကြချိန်တွင် ဆရာက ပြီးမှ ပြင်ပေးနိုင်မည့်အမှားများကို ရေးမှတ်ထားနိုင်သည်။

- အမှားကို ကြားကြားခြင်း သင်ပုန်းပေါ်တွင်ရေးမှတ်လိုက်ပါ။ ထိုအခါ လုပ်ငန်းစဉ်မှ ကျောင်းသားများကို နှောင့်ယှက်ခြင်းမရှိသလို အခြားသူများလည်း ချက်ချင်းမြင်နိုင်သွားသည်။
- လေ့ကျင့်ခန်းတစ်ခုလုံးတွင် ကျောင်းသားများ၏ လုပ်လေ့ရှိသော အမှားများကို ရေမှတ်ထားပြီး အားလုံးပြီးသည့်အခါမှ အမှားအားလုံးကို တတန်းလုံးအနေနှင့် ခြုံ၍ပြန်လည်ပြောပြနိုင်သည်။
- လုပ်ငန်းစဉ်ပြီးသည့်အခါ ပြောခဲ့သည့် အမှားများကို သင်ပုန်းပေါ်တွင်ရေးချ၍ ကျောင်းသားများကို ပြန်လည် ဝိုင်းဝန်းပြင်ဆင်ခိုင်းခြင်းလုပ်နိုင်သည်။
- အကယ်၍ ကျောင်းသားအများစုက အမှားတစ်မျိုးတည်းကိုသာ ဝိုင်းမှားနေကြပါက ၎င်းအတွက် လေ့ကျင့်ခန်းအချို့ ထပ်ပြင်ပြီး လေ့ကျင့်ခိုင်းနိုင်သည်။ နောက်သင်ခန်းစာတွင် ထည့်သွင်းနိုင်သည် သို့မဟုတ် အိမ်စာလည်းပေးလိုက်နိုင်ပါသည်

## ၅ (ဃ) ကျောင်းသားက မိမိဘာသာပြင်ခြင်း။

ကျောင်းသားက မိမိအမှားပြောမိသည်ကို မိမိဘာသာသိပြီး ချက်ချင်းပြင်ပြောခြင်းလည်း ရှိနိုင်ပါသည်။ ဆရာက ဝင်ပြင်ပေးခြင်းထက် မိမိဘာသာ ပြန်ပြင်ခွင့်ပေးခြင်းက ကျောင်းသားများမိမိကိုယ်ကိုယ် ယုံကြည်မှုရှိစေသည်။ ပြဿနာများအတွက် မိမိကိုယ်တိုင် အဖြေရှာလိုစိတ်ကိုလည်း အားပေးနိုင်ပါသည်။

ထို့ကြောင့် ဖြစ်နိုင်ပါက အမှားတစ်ခုကြားလျှင် ခေတ္တဆိုင်းလိုက်ပါ။ ကျောင်းသားက ဆရာမကူဘဲ  မိမိအမှားကို သိပြီးပြန်ပြင်နိုင်မလား ကြည့်ကြည့်ပါ။

## ၅ (င) ဆရာက အချက်ပြပေးခြင်း

ကျောင်းသားက ဘာမှားသွားကြောင်းချက်ချင်းမသိပါက ဆရာက ထုတ်ဖော်ပြောပြခြင်းမရှိသေးဘဲ တစ်ခုခုမှားနေကြောင်း အချက်ပြဟန်များလုပ်ပြနိုင်သည်။

အမှားအမျိုးမျိုးအတွက် အချက်ပြဟန် အမျိုးမျိုး တီထွင်ထားနိုင်သည်။ ဥပမာ –

- စကားလုံးက ရှည်လွန်းနေကြောင်းပြောလိုသည့်အခါ ကပ်ထားသည့် လက်ဖဝါးနှစ်ဖက် ပြန့်ကားဆွဲခွာပြနိုင်သည်။ (လက်ဖဝါးနှစ်ဖက်ကြားတွင်စကားလုံးရှိဟန်နှင့် ၎င်းစကားလုံးက ရှည်ထွက်လာသယောင်လုပ်ပြခြင်း)
- စကားလုံးတစ်လုံးပျောက်နေကြောင်းပြောလိုက လက်ညှိုးတစ်ချောင်းထောင်ပြထားခြင်း
- အသံထွက်မှားနေကြောင်းပြောလိုက နားရွက်ကို ထိပြခြင်း စသဖြင့်ဖြစ်ပါသည်။







## ၅ (စ) အချင်းချင်းပြင်ဆင်ပေးစေခြင်း

အကယ်၍ဆရာက အစဖော်ပေး အရိပ်အမြွက်ပြပေး သော်လည်း ကျောင်းသားက မိမိဘာသာ မပြင်နိုင်ဖြစ်နေပါက အခြားကျောင်းသားများကို ကူညီပေးခိုင်းနိုင်သေးသည်။ အချို့ကျောင်းသားများ ဆရာများက ဤနည်းလမ်းကို သိပ်မသုံးချင်ကြပေ။ သို့သော် ဤနည်းလမ်းတွင် အားသာချက်များရှိပါသည်။

- ကျောင်းသားများက မိမိတို့ သင်ယူမှုအတွက် မိမိဘာသာ တာဝန်ယူလိုစိတ်ရှိစေနိုင်သည်။
- ဆရာအနေနှင့် ထိုကျောင်းသား၏ အမှားမှာ အခြားသူများပါ မသိကြဘဲ မှားနေသော အမှားဖြစ်နေမနေ သိနိုင်သည်။
- အခြားကျောင်းသားများက လေ့ကျင့်ခန်းပေါ် အာရုံရှိနေမနေ ဆရာက သိလာနိုင်သည်။
- အခြားမည်သူမှမပြင်ပေးပါကလည်း ဆရာကိုယ်တိုင် လွယ်ကူစွာပြင်လိုက်ရုံသာရှိသည်။